

ဝနဝါသီ အရှင်ဝိသေဿာဘိဝံသ

ပဉ္စနိကာယဏ္ဏဝ ပိဋကတ္တယပါရဂူ (ကျောက်တစ်လုံးတောရ)

# ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ

## ပဥ္စနိကာယဏ္ဍာဝ ပိဋကတ္တယပါရဂူ

## (ကျောက်တစ်လုံးတောရ)



# ဝနဝါသီ အရှင်ပါသေဏ္ဍာဘိဝံသ

အစိုးရ ဓမ္မာစရိယ

သာသနဇောတိပါလ ဓမ္မာစရိယ

ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယ

ပရိယတ္တိ သဒ္ဓမ္မပါလ ဂန္ထဝါစကာစရိယ

ပရိယတ္တိ သာသနဟိတ ဂဏဝါစက အာစရိယ

ခုဒ္ဒကနိကာယ ဝိနယ ဝိသာရဒ

ပိဋကတ္တယပါရဂူ

ပဉ္စနိကာယဏ္ဏဝ ပိဋကတ္တယပါရဂူ

၏

# "ချွေးမ အလိမ္မာ ဝိသာခါ"

တရားတော်

# ဝေနဝိသီ အရှင်ဝိသေဋ္ဌာဘိဝံသ
# ၏
# ဖြစ်စဉ်ပြီး ကျမ်းစာအုပ်များ

၁။ ဓမ္မချမ်းသာ တွေ့အောင်ရှာ

၂။ နိဗ္ဗာန်နှင့် နီးလိုလျှင်

၃။ ဓမ္မရေးရာ ရှု့စရာ

၄။ တွေ့တုန်းဆုံတုန်း မမုန်းစေချင်

၅။ နိဗ္ဗာန်ချမ်းသာ မြန်မြန်ရှာ

၆။ ဓမ္မရေးရာ ပြဿနာများ ပထမတွဲ

၇။ အပူထဲမှာ အအေးရှာ

၈။ အပူကင်းစင် မြတ်ကျင့်စဉ်

၉။ လိပ်ကိုပုံပြု ခန္ဓာရှု့

၁၀။ ဓမ္မသြဇာ သုံးဆောင်ပါ

၁၁။ နောက်ဆုံးနေ့သည်မှ

၁၂။ ဓမ္မရေးရာ ပြဿနာများ ဒုတိယတွဲ

၁၃။ ဓမ္မရေးရာ ပြဿနာများ တတိယတွဲ

၁၄။ သစ်ပင်ကိုရှု ရဟန်းပြု

၁၅။ ကိုယ်ပိုင်ဥစ္စာ ကိုယ့်နောက်ပါ

၁၆။ ဘုန်းကျက်သရေထိုက်ရာနေ

၁၇။ ဓမ္မချမ်းသာ တွေ့အောင်ရှာ (ဒုကြိမ်)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၈၄၉၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၇၅၉၀၅၁၂ |
| တန်ဖိုး | - | ဓမ္မဒါန |
| အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း(၁၀၉၁၀) |
| | - | ၁၁/၃၃လမ်း၊ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးကျော်စန်းလင်း<br>**EVERGREEN Offest**<br>(၈၉၆) ၁၉၉၊ လမ်း ၅၀၊ |
| အဖုံးဒီဇိုင်း | - | **NEWDAY**<br>**Graphic Design Scanning**<br>**& Color Separation** |
| အဖုံးအတွင်းဖလင် | - | **NEWDAY**<br>ကိုမြတ်စိုး (ADORN) |
| စာအုပ်ချုပ် | - | ကိုတင်အေး<br>'လှိုင်' စာအုပ်ချုပ်လုပ်ငန်း |
| ဖြန့်ချိရေး | - | ဦးမောင်မောင်မြင့်<br>ဒေါ်စန်းညွန့်ဝေ<br>ဓမ္မာရုံကျောင်းရှေ့၊<br>ဓမ္မာရုံလမ်း မကြီး၊ ၆ မိုင်ခွဲ၊<br>၁၀ ရပ်ကွက်၊ လှိုင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖုန်း | - | ၅၁၂၀၈၂ |

ဓမ္မဒါန ကုသိုလ်ရှင်

ပါမောက္ခ ဒေါ်ခင်လေးမြင့်

အင်္ဂလိပ်စာဌာန (ရန်ကုန်တက္ကသိုလ်)

နှင့်

ဒေါက်တာစောမျိုးမြင့်ဦး (သထုံမြို့)

ဤစေတနာရှင်တို့၏လှူဒါန်းမှုဖြင့် ဤကျမ်းစာအုပ်ကို

ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (က) |
| ၂။ | ပဏာမနှင့် ပဋိညာဉ် | ၁ |
| ၃။ | ပညာရှိသော တိုင်ပင်ရာ | ၇ |
| ၄။ | ဘုန်းကံရှင်သော လိုလားရာ | ၁၃ |
| ၅။ | အမှန်သိရန် ကလိပြန် | ၂၁ |
| ၆။ | အိမ်ထောင်ပြုရာ ဆင်ခြင်ပါ | ၂၉ |
| ၇။ | ထိမ်းမြားမင်္ဂလာ လေးလကြာ | ၃၇ |
| ၈။ | ကံနှင့်တူစွာ အကျိုးပေးရာ | ၄၅ |
| ၉။ | စည်းစိမ်ခွေရံ စုံပြည့်လျှံ | ၅၅ |
| ၁၀။ | အသိဉာဏ်မဲ့ အယူလွဲ | ၆၅ |

၁၁။ ကုသိုလ်မဲ့ငြား အပေါင်းစား ၇၅
၁၂။ ဖခင်အဆုံးအမ ရှင်းကာပြ ၈၅
၁၃။ အခွင့်ကောင်းရှာ ဝိသာခါ ၉၅
၁၄။ အံ့ချီးမကုန် ဗုဒ္ဓဂုဏ် ၁၀၃
၁၅။ တောင်းဆုရှုစ်ဖြာ ဝိသာခါ ၁၁၁
၁၆။ ရဟန်းနှင့် သားငါး ၁၂၁
၁၇။ ဒါနပြုရာ ဝမ်းမြောက်ပါ ၁၃၁
၁၈။ တန်ဘိုးရှိတဲ့မျက်ရည် ၁၃၉
၁၉။ ဆုတောင်းပြည့်လာ ဝိသာခါ ၁၄၇
၂၀။ ကုသိုလ်အားလုံး သိကာကုံး ၁၅၅
၂၁။ ပတ္ထနာနှင့် နိဂုံး ၁၆၅

# နိဒါန်း

ဤအရှင်သည် ကောဇာသက္ကရာဇ် (၁၃၅၈) ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၆) ရက်၊ ခရစ်နှစ် ၁၉၉၇ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့မှ အစပြု၍ (၇) ရက်တိုင်တိုင် မွန်ပြည်နယ်၊ ပေါင်မြို့နယ် ကျုံကရွာ သပိတ်အိုင်တောရကျောင်းတိုက်အတွင်းဝယ် တရားစခန်းဖွင့်လှစ်ပြီး ဓမ္မာနုပဿနာ သတိပဋ္ဌာန်လုပ်ငန်းစဉ် တရားများကို ဟောပြောပြသပေးခဲ့ပါသည်။ ရပ်ဝေးရပ်နီးအသီးသီးမှ တရားလိုလားသူ ရဟန်းရှင်လူ ပရိသတ်စုစုပေါင်း လေးရာနီးပါးခန့် တရားလာရောက်အားထုတ်ကြပေသည်။ တစ်နေ့လျှင် နေ့လည် (၁း၃၀) နာရီမှာ တစ်ကြိမ်၊ ညဉ့် (၈) နာရီမှာ တစ်ကြိမ် အားဖြင့် တရားနှစ်ကြိမ် ဟောကြားပေးခဲ့ပါသည်။

နေ့လည်ပိုင်းတရားပွဲတွင် တရားဝင်ရောက် တရားအားထုတ်ကြသော ယောဂီများသာ နာကြားကြပေသည်။ ညဉ့်ပိုင်းတွင် ရပ်ဝေးရပ်နီးအသီးသီးမှ လာရောက်ကြည်ညိုကြသော ဧည့်ပရိသတ်များလည်း နာကြားကြပေသည်။ ထို့ကြောင့် နေ့ခင်း

ပိုင်းတရားပွဲမှာ ခန္ဓာဉာဏ်ရောက် လုပ်ငန်းစဉ်တရားကို ဦးစား ပေးပြီး ဟောပြောခဲ့ပါသည်။ ညဥ့်အချိန်တရားပွဲမှာ လူကြီး လူငယ်မည်သူမဆို နားလည်နိုင်လောက်သော အမျှားနှင့် ဆိုင် သည့်တရားမျိုးကို ဦးစားပေးဟောကြားခဲ့ပါသည်။ နှစ်စဉ် နှစ်တိုင်း သင်္ကြန်တွင်းကာလ ကျင်းပနေကျဖြစ်သော သပိတ် အိုင်တောရ တရားစခန်းကြီးသည် ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော် (အရှင်ပညာဇောတ) ဘဝနတ်ကျောင်း ပြောင်းရွှေ့ စံမြန်းခဲ့ပြီးသောအချိန်မှ စ၍ (၆) နှစ်တိုင်တိုင် ရပ်နားခဲ့ရပေ သည်။ ဓမ္မဒူတ သာသနာပြုအဖွဲ့တွင် ပါဝင်တော်မူကြကုန်သော ဩဝါဒ စရိယဆရာတော်များနှင့် နာယကဆရာတော်များကလည်း သပိတ်အိုင်တရားစခန်းအတွက် ဆက်လက်ဆောင်ရွက်ကြခြင်း မရှိတော့ချေ။ ထိုတရားစခန်းကို မဖြစ်ရအောင် နည်းမျိုးစုံဖြင့် ပိတ်ပင်ဟန့်တား နှောင့်ယှက်သူများကလည်း ဒုနှင့် ဒေးပင်။ ဤကဲ့သို့အခက်အခဲများ ဝိုင်းရံနေသည့်အကြားမှာ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်များက သပိတ်အိုင် တရားစခန်း ပြန်လည်ဖွင့်လှစ်ပေးဖို့ အကြိမ်ကြိမ် အဖန်ဖန် လျှောက်ထားလာခဲ့ပေသည်။ သာသနာပြုအလုပ် ဆိုသည်မှာ အပြောနှင့် မပြီး လက်တွေ့ကျကျဆောင်ရွက်မှသာ ဖြစ်ပေသည်။ ထိုကြောင့် ဤအရှင်သည် အခက်အခဲ အနှောင့်အယှက် အပိတ် အပင် အဟန့်အတားများ အကြားမှပင် မဖြစ်မနေ ပြန်လည်

ဆောင်ရွက်ခဲ့သဖြင့် ကောဇာ ၁၃၆၅ ခုနှစ်၊ ခရစ် ၂၀၀၄ ခုနှစ်တွင် သပိတ်အိုင်တောရ တရားစခန်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပေသည်။

ယခင်က ဤအရှင်၏အထံမှာ တရားနာဖူးခဲ့သော တရားအားထုတ်ခဲ့ဖူးသော ရဟန်းရှင်လူ ယောဂီဟောင်းများက လွန်ခဲ့သော(၇)နှစ်ခန့်က ဟောကြားခဲ့ဖူးသည့် "ချွေးမအလိမ္မာဝိသာခါ" တရားတော်ကို စာအုပ်အဖြစ် ရေးသားထုတ်ဝေပေးရန် တောင်းပန်လျှောက်ထားလာကြပေသည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဒေါ်ခင်လေးမြင့်နှင့် မောင်ဖြစ်သူ ဒေါက်တာစောမျိုးမြင့်ဦးတို့ကလည်း ကုန်ကျစရိတ် လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားလာခဲ့ကြသဖြင့် "ချွေးမအလိမ္မာဝိသာခါ" အမည်ရှိ ကျမ်းစာအုပ်ကို တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်တို့၏ လက်ဝယ်သို့ အရောက်ပို့ပေးလိုက်ရပေသည်။

ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ
ပဓာနနာယက
ဘုန်းတော်ကြီးဦးသီလ၏ ကျောက်တစ်လုံးတောရ
မုဒုံမြို့နယ်၊ မွန်ပြည်နယ်။



# ပမာဏနှင့် ပဋိညာဉ်

အတိတ်သာသနာတော်နှစ် ၂၅၄၀ ခုနှစ်၊ လူတို့ ဝေါဟာ ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ ဥတုဂိမှာန် နွေလရာသီ နှောင်းတန်ခူးလဆန်း(၆)ရက်၊ မဟာသင်္ကြန်အကြိုနေ့၊ ခရစ်နှစ် ၁၉၉၇ ခုနှစ်၊ ဧပြီလ (၁၃) ရက် တနင်္ဂနွေနေ့။

ညချမ်းကာလ။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျိုက သပိတ်အိုင့်တောရ ကျောင်းတိုက်အတွင်း၌ ကျင်းပဆင်ယင်အပ်သော "ဓမ္မာနု ပဿနာ သတိပဋ္ဌာန်" အလုပ်ပေးတရာစခန်း၌ ဟောကြား အပ်သော-

**"ချွေးမအလိမ္မာ ဝိသာခါ" တရားတော်**

ဒီတရားတော်ကို မဟောမိ မနာမိ ရှေးဦးစွာ တရားပိုင်ရှင် ဖြစ်ကြတော်မူသော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားကို အာရုံပြုကာ ရှိခိုးကြည်ညိုကြပါစို့။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အားလုံး လက်အုပ်ချီထားကြ။

**ယောဇိနော အနေကဇာတိယံ၊ သပုတ္တဒါရ မင်္ဂဇိဝိတမ္ပိ။**

**ဗောဓိပေမတော အလဂ္ဂမာနသော၊ အဒါသိယေဝ အတ္ထိကဿ။**

**ဒါနပါရမိံ တတောပရံ၊ အပူရိ သီလပါရမျာ ဒိကမ္ပိ။**

**တာသမိဒ္ဓိယောပယာတ မဂ္ဂတံ၊ တမေက ဒီပငံ နမာမိ။**

**ယောဇိနော**= ငါးပါးမာန်ညွန့် ရန်အဝှန့်ကို မရွံ့မထိတ်၊ ခြိုးသေ့စိတ်ဖြင့် နှင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြင်အောင်တော်မူ မြတ်စွာဘုရားသည်၊

**အနေကဇာတိယံ**= တစ် နှစ် သုံး လေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလအတွင်း၌၊

**ဗောဓိပေမတော**=ဗောဓိဉာဏ်ကြီး ရွယ်တိုင်းပြီးသည့် ထွတ်ထိးပဓာန် သဗ္ဗညုတဉာဏ်တော်ကို ရရန်စိတ်ထား လိုလား တောင့်တတော်မူခြင်းကြောင့်၊

**အတ္ထိကဿ** = အလိုရှိလတ် ချဉ်းလာကပ်က ယုတ်မြတ် မဟူ အလှူခံပုဂ္ဂိုလ် များထိုထိုအား၊

**သပုတ္တဒါရံ**= ကိုယ်တော့်ရင်သွေး အသက်ပေး၍ ချစ်ရေးဖြာစည် သည်းနှလုံးနှင့် ပမာမှီရသည့် ဇာလီ ကဏှာစိန်တို့ကဲ့သို့သော သမီးသား မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီးမိဖုရားနှင့်တကွ ဖြစ်သော၊

**အင်္ဂီဝိတမ္ဗီ**= မဟာသွေး မဟာရည် ရာဇရုပ် ဂုဏ်အင်ညီ၍ ဖြိုးစည်သပွါယ် ကိုယ်အင်္ဂါကြီးငယ်နှင့်တကွ လူ့ဝယ် အမြတ် ခေါ်မှတ်တွင်ညောင်း အသက်တစ်ချောင်းကိုပင်သော်လည်း၊

**အလဂ္ဂမာနသော**= ငါ့သား၊ ငါ့သမီး ငါ့ဇနီးက ငါ့ထီး ငါ့နန်း ငါ့ကြွင်းတည့် ငါ့သန်းရံရွှေ ငါ့ရွှေငွေနှင့် ငါ့မြေ၊ ငါ့ယာ ငါ့ဥစ္စာဟု တဏှာမြှေးယှက် မပေးရက်အောင် ရမ္မက် ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူသည်ဖြစ်၍၊

**အဒါသိယေဝ**= သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ဖြူဖွေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့သည်သာလျှင်တည်း။

**ဒါနပါရမိံ**= အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း၊ (ဝါ) ဒါနပါရမီ= ဒါန ဥပပါရမီ၊ ဒါန ပရမတ္ထပါရမီတော်တည်းဟူသော အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း၊

**တတောပရံ**= ထိုဒါနပါရမီမှ တစ်မျိုးတစ်ခြား တစ်ပါးသာလျှင်ဖြစ်သော၊

**သီလပါရမျာ ဒိကမ္ဗိ**= သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါမရီ၊ မေတ္တာပါရမီ၊ ဥပေက္ခာ ပါရမီတော်မြတ်အပေါင်းကို လည်းကောင်း၊

**အပ္ပရိ–** သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးဖြည့်ကျင့်တော်မူခဲ့လေပြီ။

**တာသံ–** ထိုပါရမီဆယ်ပါး၊ အကျယ်ပွားက အပြားသုံးဆယ်နှုန်း မလွယ်တို့၏၊

**ဣန္ဒိယာ–** တစ်စွန်းတစ်စ မကျန်ရအောင် လောက်ငကုံလုံ ပြည့်စုံတော်မူခြင်းကြောင့်၊

**အဂ္ဂတံ–** ဗြဟ္မာနတ်လူ သုံးဘုံလူတွင် မည်သူမျှ မယှဉ်အပ် မယှဉ်နိုင်သည့် အမြတ်ခေါင်မှူး၊ ပုဂ္ဂိုလ်ထူး၏အဖြစ်သို့၊

**ဥပယာတံ–** ဆုကြီးပွင့်စည် ခါတန်ပြီဟု ပါရမီတော်နှိုးပင့်ဆော်၍ ရောက်တော်မူပြီးထသော (ဝါ) ရောက်တော်မူခြင်းကြောင့်၊

**ကောဒိပက်–** အစမထင် ကမ်းမမြင်ဘဲ သံသရာနယ်တစ်ကြော တစ်မျောတည်းမျောခဲ့ရသည့် လူရောနတ်ပါ ဗြဟ္မာမကြွင်း သတ္တဝါခပင်းတို့၏ ဝပ်စင်းမှီခိုရာ တစ်ခုတည်းသောကိုင်းကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူပါပေထသော၊

**တံဇိနံ–** ငါးပါးမာန်ညွန့် ရန်အဝှန့်ကို မရွံ့မထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထိုအောင်တော်မူ မြတ်စွာဘုရားကို၊

**အဟံ–** ရပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် တရားဟောတဲ့ တပည့်တော်သည်၊

**နမာမိ–** တရားဟော တရားနာ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား၊

**မယံ–** တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်၊

**နမာမ–** အဥ္ဇလိဂါရဝ ပဏာမဖြင့် နိစ္စရိကျိုး လက်စုံမိုးကာ ရှိခိုးဦးညွတ်ပါကုန်၏ အရှင်ဘုရား။

**သာဓု သာဓု သာဓု**

# ပညာရှိသာ တိုင်ပင်ရာ

အားလုံးသက်သောင့်သက်သာအနေအထားနဲ့ ထိုင်ပြီး နာကြားကြပါ။

ဘုန်းကြီးတို့ ပရိသတ်အနေနဲ့ ဝိသာခါဆိုတဲ့အမည်ကို ကြားလိုက်ရတာနဲ့ မြတ်စွာဘုရားရဲ့ကျောင်းအမဆိုတာ အားလုံးလိုလို သိထားကြပါပြီ။ ဝိသာခါတို့ အနာထပိဏ်တို့ဆိုတာ လူသေသွားသော်လည်း နာမည်မသေသေးပါဘူး။ သူတို့ရဲ့ ကောင်းမြတ်တဲ့ဂုဏ်သတင်းတွေဟာ ယနေ့တိုင် ကျော်ကြားပြီး တော့နေပါတယ်။ အချို့ အချို့လူတွေဟာ မကောင်းတဲ့နေရာမှာ ကျော်ကြားနေကြတယ်။ ဘိန်းစား ငကျော်၊ သူခိုး ငတက်ပြား၊ ချဲ ကိုနိုင်၊ အရက်သမား ငတင် ဆိုတာတွေပေါ့။ နာမည်ကျော်တာကလည်း သူ့အကြောင်းရှိလို့ ဖြစ်လာရတာပါ။ ဝိသာခါ နာမည်ကျော်တာကတော့ သူ့ရဲ့ကောင်းမြတ်တဲ့အကြောင်းတွေ ရှိနေလို့ပါ။ ဘုန်းကြီးတို့ယောဂီများ အတုယူစေချင်လွန်းလို့ ဒီတရားကို ဟောပေးရတာပါ။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ကာလတုန်းက ဇိမ္ဗိသာရမင်းကြီးဟာ အင်္ဂတိုင်းနဲ့ မဂဓတိုင်းဆိုတဲ့ တိုင်းကြီးနှစ်တိုင်းကို စိုးပိုင်အုပ်ချုပ်နေပါတယ်။ အင်္ဂတိုင်းထဲမှာ ဘဒ္ဒိယမြို့ဆိုတာ ထင်ရှားလှပါတယ်။ မဂဓတိုင်းမှာတော့ ရာဇဂြိုဟ်မြို့က ထင်ရှားပါတယ်။ မြို့တွေ၊ ရပ်ရွာတွေ ထင်ရှားတယ်ဆိုတာ အဲဒီမြို့ရွာရဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမှု၊ လုပ်ငန်းတိုးတက်မှု၊ မြို့နေလူထုရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံကောင်းမှု၊ စီးပွားရေးအခြေအနေကောင်းမှုတွေအပေါ် မူတည်ပါတယ်။ အခု ဘဒ္ဒိယမြို့မှာဆိုရင် စီးပွားရေးအခြေအနေကလည်း တိုးတက်ကောင်းမွန်တယ်။ နောက်ပြီးတော့ ပစ္စည်းဥစ္စာတွေကလည်း အလွန်ပေါများပြီး ထင်ပေါ်ကျော်ကြားတဲ့မေဏ္ဍကသူဌေးကြီးတို့ကလည်း ရှိနေတယ်ဆိုတော့ ဒီမြို့ဟာ မသိသူရှားသလောက် မကြားဖူးသူ မရှိပေါ့။

မေဏ္ဍကသူဌေးကြီးရဲ့သားက ဓနဥ္စယသူဌေးပါ။ ဓနဥ္စယသူဌေးရဲ့ ဇနီးသည်ဟာ သုမနဒေဝီ ဖြစ်တယ်။ အခု ဘုန်းကြီးတို့ ပရိသတ် သိနေပြီးဖြစ်တဲ့ ကျောင်းအမ ဝိသာခါဆိုတာ ဓနဥ္စယသူဌေးနဲ့ သုမနဒေဝီတို့ကနေ ပေါက်ဖွားလာတဲ့သူပါ။ အတိတ်ဘဝများစွာက ပါရမီကုသိုလ်ထူးရှိနေတာကြောင့် ရုပ်ရည်ရူပကာအဆင်း ချောမောလှပတယ်။ ဉာဏ်ပညာလည်း ကြီးပါတယ်။ ဝိသာခါ (၇) နှစ်သမီးအရွယ် ရောက်တဲ့အချိန်မှာ မြတ်စွာဘုရားဟာ ဘဒ္ဒိယမြို့ကို သံဃာတော်များစွာခြံရံပြီး ကြွရောက်တော်မူ

လာခဲ့ပါတယ်။ အကြောင်းကတော့ သေလပုဏ္ဏား အစရှိတဲ့ ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတို့ရဲ့ မဂ်ဉာဏ်ရဖို့ အကြောင်း ပြည့်စုံနေတာကို မြင်တော်မူရလို့ပါပဲ။

ဗိမ္ဗိသာရမင်းကြီးရဲ့ အာဏာပျံ့နှံ့ရာ နယ်မြေမှာဆိုရင် မေဏ္ဍကသူဌေး တစ်ယောက်တည်းသာ မဟုတ်သေးပါဘူး။ ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ ပုဏ္ဏကသူဌေး၊ ကာကာဝလိယ သူဌေးတို့လည်း ရှိကြပါတယ်။ သူဌေးပေါများတဲ့ နိုင်ငံပေါ့။ အဲဒီသူဌေးတွေရဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေဆိုတာလည်း အတိုင်းအတာပမာဏ မပြနိုင်လောက်အောင် များပြားလှပါ တယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဘဒ္ဒိယမြို့ကို ကြွ ရောက်တော်မူတဲ့အခါ မေဏ္ဍကသူဌေးကြီးဟာ မိမိရဲ့မြေးဖြစ်တဲ့ ခုနစ်နှစ်သမီး အရွယ် ဝိသာခါကိုခေါ်ပြီး "ငါ့မြေးရယ် သင့် မှာလည်း ကောင်းမှုမင်္ဂလာ ဖြစ်ရလေအောင်၊ ငါတို့မှာလည်း ကောင်းမှုမင်္ဂလာဖြစ်ရလေအောင် သင့်ရဲ့အခြွေအရံ သတို့သမီး ငယ်ငါးရာနဲ့အတူ မြင်းရထားကိုယ်စီ စီးပြီးတော့ မြတ်စွာဘုရား ကို ခရီးဦးကြိုပြုပေးပါလားကွယ်" လို့ ဆိုတော့ ဝိသာခါကလည်း သူ့အဘိုးရဲ့တောင်းဆိုချက်ကို လိုက်လျောပြီး ဆောင်ရွက်ပေး ပါတယ်။

မေဏ္ဍကသူဌေးကြီးဟာ အသက်အရွယ် ကြီးပင်ကြီး သော်လည်း ငယ်ရွယ်လှတဲ့မြေးဖြစ်သူကို တိုင်ပင်ပြောဆိုနေ တာကို သတိပြုကြပါ။ လူကြီးဖြစ်တဲ့ ဓနဉ္စယသူဌေးတို့ သုမန

ဒေဝီတို့နဲ့ မတိုင်ပင်ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ဝိသာခါမှာ အသိအလိမ္မာဉာဏ်ပညာ ရှိနေလို့ပါ။ ကိစ္စကြီးငယ်ရှိလို့ တိုင်ပင်တယ်ဆိုရင် အသိဉာဏ်ရှိတဲ့သူ စဉ်းစားဆင်ခြင် တွေးခေါ်တတ်တဲ့သူနဲ့ တိုင်ပင်မှသာ ကိစ္စပြီးမြောက်မှာပါ။ အသက်အရွယ်ကြီးတာ ငယ်တာက ပမာနမဟုတ်ပါဘူး။ အသက်အရွယ်ကြီးပြီးတော့ ပညာဉာဏ်၊ အဆင်အခြင် ကင်းမဲ့နေသူတွေလည်း လောကမှာ အများကြီးရှိပါတယ်။ 'ယဉ်ကျေးလိမ္မာ အရာသိမြောက် ချင့်ထောက်ပိုင်းခြား အကင်းပါးလော့' လို့ ဆိုရိုး ရှိပါတယ်။ အချို့ အချို့သူတွေဟာ ကိစ္စကြီးငယ်ပေါ်ပေါက်လာလို့ ငယ်ရွယ်သူတွေက ဝင်ရောက်ပြောပြလိုက်ရင် "မင်းတို့နေရာမဟုတ်ဘူး၊ မင်းတို့လူငယ်တွေဟာ ဘာမှ နားမလည်ဘူး" ဆိုပြီးတော့ ပြောတတ်ကြသေးတယ်။ အသိဉာဏ် အကြီးအသေးကို အရည်အချင်းနဲ့ ဆုံးဖြတ်ရမှာပါ။ အရွယ်နဲ့ ဆုံးဖြတ်လို့ရမှာမဟုတ်ပါဘူး။ အသက်အရွယ်ကြီးပင်ကြီးသော်လည်း လုပ်ရပ်တွေ မှားယွင်းနေတာကို ဘုန်းကြီးတို့ ပရိသတ်လည်း တွေ့ဖူးမြင်ဖူးကြမှာပါ။

ဝိသာခါဟာ မြတ်စွာဘုရားအထံ သွားရောက်ကြိုဆိုတဲ့ အခါ အိမ်ကနေထွက်ခါစမှာတော့ ယာဉ်ရထားစီးလာခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့အထံတော် ရောက်ခါနီးမှာတော့ ယာဉ်ပေါ်က ဆင်းပြီး မြေပြင်မှာ ခြေလျင်နဲ့ပဲ ချဉ်းကပ်ခဲ့ပါတယ်။ မြတ်စွာဘုရားကလည်း ဝိသာခါနဲ့ သူ့ပရိသတ်ကို စရိုက်နဲ့ ကိုက်ညီတဲ့

တရားဟောကြားပေးလိုက်ပါတယ်။ အားလုံးပဲ သောတာပန် တည်ကုန်ကြပါတယ်။ မေဏ္ဍကသူဌေးကြီးလည်း သောတာပန် တည်သွားတာကြောင့် သဒ္ဓါတရားတွေ သိပ်ထက်သန်ပြီးတော့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို (၁၅) ရက်တိုင်တိုင် နေအိမ် ပင့်ပြီး ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။ သူ့ရဲ့နှလုံးသားမှာ လှူဒါန်းမှုပြုခြင်းဟာ သူတော်ကောင်းတို့ရဲ့ အလုပ်ဆိုတာကို ယုံကြည်မှုရှိနေတာကြောင့် ဘယ်သူကမှ မတိုက်တွန်းရဘဲ သူ့ဘာသာသူ လှူဒါန်းတာပါ။ သူတော်ကောင်းတရား နှလုံး သားမှာ မကိန်းလို့ရှိရင်တော့ ပတ်ဝန်းကျင်က "လှူစမ်းပါ" လို့ တိုက်တွန်းတာတောင် လှူဒါန်းမှာ မဟုတ်ပါဘူး။ မြတ်စွာ ဘုရားကိုယ်တော်မြတ်ဟာ ဘဒ္ဒိယမြို့မှာ မွေ့လျော်တော်မူသရွေ့ ကာလပတ်လုံး သီတင်းသုံးတော်မူခဲ့ပါတယ်။

❁



# ဘုန်းကံရှင်သာ လိုလားရာ

မြတ်စွာဘုရားတို့မည်သည် စိတ်ညစ်တယ်၊ စိတ်ဆင်းရဲတယ်၊ ပျင်းရိတယ်၊ ငြီးငွေ့တယ်ဆိုတာ မရှိပါဘူး။ ဒါပေမယ့်လို့ အဋ္ဌကထာမှာ'ယထာဘိရန္တံ ဝိဟရိတွာ' မွေ့လျော်တော်မူသရွေ့ သီတင်းသုံးတော်မူတယ်လို့ မိန့်ထားပါတယ်။ အဲဒီတော့ မြတ်စွာဘုရားမှာ မမွေ့မလျော်တဲ့အချိန် ရှိနေသလားလို့ မေးစရာဖြစ်လာပါတယ်။ မြတ်စွာဘုရားဟာ ပါမီဖြည့်တော်မူခဲ့စဉ်က ကိုယ်တော်တိုင် သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူပြီး သတ္တဝါတွေကိုလည်း ငါ့လိုပဲ သစ္စာလေးပါး မြတ်တရားသိရလေအောင် တရားဟောပြော ပြသတော်မူမယ်။ ကိုယ်တော်တိုင် သံသရာဝဋ်က ကျွတ်လွတ်အောင်ကျင့်သုံးပြီး သတ္တဝါဝေနေယျ များဗိုလ်ခြေကိုလည်း သံသရာဝဋ်ဆင်းရဲကနေ ကျွတ်လွတ်ရလေအောင် ဟောပြောဆုံးမပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိခဲ့ပါတယ်။ ဒါကြောင့် ဘုရားဖြစ်တော်မူပြီးတဲ့အခါမှာ

မနေမနား သတ္တဝါတွေရဲ့အကျိုး မျှော်ကိုးပြီး တရားဟောပြော ပြသ ဆိုဆုံးမတော်မူခဲ့ပါတယ်။

အဲဒီလို ဟောပြောဆိုဆုံးမတော်မူတဲ့အခါမှာ အချို့က သရဏဂုံနဲ့ ငါးပါးသီလ ကိုယ်မှာတည်သွားကြပါတယ်။ အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်၊ အချို့က ရဟန္တာ အသီးသီးဖြစ်ကုန်ကြပါတယ်။ အဲဒီလိုဆုံးမသင့် ဆုံးမထိုက်တဲ့သတ္တဝါတွေကို ဆုံးမပြီးတဲ့ကာလတိုင်အောင် သီတင်းသုံးတာကို မွေ့လျော်တော်မူသရွေ့ နေထိုင်တယ်လို့ ဆိုပါတယ်။ ဆုံးမထိုက်တဲ့ ဝေနေယျသတ္တဝါ မရှိတော့တဲ့အခါမှာ ရှင်တော်ဗုဒ္ဓဟာ ဘဒ္ဒိယမြို့ကနေ ဆက်လက်ပြီး အခြားဒေသကို ကြွချီတော်မူခဲ့ပါတယ်။ ဒါကြောင့် အဋ္ဌကထာမှာ **'သတ္ထာ ဘဒ္ဒိယနဂရေ ယထာဘိရန္တံ ဝိဟရိတွာ ပက္ကာမိ'** လို့ မိန့်ထားပါတယ်။ **သတ္ထာ-** ဘုရားမြတ်စွာ တို့ဆရာသည် **ဘဒ္ဒိယနဂရေ-** ဘဒ္ဒိယမြို့၌၊ **ယထာဘိရန္တံ -** မွေ့လျော်တော်မူသရွေ့ ကာလပတ်လုံး၊ **ဝိဟရိတွာ-** သီတင်းသုံးတော်မူပြီး၍ **ပက္ကာမိ-** အလိုတော်ရှိရာအရပ်သို့ ဖဲခွာကြွတော်မူခဲ့ပါသတည်း။

## သာဓု သာဓု သာဓု

အဲဒီအချိန်ကာလ ကောသလတိုင်း သာဝတ္ထိမြို့မှာ ပသေနဒီကောသလမင်းကြီး ထီးနန်းစိုးစံ အုပ်ချုပ်နေပါတယ်။ ကောသလမင်းကြီးဟာ ကာသိတိုင်းနဲ့ ကောသလတိုင်းတို့ကို

စိုးပိုင်အုပ်ချုပ်နေပါတယ်။ ထီးနန်းရုံးစိုက်တာကတော့ ကောသလတိုင်း သာဝတ္ထိမြို့မှာပါပဲ။ ပသေနဒီကောသလမင်းကြီးနဲ့ ဗိမ္ဗိသာရမင်းတို့ဟာ အချင်းချင်း သမီးယောက်ဖတော်စပ်ကြပါတယ်။ တစ်နည်းအားဖြင့် မောင်လှယ်နှမလှယ်များ ဖြစ်ကြပါတယ်။ ကောသလမင်းကြီးရဲ့နှမကို ဗိမ္ဗိသာရမင်းကြီးက ယူထားပြီး၊ ဗိမ္ဗိသာရမင်းကြီးရဲ့နှမကိုလည်း ကောသလမင်းကြီးက ယူထားပါတယ်။ အဲဒါကြောင့် ဒီမင်းနှစ်ပါးဟာ သိပ်ပြီးတော့ ရင်းနှီးနေကြပါတယ်။ တစ်နေ့မှာတော့ ကောသလမင်းကြီးဟာ

"ငါ့ရဲ့အဆွေတော် ဗိမ္ဗိသာရမင်းရဲ့ တိုင်းနိုင်ငံမှာဖြင့် သုံးမကုန်၊ စွဲမကုန်၊ ပေးလို့မကုန် လှူလို့မခန်း အံ့ဩဘနန်း စည်းစိမ်ဥစ္စာများနဲ့ ကြွယ်ဝချမ်းသာတဲ့သူဌေးကြီးတွေ ငါးယောက်တောင်ရှိတယ်၊ ငါ့နိုင်ငံမှာတော့ ဒီလောက်ချမ်းသာတဲ့ သူဌေးတစ်ယောက်မှ မရှိဘူးဆိုပြီး အဆွေတော် ဗိမ္ဗိသာရမင်းကြီးထံမှာ သွားပြီးတော့ ဘုန်းရှင်ကံရှင် သူဌေးတစ်ယောက်လောက်တောင်းရရင် ကောင်းမယ်လို့ ကြံစည်နေပါတယ်။

ဘုန်းကံရှိတဲ့သူကို အများသူငါက ချစ်ခင်ကြတယ်။ နှစ်သက်ကြတယ်။ လိုလားကြတယ်။ ဘုန်းကံမရှိတဲ့သူဆိုရင်တော့ တမင်သက်သက်လာနေတာတောင် မောင်းထုတ်ချင်ကြတယ်။ ကောသလမင်းကြီး အုပ်ချုပ်ရာနယ်မြေဖြစ်တဲ့ သာဝတ္ထိမှာလည်း အနာထပိဏ်သူဌေးကြီးတို့၊ စူဠအနာထပိဏ်သူဌေးတို့လည်း ရှိကြပါတယ်။ ဒါပေမယ့်လို့ အဲဒီသူဌေးတွေမှာ သူတို့ရဲ့

ပစ္စည်းဥစ္စာဟာ ပမာဏ ဘယ်ရွေ့ဘယ်မျှရှိတယ်လို့ အတိုင်းအတာပြလို့ ရပါတယ်။ မဏ္ဍာကသူဌေး၊ ဇောတိကသူဌေး၊ ကာကဝလိယသူဌေး၊ ပုဏ္ဏကသူဌေး၊ ဇဋိလသူဌေးတို့မှာတော့ အတိုင်းအတာ ပမာဏပြလို့ မရနိုင်လောက်အောင် ပေါများလှပါတယ်။

အဲဒီလိုလျှမ်းလျှမ်းတောက် ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေကို ကောသလမင်းကြီးက လိုချင်နေတာပါ။ ကိုယ့်နိုင်ငံထဲမှာ ဒီလိုသူဌေးမျိုးရှိရင် နိုင်ငံကိုအုပ်ချုပ်တဲ့မင်းမှာ ဂုဏ်ရှိတာပေါ့။ ဒီလိုဂုဏ်မျိုးကိုလည်း ကောသလမင်းကြီးက လိုချင်နေပါတယ်။ ဒီလိုဂုဏ်ယူဝင့်ကြွားချင်တာဟာ လောဘရှိနေလို့ပါ။ လောဘဆိုတာ စင်စစ်တော့ ပယ်စွန့်ရမည့်တရားပါ။ ယောဂီတို့ရဲ့စိတ်အစဉ်မှာ သိမ်သိမ်မွေ့မွေ့ကလေးနဲ့လည်း ဝင်ရောက်လာတတ်ပါတယ်။ ဥပမာအားဖြင့် ကိုယ့်ရဲ့ကောင်းမြတ်တဲ့လုပ်ရပ်ကလေးတွေကို အမှတ်ရပြီး ငါလှူနိုင်တယ်ဆိုပြီး ဂုဏ်ယူဝင့်ကြွားချင်တာတို့၊ ငါဟာ ကိုယ်ကျင့်တရားကောင်းတဲ့သူဆိုပြီး ဂုဏ်ယူဝင့်ကြွားချင်တာတို့ဟာ လောဘကိုအခြေခံပြီး ဖြစ်ပေါ်လာတာပါပဲ။ အဲဒီတရားတွေဟာ ယောဂီတို့ရဲ့စိတ်ကို ညစ်ညူးစေတတ်ပါတယ်။ ဒါ့ကြောင့် ကိလေသာလို့ ခေါ်ပါတယ်။ ဒီတရားတွေကို စိတ်အစဉ်မှာ ဖြစ်ပေါ်လာရင် မှတ်သိပယ်ဖျောက်ပစ်ကြပါ။ ကုသိုလ်အမှုကိုပြုလုပ်ရင် ပြုလုပ်သော်

လည်း ဂုဏ်ယူဝင့်ကြွားချင်တဲ့ ညစ်ညူးမှု ကိလေသာတရားတွေက ယောဂီတို့ရဲ့စိတ်အစဉ်မှာ ဝင်လာတတ်ပါသေးတယ်။ သတိကြီးကြီး ထားကြပါ။ အကြောင်းတရားက မစင်ကြယ်ရင် အကျိုးပေးလည်း စင်ကြယ်မှာမဟုတ်ပါဘူး။ အချို့ အချို့ ဝန်ထမ်းတွေဆိုရင် ကိုယ့်လုပ်ရပ်ကလေးဟာ မှန်ကန်တယ်၊ လာဘ်စားမှုတွေ ကင်းရှင်းတယ်ဆိုရင် ငါက သူများတွေနဲ့ မတူဘူး၊ စင်စင်ကြယ်ကြယ် လုပ်တတ်တဲ့လူ၊ လာဘ်စားမှု ကင်းတဲ့လူဆိုပြီး ဂုဏ်ယူဝင့်ကြွားချင်တဲ့စိတ်ကလေးတွေလည်း ပေါ်ပေါက်လာတတ်ပါတယ်။

တရားအားထုတ်နေတဲ့ ယောဂီတို့ဟာ မိမိရဲ့စိတ်ကို ပြန်ပြီးသတိထား စိစစ်ရပါမယ်။ ကောသလမင်းကြီးဟာလည်း ဂုဏ်ယူဝင့်ကြွားချင်တဲ့စိတ် ရှိနေတာကြောင့် သူဌေးတစ်ယောက်လောက် သွားတောင်းတာပါ။ ဒါကြောင့် ဗိမ္ဗိသာရမင်းကြီးဆီ သွားပြီး အကျိုးအကြောင်းသွားပြောပါတယ်။ ဗိမ္ဗိသာရမင်းကြီးက . . .

"အဆွေတော် အမျိုးမြတ်တဲ့သူတွေ စည်းစိမ်ကြီးမားတဲ့သူတွေကို အမိန့်ထုတ်ပြီး တစ်နေရာကနေ တစ်နေရာကို ပြောင်းခိုင်းရတယ်ဆိုတာ သိပ်မလွယ်ဘူး" လို့ အဆင်ပြေအောင် ပြောလိုက်ပါတယ်။ အဲဒီတော့ ကောသလမင်းကြီးက . . .

"ကျွန်ုပ်အနေနဲ့ သူဌေးတစ်ယောက်တလေမျှ မရရင်တော့ မပြန်တော့ဘူး" လို့ အကြပ်ကိုင်ပြန်ပါတယ်။ ဗိမ္ဗိသာရ

မင်းကြီးဟာ အမတ်တွေနဲ့ တိုင်ပင်ပြီး ဓနဥ္စယသူဌေးကို ကောသလမင်းကြီးနဲ့ အတူလိုက်သွားဖို့တိုက်တွန်းတဲ့အခါ ဓနဥ္စယသူဌေးက "အရှင်မင်းကြီးရဲ့ဆန္ဒအတိုင်းပါပဲ" လို့ အမိန့်ကိုနာခံပြီး ကောသလမင်းကြီးနဲ့ အတူ လိုက်သွားပါတယ်။ ကောသလမင်းကြီးရဲ့ ပိုင်နက်နယ်မြေထဲ ရောက်တော့ ဓနဥ္စယသူဌေးက "အရှင်မင်းကြီး ကျွန်တော်မျိုးတို့ရဲ့ ပရိသတ်တွေနဲ့ ဆိုရင် ဒီနေရာမှာပဲနေရင် ကောင်းပါလိမ့်မယ်၊ သာဝတ္ထိမြို့ဆိုတာက လည်း နောက်ထပ်(၇)ယူဇနာလောက် သွားရဦးမယ်၊ ဒီပရိသတ်နဲ့ဆိုရင် သာဝတ္ထိမြို့ဟာ ကျဉ်းမြောင်းပါလိမ့်မယ်" လို့ သံတော်ဦး တင်တဲ့အခါ ကောသလမင်းကြီးကလည်း သူဌေးရဲ့ဆန္ဒကို လိုက်လျော ပြီး ခွင့်ပြုလိုက်ပါတယ်။

အဲဒါနဲ့ ဓနဥ္စယ သူဌေးမိသားစုနဲ့ အတူတူ ပရိသတ်တွေဟာ နယ်စပ်ဒေသမှာပဲ မြို့သစ် တည်ထောင်ဖန်တီးပြီးတော့ နေကြပါတယ်။ ကိုယ်တိုင်တည်ထောင်ခဲ့ရတဲ့မြို့ဖြစ်တာကြောင့် ဒီမြို့ကို 'သာကေတ' မြို့လို့ ခေါ်ကြပါတယ်။ အခုအခါ အိန္ဒိယနိုင်ငံမှာရှိနေတဲ့ အာယုဒ္ဓယမြို့ပါပဲ ။ အချိန်ကာလတွေ ကြာမြင့်လာတော့ အကြောင်းအားလျော်စွာ မြို့နာမည်တွေလည်း ပြောင်းလဲလာခဲ့ကြပါတယ်။ အရင်တုန်းကဆိုရင် အိန္ဒိယနိုင်ငံမှာရှိတဲ့ ကာလကတ္တားမြို့ကို အခုအခါ ကိုးလ်ကတ္တားမြို့လို့ ပြောင်းလဲ ခေါ်ဝေါ်လာကြပါတယ်။ ဘုန်းကြီးတို့ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာတောင်မှ လမ်းတွေဟာ အခုအခါမှာ နာမည်အသစ်

တွေနဲ့ ပြောင်းလဲခေါ်ဝေါ်လာကြတာ တွေ့ရပါတယ်။ ခနဉ္စယ သူဌေးမိသားစုဟာ သာကေတမြို့မှာ အခြေချနေထိုင်လာခဲ့တာ ဝိသာခါတောင် အသက် (၁၆) နှစ်၊ (၁၇) နှစ်အရွယ် ရောက်ရှိလာခဲ့ပါပြီ။

# အမှန်သိရန် ကလိပြန်

အဲဒီအချိန် သာဝတ္ထိမြို့က မိဂါရလို့ အမည်ရနေတဲ့ မိစ္ဆာဒိဋ္ဌိ သူဌေးကြီးတစ်ယောက်လည်း ရှိနေပါတယ်။ အဲဒီ သူဌေးကြီးမှာ 'ပုဏ္ဏဝဍ္ဎန' လို့ အမည်တွင်တဲ့ အရွယ်ရောက်ပြီး သားတစ်ယောက် ရှိနေပါတယ်။ ပုဏ္ဏဝဍ္ဎနကို မြန်မာလိုပြန် လိုက်ရင် မောင်ပြည့်ဖြိုးလို့ အဓိပ္ပာယ်ရပါတယ်။ မိဘတွေက သူတို့ရဲ့သားကို သင့်တော်တဲ့အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ချပေးလိုက်ချင်ပါတယ်။ သားကို အကျိုးအကြောင်းပြောပြတော့ သားက အိမ်ထောင်မပြုချင်သေးဘူးဆိုပြီး ငြင်းဆန်ပါတယ်။ မိဘတွေလည်း မရမက အတင်းနားချတဲ့အခါ သားက ကောင်းခြင်းငါးဖြာနဲ့ပြည့်စုံတဲ့ အမျိုးသမီးကို ရမယ်ဆိုရင် အိမ်ထောင်ပြုမယ်လို့ ကတိပေးလိုက်ပါတယ်။ ကောင်းခြင်းငါးဖြာဆိုတာ–

၁။ ကေသ ကလျာဏ = ဆံပင်ရဲ့ကောင်းခြင်း
၂။ မံသ ကလျာဏ = အသားရဲ့ကောင်းခြင်း
၃။ အဋ္ဌိ ကလျာဏ = အရိုးရဲ့ကောင်းခြင်း
၄။ ဆဝိ ကလျာဏ = အရေရဲ့ကောင်းခြင်း
၅။ ဝယကလျာဏ = အရွယ်ရဲ့ကောင်းခြင်း

**အဲဒီငါးမျိုးထဲမှာ ဆံပင်ရဲ့ကောင်းခြင်းဆိုတာ–** ဆံပင်ကို ကုပ်ပေါ်ကနေစုပြီး စည်းထားလိုက်ရင် ဥဒေါင်းငှက်ရဲ့မြည်းစည်းပမာ အဖျားမှာကားပြီး ထွက်နေရမယ်။ ဖြေချလိုက်ရင် ဆံပင်ရဲ့အဖျားတွေဟာ ထမီအောက်နားစွန်း ခြေမျက်စိအောက်ရောက်ပြီးတော့ အထက်ကိုပြန်ပြီး ကော့တက်နေပါတယ်။

**အသားရဲ့ကောင်းခြင်းဆိုတာကတော့–** အရိုးအဆစ်တွေ ငေါ်ပြီး ပေါ်ထွက်မနေစေရအောင် အသားအရည်ပြည့်နေရမယ်။ အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်းဟာ စေ့စပ်ပြီးနေရမယ်။ နှုတ်ခမ်းလန်နေတာ ထော်နေတာလည်း မရှိစေရပါဘူး။ နှုတ်ခမ်းသားများဟာ ကျီးအာသီးလို မှည့်လို့ နီရဲနေရမယ်။

**အရိုးရဲ့ကောင်းခြင်းဆိုတာ–** အရိုးတွေထောင်ပြီး ပေါ်ထွက်မနေစေရဘူး၊ ခံတွင်းထဲက သွားတွေဟာ ဖြူဖွေးပြီးနေရမယ်။ မည်းနက်နေတာ ဝါနေတာမရှိစေရဘူး။ ကျဲနေတာ ထပ်နေတာတွေလည်း မရှိစေရဘူး။ စိန်တုံးကလေးတွေ စီပြီးတော့ထားသလို ညီညီညာညာ ရှိနေရပါမယ်။

**အရေရဲ့ကောင်းခြင်းဆိုတာ–** အသားညိုတဲ့ အမျိုးသမီး

များအတွက် နံ့သာမိတ်ကပ်ပေါင်ဒါတွေ မလိမ်းမကျံပေမယ့် အသားအရေဟာ ချောညက်နေရပါမယ်။ ကြာညိုပွင့်ချပ်ရောင် လို လှပနေရပါမယ်။ အသားဖြူတဲ့အမျိုးသမီးများအတွက်တော့ အသားအရေဟာ ချောညက်ပြီး မဟာလှေကားပန်းလို အရောင် အသွေး လှနေရမယ်။ မဟာလှေကားပန်းဟာ အဝါရောင်ရှိပါ တယ်။ ဒီလိုဆိုတော့ အသည်းရောင် အသားဝါရောဂါရှိတဲ့လူ လို ဖြစ်နေလိမ့်မယ် မထင်နဲ့နော်။ ဝင်းဝါပြီး စိုပြေနေတာကို ပြောတာပါ။

**အရွယ်ရဲ့ကောင်းခြင်းဆိုတာကတော့** ဆယ်ကြိမ်လောက် သားဖွားခဲ့ပြီးတာတောင် ဒီအမျိုးသမီးဟာ တစ်ကြိမ်လောက်ပဲ သားဖွားရသေးတဲ့ မိန်းမလို တစ်သားမွေး တစ်သွေးလှဖြစ်နေ ရပါမယ်။ ရုပ်ရည်အဆင်း ကျဆင်းသွားတာမျိုး၊ ပိန်လိမ်ခြောက် ကပ်နေတာမျိုး မရှိစေရပါဘူး။

မိဂါရသူဌေးကြီးနဲ့ သူဌေးကတော်တို့ဟာ လက္ခဏာ ကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း စသည်ဖြင့် လောကီပညာ ကျွမ်းကျင်တတ်မြောက်ကြတဲ့ ပုဏ္ဏား (၁၀၈) ယောက်တို့ကို ပင့်ဖိတ်ပြီး မွန်မြတ်ရာရာ စားသောက်ဖွယ်ရာတွေကို ကျွေးမွေး လို့၊ အဲဒီပုဏ္ဏား (၁၀၈) ယောက်ထဲက အတော်ဆုံးပုဏ္ဏားရှစ် ယောက်ကို ထပ်မံရွေးချယ်လိုက်ပြန်ပါတယ်။ အဲဒီရှစ်ယောက်ကို အခကြေးငွေများစွာပေးပြီးတော့ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံ တဲ့အမျိုးသမီးကို ရအောင်ရှာပေးကြပါလို့ မှာကြားလိုက်ပါတယ်။

အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေပန်းကုံးကြီးကိုလည်း ပေးလိုက်ပါသေးတယ်။ အလိုရှိတဲ့အမျိုးသမီးကိုတွေ့ရင် ရွှေပန်းကုံးကိုလည်း ပေးရမှာဖြစ်ပါတယ်။ အမျိုးသမီးက ရွှေပန်းကုံးကို လက်ခံရင် အိမ်ထောင်ဖက်ရပြီလို့ သဘောပေါက်ရတယ်ပေါ့။ အဲဒီခေတ်က အထက်တန်းလွှာ လူကုံထံတွေရဲ့အစဉ်အလာတစ်ခုပါပဲ။ အခုခေတ်မှာဆိုရင် ထိမ်းမြားဖို့ စေ့စပ်ထားတဲ့ အမျိုးသမီးနဲ့ အမျိုးသားဟာ အချင်းချင်း လက်စွပ်လဲလှယ်ကြတယ်ဆိုတာ ရှိပါတယ်။ အချိန်အခါအလိုက် နေရာဒေသအလိုက် ပြုမူပုံဓလေ့ထုံးစံတွေလည်း ပြောင်းလဲလာကြပါတယ်။

ပုဏ္ဏားဆရာကြီးရှစ်ယောက်တို့ဟာ လူစည်ကားလှတဲ့ မြို့ကြီးပြကြီးတွေကို တက်ပြီးတော့ ရှာကြံကြသော်လည်း ကောင်းခြင်းငါးဖြာနဲ့ပြည့်စုံတဲ့ သတို့သမီးကို မတွေ့မြင်ကြရတာကြောင့် စိတ်ပျက်ပျက်နဲ့ ပြန်လာကြပါတယ်။ အပြန်ခရီးလမ်းမှာ သာကေတမြို့ကို ဆိုက်ရောက်ခဲ့ပါတယ်။ အဲဒီမြို့ကို သူတို့ရောက်တဲ့နေ့မှာပဲ ဝိဝဋ္ဋနက္ခတ်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပနေပါတယ်။ နှစ်စဉ် နှစ်စဉ် အဲဒီနက္ခတ်နဲ့ကြုံကြိုက်ပြီဆိုရင် တစ်မြို့လုံးရှိသမျှလူတွေဟာ အိမ်ပြင်ထွက်ပြီး ပျော်ပျော်ပါးပါးကစားလေ့ ရှိကြပါတယ်။ အခါတိုင်းနေ့ရက်တွေမှာ အိမ်တွင်းမှာပုန်းနေကြတဲ့ သတို့သမီးတွေလည်း ဝိဝဋ္ဋနက္ခတ်ပွဲသဘင်ကျင်းပတဲ့နေ့ဆိုရင် ခေါင်းမြီးခြုံတွေကို ဖွင့်ပြီး အိမ်ပြင်ထွက်လေ့ ရှိကြပါတယ်။

အဲဒါကြောင့် သာကေတမြို့ဟာ အခြားအခြားမြို့တွေမှာ ထက် လူသွားလူလာ စည်ကားသိုက်မြိုက်နေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ငယ်ရွယ်သူ ယောကျ်ားမိန်းမတွေဟာ မြစ်ဆိပ်ကမ်းကို ခြေလျင်သွားပြီး ပျော်ပါးကြပါတယ်။ မြစ်ဆိပ်ကမ်းမှာ သာသာယာယာ လှလှပပဖြစ်အောင် ဖန်တီးထားတာကလည်း တစ်ကြောင်း၊ မြစ်ပြင်ကျယ်ရဲ့ လှပတဲ့ရှုခင်းကို ကြည့်ရှုရင်း အပန်းဖြေနိုင်တာလည်း တစ်ကြောင်းပါ။ ဘုန်းကြီးတို့မြန်မာနိုင်ငံမှာလည်း ပူအိုက်တဲ့ နွေရာသီရောက်လာရင် စက်စဲကမ်းခြေ၊ မောင်းမကန်ကမ်းခြေ၊ ချောင်းသာကမ်းခြေတို့ကိုသွားပြီး အချို့ အပန်းဖြေကြတာရှိပါတယ်။ သာကေတမြို့မှာဆိုရင် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ ကုန်သည်မျိုး၊ ဆင်းရဲသားမျိုးဆိုပြီး လူတန်းစားအဖုံဖုံ အလှာအရပ်ရပ်က အမျိုးသားငယ်တွေဟာ မြစ်ဆိပ်ကမ်းကိုသွားပြီး သူတို့နှစ်သက်ရာရာ သတို့သမီးတွေကို ပန်းကုံးစွပ်ဖို့ စောင့်ဆိုင်းနေကြတာလည်း ရှိပါတယ်။

သာဝတ္ထိကနေ လာကြတဲ့ ပုဏ္ဏားဆရာကြီးရှစ်ယောက်တို့ဟာလည်း "ဒီလောက်စည်ကားလှတဲ့ ပရိသတ်ထဲမှာဆိုရင် ငါတို့လိုလားတဲ့ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသားသမီးကို ရနိုင်တယ်" လို့ ကြံစည်ပြီး မြစ်ကမ်းနားမှာရှိတဲ့ ဇရပ်ထဲကနေ လာသမျှအမျိုးသမီးတွေကို စောင့်ကြည့်နေကြပါတယ်။ ဝိသာခါဟာ အခုဆိုရင် (၁၆) နှစ်သမီးအရွယ် ရှိနေ

ပါပြီ။ ပင်ကိုယ်က လှပနေတဲ့အပြင် ဝတ်စားတန်ဆာတွေ ဆင်မြန်းထားလိုက်တော့ အတိုင်းထက်အလွန် ရွှေပေါ်မြတင် ဖြစ်သွားတော့တာပေါ့။ ဝိသာခါလည်း အဲဒီနေ့မှာ အခြွေအရံ အမျိုးသမီးတွေနဲ့ အတူ ရေချိုးမယ်ဆိုပြီးတော့ မြစ်ဆိပ်ကို ခြေလျင်ထွက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ရုတ်တရက် မိုးကြီးက သဲသဲမဲမဲ ရွာချလိုက်ပါရော။

အဖော်လိုက်လာတဲ့ အမျိုးသမီးတွေဟာ မိုးစိုမှာ ကြောက်ရွံ့လို့ ဇရပ်ထဲ ပြေးဝင်ကြတယ်။ ဝင်လာတဲ့ အမျိုးသမီးတွေကို ပုဏ္ဏားတွေက ကြည့်ရှုအကဲခတ်နေတာ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့အမျိုးသမီးကို တစ်ယောက်တလေမျှ မတွေ့ရဘူး။ အဲဒီနောက်မှာ ဝိသာခါဟာ ပုံမှန်အနေအထားနဲ့ ဖြည်းဖြည်းညင်ညင်သာသာ ဇရပ်ထဲဝင်လာပါတယ်။ သူ့အဝတ်အစားတွေ အကုန်လုံး စိုရွှဲကုန်တော့တာပေါ့။ ဝိသာခါကို မြင်လိုက်ရတယ်ဆိုရင်ပဲ ပုဏ္ဏားတွေဟာ ဆံပင်ရဲ့ကောင်းခြင်းကိုလည်း တွေ့ရတယ်။ အသားရဲ့ကောင်းခြင်းကိုလည်း တွေ့ရတယ်။ အရေအဆင်းရဲ့ကောင်းခြင်းနဲ့ ပြည့်စုံတာကိုလည်း တွေ့ရတယ်။ အရွယ်ရဲ့ကောင်းခြင်းနဲ့ ပြည့်စုံတာကိုလည်း တွေ့ရတယ်။ ဒါပေမယ့်လို့ အရိုးရဲ့ကောင်းခြင်းနဲ့ ပြည့်စုံတာကိုတော့ မတွေ့ရသေးဘူး။ အဲဒီတော့ အမှန်တရားသိလေအောင် ဝိသာခါကို ကလိတဲ့အနေနဲ့ ပုဏ္ဏားတွေဟာ သူတို့အချင်းချင်း "ဒီအမျိုးသမီးကတော့ကွာ အတော်ပဲ အပျင်းထူပုံ ရတယ်၊ သူနဲ့ ပေါင်းသင်းတဲ့

ယောကျ်ားမှာတော့ ဆန်ကွဲထမင်း ပအုံးရည်ဟင်းလောက် တောင် စားရမယ် မထင်ဘူး ” လို့ ပြောကြပါတယ်။

ဝိသာခါကို သက်သက်မဲ့ နှိမ်ချချင်လို့ ပြောတာမဟုတ် ပါဘူး။ အမှန်တရား ပေါ်ထွက်စေချင်လို့ ပြောကြတာပါ။ အဲဒီ တော့ ဝိသာခါက “ဖခင်တို့ ဘာတွေကိုပြောနေကြတာလဲရှင်” လို့ဆိုလိုက်တဲ့အခါ သူ့ရဲ့အသံဟာ ဆွဲဆောင်မှုအပြည့်အဝနဲ့ သာသာယာယာ ပေါ်ထွက် လာပါတယ်။ အဲဒီတော့ ပုဏ္ဏားတွေက-

“သမီးရယ်၊ မင်းနဲ့အတူ အဖော်ပါလာကြတဲ့ အမျိုးသမီး တွေကတော့ မိုးလွတ်အောင် မြန်မြန်ပြေးဝင်လာကြတာကြောင့် တစ်ယောက်မှ မိုးမစိုဘူး။ သမီးကတော့ သူများတွေလို သွက် သွက်လက်လက်မရှိဘဲ လေးလေးကန်ကန် လုပ်နေတာကြောင့် အဝတ်အစားတွေ အကုန်စိုသွားတာပေါ့။ အဲဒီလို ပျင်းရိနေရင် အဝတ်အစားတွေ ဘယ်မှာသွားပြီး လောက်နိုင်တော့မှာလဲ” လို့ ဆိုတော့ ဝိသာခါက -

“ဖခင်တို့၊ အဲဒီလိုပြောရင်မှားသွားမှာပေါ့၊ သမီးကတော့ လေ အဲဒီမိန်းကလေးတွေထက် ပိုပြီးတော့ အားလည်းရှိပါတယ်။ သမီး ဇရပ်ထဲကို ပြေးလွှားပြီးဝင်မလာတာ အကြောင်းရှိလို့ပါ။ လောကမှာ ပြေးလို့ လွှားလို့ မတင့်တယ်တဲ့သူ လေးမျိုးရှိပါတယ်။ အဲဒီလေးမျိုးကတော့ - - -



# အိမ်ထောင်ပြုရာ ဆင်ခြင်ပါ

“အဘိသိက်သွန်းထားတဲ့မင်းဟာ နန်းဝတ်နန်းစားတွေနဲ့ ခန့်ခန့်ညားညားဝတ်ဆင်ထားပြီးတော့ ခါးတောင်းမြှောင်အောင် ကျိုက်လို့ နန်းရင်ပြင်မှာ ပြေးလွှားသွားလာနေရင် ‘ဒီမင်းဟာ ဘယ်လိုပါလိမ့်၊ ဣန္ဒြေလည်း မရှိဘူး၊ သူလိုငါလို အရပ်သား တစ်ယောက်လိုပဲ ပြေးလွှားနေလို့ပါလား’ ဆိုပြီး မြင်တွေ့ရတဲ့ သူတိုင်းက ကဲ့ရဲ့ပြစ်တင်ပါလိမ့်မယ်၊ ဒါကြောင့် နန်းဝတ် နန်းစားဆင်မြန်းထားတဲ့ အဘိသိက်သွန်းပြီးခါစ မင်းဟာ ဖြည်း ဖြည်း ညင်ညင်သာသာသွားမှသာ တင့်တယ်ပါတယ်။

နောက်ပြီးတော့ ရှင်ဘုရင်အသုံးပြုတဲ့ ကကြိုးတန်ဆာ ဆင်မြန်းထားတဲ့ မင်္ဂလာဆင်ဟာလည်း ပြေးလွှားသွားလာနေရင် မတင့်တယ်ပါဘူး၊ ဖြည်းဖြည်းညင်ညင်သွားမှသာ တင့်တယ် ပါတယ် ဖခင်တို့”ဟု ပြောဆိုလိုက်ပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ မင်္ဂလာဆင်ဆိုတာ စစ်မြေပြင်မှာအသုံးပြုတဲ့

ဆင်နဲ့ မတူပါဘူး။ စစ်မြေပြင်သုံးဆင်ကတော့ ပြေးသင့်ရင် ပြေး၊ ဝပ်သင့်ရင်ဝပ်၊ အခြေအနေကိုကြည့်ပြီး နေးသင့်ရင် နေး၊ မြန်သင့်ရင် မြန်ရပါတယ်။ မင်္ဂလာဆင်ကတော့ လှလှပပ ခံ့ခံ့ညားညား တင့်တင့်တယ်တယ်ရှိရလေအောင် ကကြိုးတန်ဆာ ဆင်မြန်းထားလေတော့ ကိုယ့်ရဲ့တင့်တယ်မှု၊ ခံ့ညားမှုကို အများ မြင်အောင်ပြသရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ရေးကြီးသုတ်ပြာ မြန်မြန်ကြီးသွားနေလို့ မဖြစ်ပါဘူး။ စစ်မြေပြင်မှာ တိုက်ပွဲ ဝင်တဲ့ဆင်ကတော့ နေးနေးလေးလေးနဲ့ လုပ်နေရင် တစ်ဖက် ရန်သူက အခွင့်ကောင်းယူပြီး တစ်ဟုန်ထိုးဝင်တိုက်လိုက်တဲ့ အခါမှာ ကိုယ့်ဘက်က အရှုံးနဲ့ရင်ဆိုင်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်မြေပြင်သုံး ဆင်ဟာ သွက်သွက်လက်လက် ရှိရ ပါတယ်။

နောက်တစ်ခါ ဝိသာခါ ဆက်ပြောပုံက "ဖခင်တို့ ရှင် ရဟန်းများဟာလည်း ပြေးလွှားနေရင် မတင့်တယ်ပါဘူး၊ ဒီ ကိုယ်တော်ဟာ ရဟန်းဖြစ်ပြီးတော့ အိမ်ရာတည်ထောင် လူ့ ဘောင်မှာနေတဲ့လူလိုပဲ ဣန္ဒြေသိက္ခာမရှိဘဲ ပြေးလွှားနေတယ် လို့ ပတ်ဝန်းကျင်က ကဲ့ရဲ့လိမ့်မယ်၊ ရဟန်းဆိုတာလည်း ညင် ညင်သာသာသွားမှ တင့်တယ်ပါတယ်" လို့ ဆိုလိုက်ပါတယ်၊ ဟုတ်ပါတယ်။ ရဟန်းဆိုတာ အိန္ဒြေသံဝရက္ခတွေ ချုပ်ငြိမ်းဖို့ ကျင့်သုံးနေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီလို ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်ဟာ သတိပညာကို လက်ကိုင်ထားရမှာပါ။ ရုပ်တရား

နာမ်တရားတွေရဲ့အပေါ်မှာ သတိမြဲမြဲထားပြီး ရှုပွားနေမှသာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဆိုက်မှာဖြစ်ပါတယ်။ ပြေးလွှားခုန် ပေါက်နေရင် သတိပညာဆိုတာ ဘယ်မှာရှိတော့မှာလဲ၊ ဒါကြောင့် ရှင်ရဟန်းများဟာ ဖြည်းညင်းစွာ သတိပညာရှိရှိနဲ့ သွားမှသာ တင့်တယ်ပါတယ်။ ကြည်ညိုဖွယ်ဖြစ်ပါတယ်။ နောက်ထပ်ဆက်ပြီးတော့ ဝိသာခါ ပြောပုံက -

"ဖခင်တို့ အမျိုးသမီးများသည် ပြေးလွှားနေရင် မတင့်တယ်ပါဘူး၊ ဒီမိန်းမဟာ ယောကျ်ားလိုပဲ ပြေးလွှားနေပါလား၊ မိန်းမနဲ့မတူပါလားလို့ ကဲ့ရဲ့စကားပြောလာကြမှာဖြစ်ပါတယ်" လို့ ဆိုလိုက်ပါတယ်။ ဒါဟာ သူတို့ခေတ်က ဖြစ်နေတဲ့ဓလေ့ထုံးစံကို ပြောတာပါ။ အခုခေတ်မှာတော့ မိန်းကလေးတွေ အပြေးပြိုင်တာတို့ ဘောအသင်းတွေတည်ထောင်ပြီး ဘောလုံးကန်တာတို့လည်း ရှိကြပါတယ်။ ကာလဒေသအလျှောက် ဓလေ့ထုံးစံတွေ ပြောင်းလဲလာတော့ အပြစ်ပြောလို့လည်း မဖြစ်ပါဘူး။ ပြေးလွှားရင် မတင့်တယ်တဲ့ ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို ပြောပြီးတော့ ဝိသာခါဟာ နောက်ထပ် -

"ဖခင်တို့ မိဘများဟာ သမီးမိန်းကလေးကို ကိုယ်လက်အင်္ဂါကြီးငယ်တွေ ကောင်းကောင်းမွန်မွန် စနစ်တကျ အချိုးအစားကျအောင် မွေးမြူတတ်ကြပါတယ်။ သမီးတို့ မိန်းကလေးများဟာ ရောင်းကုန်နဲ့ တူပါတယ်။ အပြစ်အနာအဆာများတဲ့ ပစ္စည်းကို ဝယ်ချင်တဲ့သူ မရှိပါဘူး၊ မိန်းကလေးတွေကို မိဘ

များက ယောကျ်ားတွေရဲ့လက်ထဲကို ဇနီးမယားအဖြစ်ပေးဖို့ မွေးမြူတတ်ကြပါတယ်၊ သမီးတို့မိန်းကလေးများဟာ ပြေးရင်းလွှားရင်း အဝတ်ထမီစကို နင်းမိလို့ဖြစ်စေ၊ ချော်လဲခဲ့လို့ ဖြစ်စေ၊ လက်တွေခြေတွေ ကျိုးပဲ့သွားခဲ့ရင် မိဘ ဆွေမျိုးတွေမှာ စောင့်ရှောက်ပြုစုရတဲ့ တာဝန် ပိုတော့တာပေါ့၊ အဝတ်အစားတွေမိုးစိုတာကတော့ မကြာမီ ပြန်ခြောက်သွေ့သွားမှာပါ၊ ဒီလိုအကြောင်းတွေကိုထောက်ထားပြီးတော့ သမီးက မပြေးတာပါ" လို့ ပြောလိုက်ပါတယ်။

ဝိသာခါ စကားပြောတဲ့အချိန်မှာ သွားတွေပေါ်လာတာကြောင့် အရိုးရဲ့ကောင်းခြင်း (အဋ္ဌိ ကလျာဏ) ကိုလည်း ပြည့်ပြည့်စုံစုံ မြင်လိုက်ရပါတယ်။ အဲဒီလို ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတာကို မြင်လိုက်ရတော့ ပုဏ္ဏားတွေဟာ သဘောကျသွားပြီး ဝိသာခါကို ရွှေပန်းကုံး ပန်ဆင်ပေးလိုက်ပါတော့တယ်။ အဲဒီအခါ ဝိသာခါက "ဘယ်အမျိုးသားအတွက် အခုလို ရွှေပန်းကုံးကို စွပ်ရတာလဲ" လို့ မေးတော့ သာဝတ္ထိမြို့က မိဂါရသူဌေးကြီးရဲ့သား ပုဏ္ဏားဝဒ္ဓနအတွက်ဖြစ်ကြောင်း သိရတော့ ဝိသာခါက လက်ခံဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဆင့်အတန်းမြင့်တဲ့သူတွေ အိမ်ထောင်ဖက်ရှာတာဟာ အဲဒီလို ပန်းကုံးစွပ်ပြီးရှာကြတာ များပါတယ်။ အမျိုးသမီးက ပန်းကုံးကို မဖြုတ်ဘဲ လက်ခံလိုက်ရင် အဲဒါဟာ သဘောတူ အလိုပါကြောင်း အသိအမှတ်ပြုကြပါတယ်။ ပန်းကုံးကိုဖြုတ်ပစ်လိုက်ရင်တော့ လက်မခံပါဘူးလို့ ယူဆကြပါတယ်။

"အိမ်ထောင်မှု ဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုး၊ ကျောင်းတိုင်ပင့် မြတ်သံဃာ စာချုပ်ရာခက်တဲ့အမျိုး" လို့ လောကမှာ ဆိုရိုးစကားရှိပါတယ်။ အဓိပ္ပာယ်ကတော့ အိမ်ထောင်ပြုတဲ့အခါမှာ အိမ်ထောင်ဖက်ရွေးချယ်တာ မှားသွားပြီဆိုရင် ကိုယ့်မှာတစ်ဘဝလုံး ဆုံးရှုံးနစ်နာပါတယ်။ အပျိုဘဝ လူပျိုဘဝကိုပြန်ရောက်သွားမှာ မဟုတ်ပါဘူး။ လက်ရှိ အိမ်ထောင်ဖက်ကို မကြိုက်တော့ဘူးဆိုပြီး နောက်တစ်ယောက်ပြောင်းပြီး အိမ်ထောင်ပြုဖို့ရာဆိုတာကလည်း လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ လက်ရှိအိမ်ထောင်ဖက်နဲ့ ကွာရှင်းဖို့ဆိုတာကလည်း အခက်အခဲတွေ များစွာရှိပါတယ်။

အရပ်ဒေသတစ်ခုမှာ ဘုရားတည်ပြီးတဲ့နောက် ဒီနေရာမကြိုက်ဘူး၊ အခြားနေရာတွေကို ပြောင်းမယ်ရွှေ့မယ်ဆိုရင် လက်ရှိတည်ပြီးသား ဘုရားစေတီတော်ကို ဖျက်ရမှာ ဖြစ်ပါတယ်။ တည်ပြီးသာဘုရားကို ဖျက်ဆီးပစ်ဖို့ရာကလည်း အပြစ်ဖြစ်မှာ ကြောက်ရသေးတယ်ကိုး။ ဒါကြောင့် ဘုရားတည်တော့မယ်ဆိုရင်လည်း ပထမ သေသေချာချာ စဉ်းစားရပါသေးတယ်။

ရှေးခေတ်ကာလတုန်းက ယောကျ်ားတွေဆိုရင် များသောအားဖြင့် ပေါင်မှာ လက်မှာ ကိုယ်လုံးမှာ ဆေးမှင်ရည်နဲ့ ထိုးကွင်းထိုးတတ်ကြပါတယ်။ အချို့ဆိုရင် ကျောပြင်မှာ လူရုပ်တွေ အိမ်မြှောင်ရုပ်တွေ ထိုးထားကြသေးတယ်။ အဲဒီဆေးမှင်ရည် အရုပ်ဟာ ထိုးပြီးရင် ဖျက်ပစ်လို့ မရတော့ပါဘူး။ တစ်သက်လုံး

စွဲပြီး ကျန်ရစ်ခဲ့ပါတယ်။ ဒီအရုပ်မကြိုက်ဘူး နောက်အရုပ်တစ်မျိုးပြောင်းထိုးမယ်ဆိုလည်း ထိုးလို့မရတော့ပါဘူး။ ဒါကြောင့် မထိုးမီက သေသေချာချာ စဉ်းစားလိုက်ရပါတယ်။

နောက်ပြီး အရုပ်ထဲ မိမိတို့ကိုးကွယ်တဲ့ ကျောင်းမှာ ကျောင်းထိုင်ဘုန်းကြီးပင့်တာကလည်း အရေးကြီးပါတယ်။ ဘုန်းကြီးကို ကျောင်းအပ်ပြီးတဲ့နောက် ကျောင်းထိုင်ဘုန်းကြီးက စိတ်တိုပြီး ကျောင်းဒကာတွေနဲ့ မတည့်တာတို့၊ ကျောင်းဒကာတွေကို နှင်ထုတ်တာတို့လည်း ရှိတတ်ပါတယ်။ ကျောင်းဒကာတွေက သဒ္ဓါတရားရှိလို့ တရားဟောဓမ္မကထိကတွေ၊ ကမ္မဋ္ဌာနစရိယတွေကိုပင့်ပြီး တရားပွဲတွေ ကျင်းပ၊ တရားစခန်းတွေလုပ်တယ်ဆိုရင် ကျောင်းထိုင်ဘုန်းကြီးက လက်မခံဘူး။ အဲဒီတော့ ကိုးကွယ်သူ ဒကာဒကာမတွေမှာ စိတ်ဆင်းရဲရတယ်။ ဒါကြောင့် ကျောင်းထိုင်ဘုန်းကြီး ပင့်တာလည်း သတိထားရပါတယ်။

ဒါဟာ နောင်လာနောင်သားများ သတိထားတတ်စေဖို့ ရှေးလူကြီးများက သတိပေးထားခဲ့တဲ့ စကားရပ်ပါ။ ဝိသာခါကတော့ ဘုန်းကံရှိတဲ့ အမျိုးသမီး၊ ဆင်ခြင်ဉာဏ်ရှိတဲ့အမျိုးသမီး၊ ဖြစ်တာကြောင့်၊ အိမ်ထောင်ပြုဖို့ကိစ္စကို သူ့ဟာသူပဲ ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်ပြီး လက်ခံခဲ့ပါတယ်။ မိဘတွေကိုတောင် အသိမပေးဘဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်လိုက်တဲ့အတွက်ကြောင့် မိုက်တဲ့ မိန်းကလေးလို့ မထင်လိုက်ကြပါနဲ့။ အသက်အရွယ်

ငယ်ပင်ငယ်သော်ငြားလည်း ဆင်ခြင်ဉာဏ်က ကြီးမားပါတယ်။ အသက်အရွယ်ကြီးပင် ကြီးသော်လည်း ပညာဉာဏ်နည်းပါးတဲ့ သူတွေလည်း လောကမှာ အများကြီး ရှိကြပါတယ်။ အချို့ အချို့မိဘတွေဟာ မိမိတို့ရဲ့သားသမီးတွေ ရေ့ရေးကောင်းစားဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မိမိတို့သဘောတွေ့ရာ အမျိုးသား အမျိုး သမီးတွေနဲ့ ကိုယ့်သားသမီးတွေကို အိမ်ထောင်ချပေးတတ်ကြ ပါတယ်။ ပညာဉာဏ်အဆင်အခြင်ရှိတဲ့ မိဘတွေဆိုရင်တော့ ကိစ္စမရှိဘူးပေါ့။ အချို့မိဘတွေဟာ ပညာအဆင်အခြင် နည်း ပါးတယ်။ အရှည်သဖြင့် တွေးခေါ်မြော်မြင်လေ့ မရှိကြဘူး။ ကိုယ်ကြိုက်တဲ့အချက်တစ်ခုလောက်တွေ့လိုက်ရင် အဲဒီလူကို ကိုယ့်သားသမီးနဲ့ ပေးစားထိမ်းမြားလိုက်တော့တာပါပဲ။ တကယ် လက်တွေ့ကျကျ အရှည်သဖြင့် ပေါင်းသင်းရမှာက သားသမီး တွေပါ။ တော်တော်ကြာတော့ အိမ်ထောင်ပြုပြီးမှ မိဘတို့ သဘောတူပေးစားထားတဲ့သူက အကျင့်စာရိတ္တပျက်ပြားတာတို့၊ အလုပ်အကိုင်မရှိဘဲ ပျင်းရိနေတာတို့၊ ဘာသာတရားကိုးကွယ်မှု မတူကွဲပြားတာတို့၊ ဇနီးမောင်နှံအချင်းချင်း သဘောထားချင်း မတိုက်ဆိုင်တာတို့ ဖြစ်ပေါ်လာပြီဆိုရင် မိဘရော သားသမီးပါ စိတ်ဆင်းရဲရပါတယ်။

လူကြီးမိဘတွေရဲ့လုပ်ရပ်တွေဟာ နေရာတကာ မှန်ကန် တယ်လို့လည်း ပြောလို့မရပါဘူး။ မိဘများဟာ သားသမီးတို့ အပေါ်မှာ ကောင်းစားစေချင်တဲ့စိတ်၊ ဆင်စီးပြီး မြင်းရံတာ

ကြည့်လို မြင်လိုတဲ့စိတ်တော့ ရှိကြပါတယ်။ ဒါပေမယ့်လို့ ကိုယ့်သားသမီးတွေရဲ့အိမ်ထောင်ရေးကိစ္စမှာတော့ မိမိတို့ထင်သလို အဆုံးအဖြတ်မြန်ဆန်ပြီး အတင်းအဓမ္မ မလုပ်သင့်ပါဘူး။ ငယ်ရွယ်သူ သားသမီးတွေအပေါ် အထင်သေးလို့လည်း မရပါဘူး။ သူ့ခေတ်၊ သူ့အခါ၊ သူ့နေရာအလိုက် သူတို့ရဲ့ရှုထောင့်ကနေပြီးတော့လည်း တစေ့တစောင်းကြည့်သင့်ပါတယ်။ ဖြစ်သင့်တာကတော့ မိဘတွေဟာ မိမိတို့သားသမီးတွေ ရှေ့ရေးအတွက် စိတ်အေးရအောင် သူတို့အိမ်ထောင်ရေးကို သူတို့ဘာသာ မှန်မှန်ကန်ကန်ရွေးချယ်တတ်အောင် အသိပညာပေးသင့်ပါတယ်။ မိမိကိုယ်တိုင် ရင်ဆိုင်ရမည့် အိမ်ထောင်ရေးပြဿနာကို မိမိကိုယ်တိုင် ရွေးချယ်တတ်ဖို့သာ လိုအပ်ပါတယ်။



# ထိမ်းမြားမင်္ဂလာ လေးလကြာ

ဝိသာခါဟာ သူကိုယ်တိုင် ဆုံးဖြတ်တတ်တဲ့ ဉာဏ်ရှိတာကြောင့် ရွှေပန်းကုံးကို လက်ခံလိုက်တာပါ။ ဖခင်ဖြစ်တဲ့ ဓနဥ္စယသူဌေးရဲ့အထံကိုလည်း ရထားအကြိုလွှတ်ပေးဖို့ မှာကြားလိုက်ပါတယ်။ မြစ်ဆိပ်ကမ်းကို ထွက်လာတုန်းကတော့ ဝိသာခါဟာ ခြေလျင်ပါပဲ။ ရွှေပန်းကုံးကိုလက်ခံပြီး ပန်ဆင်လိုက်ရတဲ့အချိန်ကစပြီး ခြေလျင်သွားဖို့ မသင့်တာကြောင့် ရထားလွှတ်ပေးဖို့ မှာကြားလိုက်ရခြင်း ဖြစ်ပါတယ်။ အဲဒီခေတ်ကာလတုန်းက ဝိဝဋ္ဋနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပတဲ့နေ့မှာဆိုရင် အချို့ အမျိုးသားလူငယ်တွေဟာ အမျိုးသမီးတွေကို အိမ်ထောင်ဖက်အနေနဲ့ ရွေးချယ်ကြတာတို့ ပြုလုပ်လေ့ ရှိကြပါတယ်။ မိမိတို့နှစ်သက်မြတ်နိုးတဲ့ အမျိုးသမီးတွေကို တွေ့လိုက်ရရင် အချို့က လိုက်ပြီး စကားပြောကြတယ်။ အချို့လူငယ်တွေက ပန်းကုံး

လိုက်စွပ်ကြတယ်။ ဒါကြောင့် စေ့စပ်ကြောင်းလမ်းပြီးတဲ့ အမျိုးသမီးတွေ၊ အိမ်ထောင်ဖက်ရှိတဲ့ အမျိုးသမီးတွေဟာ တကယ်လို့များ ခြေလျင်သွားမိရင် သူတို့ကိုလည်း လူငယ်တွေက ကြိုက်နှစ်သက်လာရင် စကားလိုက်ပြောမှာ ပန်းကုံးလိုက်စွပ်မှာ စိုးရတယ်။ အဲဒါကြောင့် အိမ်ထောင်ရှင်အမျိုးသမီးတွေ၊ စေ့စပ်ကြောင်းလမ်းပြီးတဲ့ အမျိုးသမီးတွေဟာ ခြေလျင်မသွားကြဘဲ ယာဉ်ရထားနဲ့ သွားကြပါတယ်။ ယာဉ်ရထားကိုယ်ပိုင်မရှိတဲ့ အမျိုးသမီးတွေကတော့ ထီးဆောင်းပြီးတော့ သွားကြတာတို့၊ ထန်းရွက်ပေရွက်တွေကို ခေါင်းပေါ်မိုးပြီး သွားကြတာတို့ ပြုလုပ်ကြပါတယ်။ အချို့ဆိုရင် ကိုယ်ရုံခြုံထားတဲ့ ခြုံထည်ရဲ့ အမိုတ်အဆာအနားကို ခေါင်းပေါ်တင်သွားလေ့ ရှိကြပါတယ်။ အဲဒီလို ယာဉ်စီးပြီးသွားတဲ့ အမျိုးသမီးတွေ၊ ထန်းရွက်ပေရွက်တွေ ခေါင်းပေါ်တင်သွားတဲ့အမျိုးသမီးတွေ၊ ခေါင်းမြီးခြုံပြီး သွားတဲ့ အမျိုးသမီးတွေကို တွေ့ရင် အိမ်ထောင်ဖက်ရှိပြီးသားဆိုတာ သိကြတာမို့ ဘယ်ယောကျ်ားကမှ လိုက်လံစကားပြောခြင်း၊ ပန်းကုံးစွပ်ခြင်း မပြုလုပ်တော့ပါဘူး။

မနုဋ္ဌယသူဌေးဟာ ဝိသာခါအတွက် စီးစရာယာဉ်ကို လွှတ်လိုက်ပါတယ်။ ဝိသာခါနဲ့အတူ အဖော်အမျိုးသမီးတွေရောပုဏ္ဏားတွေပါ ယာဉ်စီးပြီး လိုက်ပါသွားကြပါတယ်။ အိမ်ရောက်တဲ့အခါ ဝိသာခါပုံစံပြောင်းလဲလာတာကို တွေ့ရတော့ ဖခင်

နေဥ္ဇယသူဌေးကြီးဟာ အကဲခတ်လို့ သိလိုက်ပါပြီ။ ပုဏ္ဏား တွေကို အကျိုးအကြောင်းမေးမြန်းတဲ့အခါ ဝိသာခါကို လက်ထပ် ဖို့ စကားကမ်းလှမ်းလာတဲ့သူဟာ သာဝတ္ထိမြို့သား ပုဏ္ဏဝဒ္ဓန သတို့သားဖြစ်ကြောင်း၊ သူ့မိဘတွေဟာ ကုဋေလေးဆယ်ခန့် ကြွယ်ဝချမ်းသာကြောင်းကို သိရတယ်၊ ကုဋေလေးဆယ်ဆိုတာ နေဥ္ဇယသူဌေးရဲ့ ပစ္စည်းဥစ္စာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် တစ်ရွေး သား တစ်ပဲသားလောက်ပဲ ရှိပါတယ်။ ဒါပေမယ့်လို့ နေဥ္ဇယ သူဌေးက ပစ္စည်းဥစ္စာ ဂုဏ်ပကာသနတွေကို ဦးစားပေးပြီးတော့ မကြည့်ပါဘူး။ မိမိရဲ့သမီးမိန်းကလေးအတွက် အိမ်ထောင်ဖက် ရှာရမည့်အချိန် ကျနေပြီမို့ သမီးဖြစ်သူကလည်း လက်ခံပြီးဖြစ် တာကြောင့် မိမိလည်း သဘောတူလိုက်ရတယ်ပေါ့။ ရောက်ရှိ လာတဲ့ ပုဏ္ဏားတွေကိုလည်း တစ်ရက်နှစ်ရက် အိမ်မှာ ကောင်း ကောင်းမွန်မွန်ဧည့်ခံပြီးမှ ပြန်လွှတ်လိုက်ပါတယ်။ ကိုယ့်အိမ် ရောက်လာတဲ့ဧည့်သည်ကို စေတနာသန့်သန့်နဲ့ ကောင်းကောင်း မွန်မွန်နေရာပေးတာ ဧည့်ခံကျွေးမွေးတာဟာ ဒါနကုသိုလ် ဖြစ် ပါတယ်။ သိန်းရာနဲ့ထောင်နဲ့ချီပြီး အကုန်အကျခံ လှူဒါန်းမှ ဒါနမြောက်တာ မဟုတ်ပါဘူး။

ပုဏ္ဏားရှစ်ယောက်တို့လည်း သာဝတ္ထိမြို့ပြန်ရောက်တော့ မိဂါရသူဌေးကြီးကို ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ အမျိုးသမီးကို သာကေတမြို့မှာ တွေ့ခဲ့ရကြောင်း၊ နေဥ္ဇယသူဌေးကြီးရဲ့သမီး

ဝိသာခါဖြစ်ကြောင်း အပြည့်အစုံပြောကြားလိုက်ပါတယ်။ မိဂါရသူဌေးကြီးလည်း ကြားလိုက်ရတယ်ဆိုရင်ပဲ ဆွေကြီးမျိုးကြီးအထက်တန်းလွှာအမျိုးသမီးကို လက်လွှတ်မခံချင်တာကြောင့် မင်္ဂလာဆောင်ကိစ္စ အမြန်ဆုံး စီစဉ်ပါတော့တယ်။ မင်္ဂလာဆောင်ရက်ကို နေ့ကောင်းရက်သာ ရွေးချယ်ပြီးတော့ ကောသလမင်းကြီးကို အသိပေးသံတော်ဦးတင်လိုက်ပါတယ်။ ကောသလမင်းကြီးကလည်း မိမိကိုယ်တိုင် ဗိမ္ဗိသာရမင်းကြီးအထံကနေအမြတ်တနိုးခေါ်ယူလာခဲ့ရတဲ့ အမျိုးသမီးရဲ့မင်္ဂလာဆောင်ပွဲမှာ ကိုယ်တိုင်သွားရောက်ချီးမြှောက်မယ်ဆိုတာကို ပြောပြလိုက်ပါတယ်။

အဲဒီတော့ မိဂါရသူဌေး နည်းနည်းစိတ်ပူသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှင်ဘုရင်ကိုယ်တိုင် မင်္ဂလာဆောင်ပွဲကို လိုက်မယ်ဆိုရင် သူ့ရဲ့ဝန်ကြီးတွေ၊ စစ်သူကြီးတွေ၊ ရဲဘော်ရဲမက်တွေ စသည်ဖြင့် အခြွေအရံကလည်း အများကြီးပါလာဦးမှာဖြစ်တယ်။ အဲဒီပရိသတ်အတွက် နေရာထိုင်ခင်း ကျွေးမွေးညှော်ခံစရိတ်၊ လုံခြုံရေးတာဝန် အဲဒါတွေ သိပ်ပြီးတော့ခက်ခဲမှာစိုးလို့ပါ။ အဲဒါကြောင့် မိဂါရသူဌေးက သူနဲ့ ခမည်းခမက်တော်စပ်တဲ့ ဓနဉ္စယသူဌေးအထံ–

“မင်္ဂလာဆောင်ပွဲမှာ မင်းတရားကြီးကိုယ်တိုင် ကြွရောက်ချီးမြှောက်မှာဖြစ်ကြောင်း၊ ဓနဉ္စယသူဌေးအနေနဲ့ မင်းကြီးရယ်

အခြေအရံပရိသတ်ရယ် ချမ်းချမ်းသာသာဖြစ်ရအောင် ထားနိုင်ဖို့ ညှော်ခံကျွေးမွေးဖို့ အခက်အခဲရှိသွားမလား” လို့ ကြိုတင်အသိပေးအကြောင်းကြားလိုက်တော့ ဓနဉ္စယ သူဌေးက–

“မိဂါရသူဌေး ကျွန်ုပ်အထံကို ရှင်ဘုရင်တစ်ဦး မဆိုထားနဲ့ ဆယ်ဦးပဲ လာစေဦးတော့ ကောင်းကောင်းမွန်မွန် အဆင့်အတန်းမြင့်မြင့် ညှော်ခံကျွေးမွေးနိုင်ပါတယ်” လို့ အကြောင်းပြန်လိုက်ပါတယ်။ အစစအရာရာ ပြည့်စုံကြွယ်ဝတဲ့သူဌေးဆိုတော့ အားလုံးအဆင်သင့်ဖြစ်နေပါတယ်။

မင်္ဂလာဆောင်ရက်နီးတော့ မိဂါရသူဌေးကြီးဟာ သာဝတ္ထိတစ်မြို့လုံးကို ဖိတ်ကြားပါတယ်။ မြို့နေလူထုဟာ အိမ်စောင့်လောက်ပဲ ချန်ထားခဲ့တယ်။ အားလုံးလိုလို သတို့သားကို လိုက်ပို့ကြတယ်။ ဓနဉ္စယသူဌေးကြီးဟာ သမီးဖြစ်သူ ဝိသာခါနှင့်တိုင်ပင်ပြီးတော့ ရှင်ဘုရင်အတွက်နေရာ၊ အိမ်ရှေ့မင်းသားအတွက်နေရာ၊ ဝန်ကြီးများအတွက်နေရာ၊ စစ်သူကြီးများအတွက်နေရာ စသည်ဖြင့် သင့်တော်သလို စီမံပါတယ်။ ဝိသာခါကလည်း ဉာဏ်ပညာရှိသူ၊ ဘုန်းကံရှင်အမျိုးသမီး ဖြစ်လေတော့ အားလုံးကိုပဲ အဆင်ပြေအောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဝိသာခါဟာ အလုပ်သမားတွေကိုခေါ်ပြီး ကောသလမင်းကြီးအမှူးပြုတဲ့ပရိသတ်အတွက် ပြုလုပ်သင့်ပြုလုပ်ထိုက်တဲ့ ဝေယျာဝစ္စတွေကို မလစ်ဟင်းစေဖို့ သတိပေးပါတယ်။

ဆင်ထိန်းမြင်းထိန်းတွေအတွက်ပါ နေရာကို ကျကျနန စီမံခိုင်းပြီး ဆင်တွေမြင်းတွေကို အလှည့်ကျထိန်းကျောင်းပေးဖို့လည်း တာဝန်ပေးလိုက်ပါတယ်။ ဒီလို မစီမံဘူးဆိုရင် ဆင်ထိန်းမြင်းထိန်းတွေက တစ်နေ့လုံးထိန်းကျောင်းနေရရင်–

"ဝိသာခါရဲ့မင်္ဂလာဆောင်ပွဲကြီး ခမ်းခမ်းနားနားလုပ်တယ်သာ ဆိုတယ်၊ ငါတို့တော့ ဆင်တွေမြင်းတွေကို ထိန်းကျောင်းနေရတာနဲ့ မင်္ဂလာပွဲကို ဖြူသလား မည်းသလားတောင် မသိလိုက်ရဘူး" လို့ ကဲ့ရဲ့ပြောဆိုမှာစိုးလို့ပါ။ အခုခေတ်မှာလည်း ဒါမျိုးတွေရှိတတ်ပါတယ်။ အလှူပွဲ၊ မင်္ဂလာဆောင်ပွဲကြီးတွေ ကြီးကြီးကျယ်ကျယ်တော့ ပြုလုပ်တာပါပဲ။ အဲဒီပွဲမှာ ဂုဏ်ရှိတဲ့သူတွေ၊ ရာထူးကြီးတဲ့သူတွေ သူဌေးသူကြွယ်တွေကိုပဲ ဧည့်ခံကျွေးမွေးနေတာနဲ့ အချိန်ကုန်တယ်။ တကယ်ခင်မင်ရင်းနှီးတဲ့ အိမ်နီးနားချင်းတွေ၊ တစ်ရွာထဲ တစ်ရပ်တည်းမှာနေတဲ့သူတွေကိုတော့ ကျွေးမွေးရကောင်းမှန်းတောင် မသိဘူး ဖြစ်နေတယ်။ အဲဒါကြောင့် အကဲ့ရဲ့လည်း ခံကြရပါတယ်။ ဒီလိုပြဿနာမျိုးတွေ မဖြစ်ရလေအောင် ဝိသာခါက စီမံနေတာပါ။

သတို့သားရောက်တဲ့နေ့မှာ ဓနဉ္စယသူဌေးကြီးဟာ ရွှေပန်းထိမ်သမားအကျော်အမော်တွေကိုခေါ်ယူပြီး သမီးအတွက် လက်ဖွဲ့ဖို့ မဟာလတာဝတ်စုံကို စီမံပါတယ်။ ဒီဝတ်စုံကို စီမံတဲ့နေရာမှာ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ သန္တာ၊ စိန် အစရှိတဲ့

အဖိုးတန်ရတနာတွေကိုပဲ အသုံးပြုပါတယ်။ တန်ဖိုးအားဖြင့် အဲဒီခေတ်က ကိုးကုဋေကုန်ကျတယ်။ လက်ခက တစ်သိန်းကုန်ကျပါတယ်။ ချုပ်ရိုးတွေမှာ ရွှေချည်ငွေချည်တွေကို အသုံးပြုထားပါတယ်။ ဝါဂွမ်းချည်၊ ပိုးချည်တွေကို လုံးဝ မသုံးပါဘူး။ အနုစိတ် လှလှပပလည်းဖြစ်အောင် လက်ရာမြောက်အောင် ဆောင်ရွက်ရတယ်ဆိုတော့ လေးလကြာသွားပါတယ်။ မဟာလတာဝတ်စုံကြီး မပြီးမချင်း မင်္ဂလာအခမ်းအနားကိုလည်း မရုတ်သိမ်းသေးပါဘူး။ ဒါကြောင့် မင်္ဂလာဆောင်တဲ့ကိစ္စဟာ သတို့သမီးအိမ်မှာ ဧည့်ခံနေတာကပဲ လေးလတိတိ ကြာခဲ့တယ်လို့ မှတ်ပါ။

ကောသလမင်းကြီးဟာ သာကေတမြို့ကို ရောက်ပြီး နှစ်ရက် သုံးရက်လောက်ကြာတဲ့အခါ ဓနဉ္စယ သူဌေးကြီးကို ခေါ်ပြီး–

“သူဌေးမင်း ကျွန်ုပ်မှာ ပရိသတ်ကလည်း သိပ်ပြီးတော့ များတယ်၊ တာရှည်ဧည့်ခံကျွေးမွေးနေရရင် သူဌေးမင်းမှာလည်း အခက်အခဲ ရှိပါလိမ့်မယ်၊ အဲဒါကြောင့် ကျွန်ုပ်တို့ နေပြည်တော်ကို အမြန်ဆုံးပြန်ကြဖို့ သူဌေးမင်းရဲ့သမီးကိုလည်း အမြန်ဆုံး ထည့်ပေးလိုက်ဖို့ စီစဉ်ပါ” လို့ ပြောလိုက်ပါတယ်။ ကောသလမင်းကြီးက အလိုက်သိပါတယ်။ လောကမှာ အလိုက်မသိသူ၊ အရိပ်အကဲ နားမလည်သူတွေက တော်တော်များများ ရှိကြပါ

တယ်။ အလိုက်မသိသူ၊ အရိပ်အကဲ နားမလည်သူများဟာ ပေါင်းသင်းရတာလည်း အတော်ခက်ပါတယ်။ သူတစ်ဖက်သား ကြိုက်မှန်း မသိ၊ မကြိုက်မှန်း မသိ ထင်မိထင်ရာ စွပ်မိစွပ်ရာ ပြောနေတာတွေဟာ ကိုယ့်အချင်းချင်း ပြဿနာရှုပ်တတ်ပါတယ်။ စိတ်ဝမ်းကွဲမှုတွေ ဖြစ်တတ်ပါတယ်။ သူတစ်ဖက်သားရဲ့အထင်သေးခြင်းကိုလည်း ခံရတတ်ပါတယ်။



# ကံနှင့်တူစွာ အကျိုးပေးရာ

ဘုန်းကြီးတို့ငယ်ငယ်တုန်းက လူကြီးတွေပြောတာ သွားပြီးသတိရပါတယ်။ လောကမှာ (၁) ရှင်ဘုရင်၊ (၂) ကလေးငယ်၊ (၃) ဘုန်းကြီး အဲဒီပုဂ္ဂိုလ်သုံးမျိုးဟာ အလိုက်မသိဘူးတဲ့။

ရှင်ဘုရင်တွေဟာ တိုင်းသူပြည်သားတွေ စီးပွားရေးပြေလည်တာ မပြေလည်တာ နားမလည်ဘူး။ သူ လိုချင်တဲ့ အခွန်ရအောင်သာ မရမက ကောက်ခံတာပဲတဲ့။ ကလေးငယ်တွေဟာ လူကြီးမိဘတွေ ဘယ်သို့ဘယ်ပုံ ရှာဖွေရခက်ခဲတယ်၊ အလုပ်အကိုင်အဆင်ပြေတယ် မပြေဘူးဆိုတာ နားမလည်ဘဲ ကိုယ်စားချင်တာ စားရဖို့၊ ဝတ်ချင်တာ ဝတ်ရဖို့၊ လိုချင်တာ တောင်းဖို့ပဲ သိတယ်တဲ့။ ဘုန်းကြီးတွေဆိုတာကလည်း ဒါယကာ၊ ဒါယိကာမတွေ စေတနာသဒ္ဓါတရား တကယ်ရှိတယ် မရှိဘူး၊ လှူစရာပစ္စည်းဥစ္စာ တကယ်ရှိတယ် မရှိဘူးဆိုတာ ဘာမှ မသိဘဲ ကိုယ်လိုချင်တာရအောင် အတင်းအလှူခံတော့တာပဲတဲ့။ ဒါကတော့

များသောအားဖြင့် ဖြစ်တတ်တာကို ပြောတာပါ။ အလိုက်သိတဲ့ ရှင်ဘုရင်၊ အလိုက်သိတဲ့ကလေးငယ်၊ အလိုက်သိတဲ့ ဘုန်းကြီး တွေလည်း ရှိပါသေးတယ်။ ကောသလမင်းကြီးကတော့ အလိုက် သိပါတယ်။

မဟာလတာဝတ်စုံကြီးကလည်း မပြီးသေးတော့ ဓနဥ္စယ သူဌေးကြီးက–

"အရှင်မင်းကြီး အခုအခါ မိုးရာသီလည်းဖြစ်နေတယ်၊ မိုးရာသီမှာ ခရီးထွက်ရတာလည်း သိပ်မကောင်းပါဘူး၊ ပွင့်လင်း ရာသီရောက်မှပဲ နေပြည်တော်ကို ကြွမြန်းတော်မူပါ၊ အဲဒီအချိန် လောက်မှပဲ မဟာလတာတန်ဆာ ပြီးစီးမှာပါ၊ အရှင်မင်းကြီးနဲ့ ဗိုလ်ထုပရိသတ်ကို စားသောက်နေထိုင်ရေးကိစ္စတွေ ဘာမှ ပူပန်စရာမလိုပါဘူးဘုရား၊ ဘုရားကျွန်တော်မျိုးတာဝန် ထား လိုက်ပါ" လို့ သံတော်ဦးတင်လိုက်ပါတယ်။ အဲဒီလို မင်္ဂလာ ဆောင်ပွဲဆင်နွှဲနေတဲ့ လေးလတာကာလအတွင်းမှာ သာကေတ မြို့ကြီးဟာ နက္ခတ်ပွဲသဘင်ကြီး ဆင်နွှဲနေသလားလို့ ထင်ရ လောက်အောင် စည်ကားနေပါတယ်။ အဲဒီမင်္ဂလာပွဲကြီးမှာဆိုရင် ရောက်လာသူတွေအားလုံးဟာ မစားရမသောက်ရဘူးဆိုတာ မရှိရလေအောင် စီမံပေးထားပါတယ်။

မင်္ဂလာပွဲကို ရောက်လာသူတိုင်းက ဓနဥ္စယသူဌေးကြီး ဟာ ငါ့ကိုပဲ အခုလို ကောင်းကောင်းမွန်မွန် ညှော်ခံကျွေးမွေးနေ တာရယ်လို့ ပြောဆိုကြပါတယ်။ အဲဒီလိုနဲ့ တစ်ရက်ပြီး တစ်ရက်

အချိန်တွေ ကုန်ဆုံးလာခဲ့တာ သုံးလကြာသွားပါပြီ။ မဟာလတာဝတ်စုံကြီးကတော့ မပြီးသေးပါဘူး။ ကျွေးမွေးချက်ပြုတ်တဲ့နေရာမှာ ထင်းတွေတော့ ကုန်သွားပြီ။ အဲဒီတော့ အလုပ်သမားတွေဟာ ဓနဉ္စယသူဌေးကြီးထံ အဖြစ်မှန်ကို တင်ပြကြပါတယ်။ သူဌေးကြီးက သာကေတမြို့ထဲမှာ ရှိနေတဲ့ ဆင်တင်းကုပ်၊ မြင်းတင်းကုပ်တွေ အိမ်အိုအိမ်ဆွေးတွေကို ဖျက်စေပြီး ထင်းဆိုက်ခိုင်းလိုက်ပါတယ်။ အဲဒီထင်းတွေဟာလည်း (၁၅) ရက်လောက်ကြာတော့ ကုန်သွားပြန်ပါတယ်။ ဒီတစ်ခါတော့ အဝတ်အစားဂိုဒေါင်ကြီးတွေကို ဖွင့်စေပြီးတော့ ထူထဲကြမ်းတမ်းလှတဲ့အဝတ်အစားတွေကို မီးစာကျစ် ဆီစိမ်ပြီး ထင်းလုပ်ခိုင်းပြန်ပါတယ်။ အဲဒါလည်း (၁၅) ရက်လောက်ကြာတော့ ကုန်သွားပြန်ပါတယ်။ မဟာလတာဝတ်စုံကြီးလည်း အားလုံးပြီးစီးသွားပါတယ်။

ဝိသာခါတို့ရဲ့ မင်္ဂလာဆောင်ပွဲမှာ မိုးလေးလ ကြာခဲ့ပါတယ်။ အဲဒီတော့ ဝါဆိုလကနေ စခဲ့တာ တန်ဆောင်မုန်းလရောက်မှ ပြီးဆုံးသွားတယ်လို့ နားလည်ကြပါ။ အချို့ အရပ်ထဲမှာ ဝါဆိုလ ဝါခေါင်လတွေမှာ မင်္ဂလာမဆောင်ကောင်းဘူးလို့ ပြောနေကြပါတယ်။ မြတ်စွာဘုရားကတော့ ဒီလိုဟောမထားပါဘူး။ ဗေဒင်ကျမ်းကနေလာတဲ့ စကားပါ။ ဝါဆိုလဝါခေါင်လမှာ မင်္ဂလာဆောင်ရင် သတို့သား သတို့သမီးဟာမကြာမီအချိန်အတွင်းမှာပဲ တစ်ယောက်ယောက် သေဆုံးရ

တတ်တယ်တဲ့။ တော်သလင်းလမှာ မင်္ဂလာဆောင်ရင် အဲဒီ ဇနီးမောင်နှံတို့ဟာ စည်းစိမ်ဥစ္စာခေါင်းပါးပြီး မွဲတေတတ်သတဲ့။ နတ်တော်လမှာ မင်္ဂလာဆောင်ရင် သားသမီးမရဘဲ ဖြစ်တတ် တယ်ဆိုပဲ၊ ပြာသိုလမှာ မင်္ဂလာဆောင်ရင်တော့ မိမိတို့မှာ ရှိ ပြီးထားတဲ့ ပစ္စည်းဥစ္စာတွေဟာ တဖြည်းဖြည်း ယိုယွင်းကုန်ခမ်း တတ်သတဲ့။ တပေါင်းလမှာ မင်္ဂလာဆောင်ရင် အဲဒီလင်မယား မကြာမီ ကွဲကွာရတယ်လို့ ဆိုတယ်။

အဲဒီခြောက်လမှ တစ်ပါး ကျန်တဲ့လတွေမှာ ဆောင်ရင် ပစ္စည်းဥစ္စာ ပေါများပြည့်စုံပြီး အိုအောင်မင်းအောင် ပေါင်းသင်း နေထိုင်ကြရတယ်လို့ဆိုပါတယ်။ အဲဒါကို ရှေးတုန်းက လောကီ ဆရာများ လက်စွဲထားပါတယ်။

(ဝါဆိုဝါခေါင် ထိမ်းလျှင်လ သေကိန်းပ ဆွေကြင်ဖော်၊ ခေါင်းပါးစွာ တော်သလင်းနဲ့ သားပုတ္တာ ခြွေရံကင်းပါလိမ့် ကွင်းရှောင်ကြ လနတ်တော်၊ ပြာသိုမှာ ဥစ္စာယွင်းပါလို့ ကွေ ကွင်းကြ တပေါင်းနော်၊ မလျော်တဲ့ ခြောက်လ၊ ကြွင်းမာသေ ထိမ်းမြားပါလေတော့ ရံခြွေ ရွှေ ဆန် စပါးရယ်တို့ ပေါများ ကုံလုံလို့ လူ့ဘုံမှာ အိုအောင်ပေါင်းရမယ်ကွယ့် ကျောင်းကြီး အစ်မ)

မဟာလတာဝတ်စုံကြီးကို ဝိသာခါခေါင်းကနေ စွပ်လိုက် ရင် ခြေဖမိုးအထိအောင် လုံခြုံသွားပါတယ်။ ကွေးတဲ့ဆန့်တဲ့ နေရာတွေမှာတော့ အကွင်းအကွင်းကလေးတွေ ပြုလုပ်ထား

ပါတယ်။ အပေါ်မှာ ဒေါင်းရုပ်တစ်ရုပ်ကိုလည်း ပြုလုပ်တပ်ဆင်ထားပါတယ်။ အဲဒီဝတ်စုံကို ဝိသာခါ ဝတ်ဆင်လိုက်တဲ့အခါ တောင်ထိပ်ပေါ်မှာ ဥဒေါင်းငှက် နားနေသလားလို့တောင် ထင်မှတ်ရတယ်။ လေတိုက်လိုက်တဲ့အခါ ဥဒေါင်းငှက်ရဲ့ တောင်ပံတွေက တူရိယာတီးနေသလို သာယာငြိမ့်ညောင်းတဲ့ အသံပေါ်ထွက်လာပါတယ်။ ဒီဝတ်စုံကြီးဟာ ရွှေ ငွေ စိန် ကျောက် အစရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ ပြုလုပ်ထားတာ ကြောင့် အင်မတန်လည်း လေးလံနေပါတယ်။ ဒါကြောင့် ခွန်အားကောင်းတဲ့ အမျိုးသမီးမှသာ ဝတ်ဆင်နိုင်မှာ ဖြစ်ပါတယ်။ တန်ဖိုးကလည်း ကြီးမားလှတဲ့အတွက်ကြောင့် သာမန်ဘုန်းကံနဲ့ သာမန်ပစ္စည်းဥစ္စာရှိရုံနဲ့ မဝတ်ဆင်နိုင်ပါဘူး။ ကုသိုလ်ကံရှိမှသာ ဝတ်ဆင်နိုင်မှာဖြစ်ပါတယ်။ ဝိသာခါဟာ ဒီဝတ်စုံကို ရထိုက်တဲ့အကြောင်းကံ ရှိလို့ ဝတ်ဆင်နေရတာပါ။ သူ့ရဲ့အတိတ်အကြောင်းကံကို ပြန်လည်စိစစ်ကြည့်ကြပါစို့။

ကဿပဘုရားရှင်လက်ထက်တော်အခါတုန်းက ဝိသာခါက ဗာရာဏသီနေပြည်တော်မှာ အုပ်ချုပ်မင်းလုပ်နေတဲ့ ကိကီမင်းကြီးရဲ့ အငယ်ဆုံး သံဃဒါသီ အမည်ရတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ရဟန်းတော်အရှင်မြတ်တွေကို သင်္ကန်း၊ အပ်ချည်၊ အပ်၊ ဆိုးဆေးတွေကို လှူဒါန်းခဲ့ဖူးပါတယ်။ အဲဒီ ဒါန စေတနာကံကြောင့် အခုလို မဟာလတာဝတ်စုံကြီးကို ရရှိလာတာပါ။ သင်္ကန်းပရိက္ခရာ

လှူဒါန်းရခြင်းဟာ မိန်းမတွေအတွက် မဟာလတာဝတ်စုံကို ရရှိခြင်း၊ ယောကျ်ားတွေအတွက်တော့ တန်ခိုးကြောင့်ဖြစ်တဲ့ သက်န်းကို ရရှိခြင်းဆိုတဲ့ အကျိုးတရားဟာ အမြတ်ဆုံး အထွဋ် အထိပ်ဆုံး ရရှိခြင်းပါပဲ။ တန်ခိုးကြောင့်ဖြစ်တဲ့ သပိတ်သက်န်း ဆိုတာ သီးခြား မိမိက သပိတ်သက်န်း ဝယ်ယူခြင်း ရှာဖွေခြင်း မပြုရဘဲ အလိုလိုဖြစ်ပေါ်လာတဲ့ သပိတ်သက်န်းပါပဲ။

ဘုရားလက်ထက်တော်က အချို့ အမျိုးကောင်းသားတွေဟာ ဘုရားထံတော်မှာ တရားကိုနာယူပြီး သဒ္ဓါတရားတွေ ထက်သန်လာတယ်။ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို တကယ်တမ်း ကျင့်သုံးချင်လာကြတယ်။ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ ကျင့်သုံးဖို့ဆိုတာ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ ရပ်ရေး ရွာရေးတွေ ရှုပ်ပွေနေတာကြောင့် စိတ်တိုင်းကျ ကျင့်သုံးဖို့ မလွယ်ပါဘူး။ အဲဒီတော့ ရဟန်းဘဝနဲ့ ကျင့်သုံးချင်ကြတယ်။ မြတ်စွာဘုရား အထံတော်မှာ ရဟန်းပြုဖို့ အခွင့်တောင်းလေတော့ ရှင်တော်ဗုဒ္ဓက- **"ဧဟိ ဘိက္ခု သွာက္ခါတော ဓမ္မော စရဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တ ကိရိယာယ"**လို့ မိန့်ကြားလိုက်ပါတယ်။ ဒီပါဠိစကားရဲ့ အနက်အဓိပ္ပာယ်ကတော့ "**ဘိက္ခု** ရဟန်း၊ **ဧဟိ** - လာချေလော့၊ **ဓမ္မော**-တရားတော်ကို၊ **မယာ**- ငါဘုရားသည်၊ **သွာက္ခာတော**-ကောင်းစွာဟောကြားတော်မူအပ်လေပြီ၊ **ဒုက္ခဿ**-ဝဋ်ဆင်းရဲ၏၊ **အန္တကိရိယာယ** - အဆုံးဖြစ်သော နိဗ္ဗာန်ကိုရဖို့ရာ **သမ္မာ** -

ကောင်းမွန်စွာ၊ **ဖြဟ္မစရိယံ**-မြတ်သောအကျင့်ကို၊ **စရ** - ကျင့်သုံးလော့”။ အဲဒီလို မြတ်စွာဘုရားက မိန့်ကြားလိုက်တယ်ဆိုရင်ပဲ လူ့အသွင်ကွယ်ပျောက်ပြီး သပိတ်၊ သင်္ကန်းအစရှိတဲ့ ပရိက္ခရာ ကိုယ်မှာ ဆင်မြန်းပြီးဖြစ်တဲ့ ရဟန်းအသွင် ပြောင်းလဲသွားပါတယ်။ အဲဒီလို သူ့အလိုလိုဖြစ်ပေါ်လာတဲ့ သပိတ်သင်္ကန်းကို **ဣဒ္ဓိမယပတ္တစီဝရ** - တန်ခိုးကြောင့်ရတဲ့ သပိတ်သင်္ကန်းလို့ ခေါ်ပါတယ်။ အချို့ ကုသိုလ်ကံအားနည်းတဲ့သူတွေကျတော့ မြတ်စွာဘုရားက ဧဟိဘိက္ခု အစရှိတဲ့စကားနဲ့ ရဟန်းပြုမပေးပါဘူး။ အဲဒီတော့ တန်ခိုးကြောင့်ဖြစ်တဲ့ သပိတ်၊ သင်္ကန်းမရလေတော့ သပိတ်သင်္ကန်းအစရှိတဲ့ ပရိက္ခရာကို ကိုယ့်ဟာကိုယ်ရအောင် ရှာကြရပါတယ်။

**ဧဟိဘိက္ခု** = အစချီတဲ့ စကားရပ်ရဲ့ အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းဖွင့်ဆိုရရင် “ ရဟန်းလာလော့၊ ငါဘုရားဟာ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်ကို ကြားနာရုံပင် အပူစင်ပြီး ကျင့်လျှင် ချမ်းသာကျင့်ပြီးတဲ့အခါမှာလည်း အလွန်ငြိမ်းချမ်း နိဗ္ဗာန်နန်းနဲ့ စခန်းသင့်အောင် မှန်းလင့်ရည်ရော် ဟောတော်မူထားခဲ့ပါတယ်။ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်သုံးချေလော့။ အဲဒီလိုကျင့်သုံးမှသာ ဝဋ်ဆင်းရဲကုန်ဆုံးရာ နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်မှာဖြစ်တယ်” လို့ ဆိုလိုပါတယ်။

မိုးလကုန်လို့ ပွင့်လင်းရာသီလည်းရောက်ရော မင်္ဂလာဆောင်မှုကိစ္စလည်း ပြီးစီးတဲ့အခါ ဓနဉ္စယသူဌေးကြီးက သမီးဝိသာခါအတွက် ပေးသင့်ပေးထိုက်တဲ့ အသုံးအဆောင် ပစ္စည်းဥစ္စာ စားဖွယ်သောက်ဖွယ်တွေကို လှည်းကြီး လှည်းငယ်အသွယ်သွယ်နဲ့ အပြည့်တင်ပြီး ပေးလိုက်ပါတယ်။ "ငါ့သမီး ရောက်လေရာနေရာမှာ ဘာပစ္စည်းမှ လိုလေသေးမရှိပါစေနဲ့၊ သူတစ်ပါးအိမ်ကနေ ချေးငှားရတယ်ဆိုတာ မရှိပါစေနဲ့" ဆိုတဲ့ အကြံနဲ့ပေးလိုက်တာပါ။ ခြေဆုပ်လက်နယ် ရေမိုးချိုး ကျွေးမွေးပြုစုဖို့ဆောင်ရွက်ဖို့ အမျိုးသမီးတွေကိုလည်း ပေးလိုက်ပါသေးတယ်။ ဓနဉ္စယသူဌေးကြီးဟာ နွားတွေကိုလည်း မြောက်မြားစွာ ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် နွားတွေကိုလည်း ပေးလိုက်ပါသေးတယ်။ သမီးအတွက် နွားခြံကိုဖွင့်ပြီး ပေးလိုက်တာ နွားတွေတော်တော်များများ အပြင်ကိုရောက်လာတော့ ဒီလောက်ဆိုရင်တော်လောက်ပြီ ဆိုပြီး ခြံကိုပိတ်လိုက်တဲ့အခါ အချို့နွားတွေကခြံခုန်ပြီး အပြင်ထွက်လိုက်လာကြပါသေးတယ်။ ဘုန်းကံရှိတဲ့သူအတွက် နွားတွေကတောင် ခြံခုန်ပြီး လိုက်သွားရပါသေးတယ်။ ခြံစောင့်တွေက တားမြစ်ပိတ်ပင်သော်လည်း အတင်းရုန်းကန်ထွက်ပြေးပြီး လိုက်သွားကြပါတယ်။ ဝိသာခါရဲ့ရှေးအတိတ်ကပြုခဲ့တဲ့ ကံနဲ့ တူစွာ အကျိုးပေးတာပါပဲ။

ကဿပမြတ်စွာဘုရား လက်ထက် ကိကီမင်းကြီးရဲ့အငယ်ဆုံးသမီးတော် သံဃဒါသီဖြစ်ခဲ့စဉ်က ရဟန်းသာမဏေ

များကို နွားနို့အရသာငါးမျိုးကို လှူဒါန်းဆက်ကပ်ခဲ့ဖူးပါတယ်။ နွားနို့အရသာငါးမျိုးဆိုတာ (၁) နို့ရည်၊ (၂) ဒိန်ခဲ၊ (၃) ထောပတ်၊ (၄) ရက်တက်ရည်၊ (၅) ဆီဦးတို့ဖြစ်ပါတယ်။ အဲဒီလို ဆက်ကပ်လှူဒါန်းစဉ်မှာ ရဟန်းသာမဏေတွေက တော်ပါပြီ၊ ပြည့်စုံပါပြီ ဆိုပြီး သပိတ်ကို ပိတ်ပြီးတားမြစ်တဲ့အခါ "အရှင်ဘုရား ဒါကလေးက အရသာရှိပါတယ်၊ ကောင်းပါတယ်ဘုရား၊ နည်းနည်းထပ်ပြီး ဘုဉ်းပေးလိုက်ပါဦးဘုရား" လို့ ပြောပြောဆိုဆိုနဲ့ သပိတ်ထဲကို အတင်းထည့်ပြီးလှူခဲ့ဖူးပါတယ်။ အဲဒီလို တားမြစ်ထာတောင် စေတနာအပြည့်အဝနဲ့ လှူဒါန်းခဲ့ဖူးတာကြောင့် အခုလို နွားတွေကလည်း တားမြစ်ထာတောင် အတင်းလိုက်သွားရခြင်းဆိုတဲ့ အကျိုးကို ရပါတယ်။



# စည်းစိမ်ခြွေရဲ့ စုံပြည့်လှူ

ဘုန်းကြီးတို့ယောဂီများဟာ စေတနာထက်သန်ရင် ထက်သန်သလို အကျိုးပေးတယ်။ စေတနာညံ့ရင် အကျိုးပေးညံ့တယ်။ အကြောင်းနဲ့ တူစွာ အကျိုးတရားဖြစ်ပေါ်လာတယ်ဆိုတာ နားလည်ရပါလိမ့်မယ်။ အဲဒီလို ပေးသင့်ပေးထိုက်တဲ့ သက်ရှိပစ္စည်း သက်မဲ့ပစ္စည်းတွေကို ပေးလိုက်တဲ့အခါ ဓနဥ္စယသူဌေးရဲ့ ဇနီးသည်ဖြစ်တဲ့ သုမနဒေဝီက–

"ဘယ့်နှယ်လဲ သူဌေးမင်း သမီးအတွက် ပစ္စည်းဥစ္စာတွေကိုတော့ ပေးလိုက်တယ်၊ အမှုကြီးငယ်ကို ဆောင်ရွက်ဖို့ အလုပ်သမားတွေကိုတော့ ထည့်မပေးတော့ဘူးလား" လို့ ဆိုတော့ သူဌေးကြီးက

"ငါ့သမီးနဲ့ အတူတူလိုက်မသွားချင်တဲ့ အလုပ်သမားတွေကို အတင်းအဓမ္မ အမိန့်နဲ့လိုက်သွားလို့ ငါမပြောချင်ဘူး၊ ငါ့သမီးသွားတဲ့အချိန်ရောက်မှပဲ လိုက်ချင်တဲ့သူတွေ လိုက်သွားစေဖို့ ငါပြောလိုက်မယ်" လို့ ဆိုပါတယ်။

မင်္ဂလာအခမ်းအနားရုပ်သိမ်းပြီးတဲ့ ညနေခင်းမှာ ဓနဉ္စယ သူဌေးကြီးဟာ "အင်း မနက်ဖြန်ဆိုရင် ငါ့သမီးဟာ ယောကျ်ား နောက်ကို လိုက်သွားတော့မယ်" လို့ တွေးမိတာကြောင့် သမီး ဝိသာခါကို အခန်းထဲခေါ်ပြီး အဆုံးအမပေးလိုတဲ့အတွက် "ငါ့ သမီး ယောက္ခမရဲ့အိမ်ကို လိုက်ပါသွားရမည့် ချွေးမတို့မည်သည်

(၁) အတွင်းမီးကို အပြင်မထုတ်ရဘူး။
(၂) အပြင်ကမီးကိုလည်း အတွင်းမသွင်းရဘူး။
(၃) ပေးလာတဲ့သူကို ပေးပါ။
(၄) မပေးတဲ့သူကို မပေးပါနဲ့။
(၅) ပေးလာတဲ့သူကိုဖြစ်စေ၊ မပေးလာတဲ့သူကို ဖြစ်စေ ပေးသင့်ရင် ပေးသာပေးပါ။
(၆) ချမ်းချမ်းသာသာ နေထိုင်ရမယ်။
(၇) ချမ်းချမ်းသာသာ စားရမယ်။
(၈) ချမ်းချမ်းသာသာ အိပ်ရမယ်။
(၉) မီးကို လုပ်ကျွေးရမယ်။
(၁၀) အိမ်တွင်းနတ်ကို ရှိခိုးရမယ်။"

အဲဒီလို ဩဝါဒဆယ်ချက်ကို ပြောကြားလိုက်ပါတယ်။

ဝိသာခါဟာ ဉာဏ်ပညာထက်မြက်တဲ့ အမျိုးသမီးဆို တော့ ဒီလောက်ပြောရင် အဓိပ္ပာယ်ကို သဘောပေါက်သွားပါ တယ်။ နောက်နေ့နံနက်မှာတော့ ပရိသတ်စုံစုံညီညီရှိတဲ့အခိုက်

သာဝတ္ထိမြို့မှလာတဲ့ ထင်ရှားကျော်ကြားတဲ့ မြို့မျက်နှာဖုံးသူဌေး ကြီး ရှစ်ယောက်အထံမှာ–

"သူဌေးမင်းတို့ခင်ဗျား ကျွန်ုပ်ရဲ့သမီးမှာ အပြစ်တစ်စုံ တစ်ရာတွေ့မြင်ရလို့ရှိရင် သူဌေးမင်းတို့ပဲ သွန်သင်ဆုံးမပေးကြ ပါခင်ဗျာ" လို့ ပြောဆိုအပ်နှံလိုက်ပါတယ်။

ဘုန်းကြီးတို့ငယ်ငယ်တုန်းကဆိုရင် မိဘတွေဟာ အရပ် ထဲမှာရှိတဲ့ ရင်းနှီးရာရာလူကြီးတွေအထံမှာ ကိုယ့်ရဲ့သားသမီး တွေကို အမြင်မတော်တာတွေ့ခဲ့ရင် မညှာမတာ ဆုံးမပေးဖို့ အပ်နှံထားကြပါတယ်။ အဲဒီတော့ သားသမီးတွေဟာ လူငယ်တို့ သဘာဝ စည်းလွတ်ဝါးလွတ် ပျော်ချင်ပါးချင်လာပြီဆိုရင် မိဘ တွေရဲ့မျက်ကွယ်ရာမှာဖြစ်သော်လည်း လေးစားကြောက်ရွံ့ရတဲ့ အရပ်လူကြီးတွေရှိနေတော့ မိမိကိုယ်ကို ပြန်လည်ထိန်းသိမ်းမှု ကလေးတွေ ရှိလာကြပါတယ်။ အခုခေတ်မှာတော့ အချို့မိဘ တွေဟာ မိမိတို့ရဲ့သားသမီးတွေ မတော်တရော်လုပ်တာတွေ့လို့ သွားပြောတာတောင် မကြိုက်ချင်ကြဘူး။ အဲဒီတော့ သားသမီး တွေဟာ ဘယ်လိုလုပ်ပြီး ဆုံးမလို့ရတော့မှာလဲ။' ဒါတွေကို အခု တရားနာပရိသတ်ထဲမှာပါတဲ့ မိဘဖြစ်သူတွေက သင်ခန်းစာ ယူဖို့ ကောင်းပါတယ်။

ဓနဉ္စယသူဌေးဟာ သမီးဝိသာခါကို မဟာလတာဝတ်စုံ ကြီး ဝတ်ဆင်ပေးပြီး ပစ္စည်းဥစ္စာတွေ လိုလေသေးမရှိ ပြည့် ပြည့်စုံစုံ ထည့်ပေးပြီးတဲ့နောက် ပတ်ဝန်းကျင်ရွာကြီး (၁၄) ရွာမှာ

"ငါ့သမီးဝိသာခါနဲ့ အတူ ယာဝတ္တိကို လိုက်သွားချင်တဲ့သူတွေ လိုက်သွားကြ" လို့ ကြေညာလိုက်ပါတယ်။ ဓနဉ္စယသူဌေးကြီးဟာ အဲဒီရွာကြီး (၁၄) ရွာမှာ ဩဇာညောင်းပါတယ်။ ရှင်ဘုရင်ကိုယ်တိုင်က အလေးထားပြီး ခေါ်ယူလာတဲ့သူ ဖြစ်တာကလည်း တစ်ကြောင်း၊ ဓနဉ္စယသူဌေးရဲ့ အုပ်ချုပ်မှုအောက်မှာ နေကြတဲ့သူတွေ ဖြစ်တာလည်း တစ်ကြောင်းဆိုတော့ သူဌေးကြီးကို လေးစားကြပါတယ်။ သူဌေးကြီးရဲ့ ကြေညာလိုက်တဲ့အသံကို ကြားလိုက်ရတဲ့သူတွေဟာ အိမ်တိုင်းလိုလိုက တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြပြီး "ငါတို့အရှင်မ ဝိသာခါ ဒီအရပ်မှာ မရှိတော့ရင် ငါတို့လည်း ဒီမှာနေလို့ အလကားပေါ့၊ ဒါ့ကြောင့် အရှင်မဝိသာခါနဲ့ အတူလိုက်သွားမယ်" လို့ ဆိုပြီး စုဝေးလာကြပါတယ်။ ဝိသာခါကို သိပ်ပြီးတော့ချစ်ခင်ကြပါတယ်။ ဓနဉ္စယသူဌေးကြီးလည်း ကောသလမင်းကြီးကိုရော မိဂါရသူဌေးကြီးကိုပါ ကောင်းကောင်းမွန်မွန် ပြုစုစီမံပေးပြီးတော့ သာကေတမြို့ကနေ လွန်သည့်တိုင်အောင် လိုက်လံပို့ဆောင်ပါသေးတယ်။

မိဂါရသူဌေးကြီးဟာ နောက်ဆုံးကနေ ယာဉ်ငယ်စီးပြီး လိုက်လာပါတယ်။ အင်မတန်များပြားလှတဲ့ ပရိသတ်ကို မြင်ရတော့ တအံ့တဩတုန်လှုပ်ပြီး အကျိုးအကြောင်းမေးမြန်းကြည့်တော့ ဝိသာခါရဲ့ ဝေယျာဝစ္စ အမှုကြီးငယ်ကို ပြုလုပ်ပေးဖို့ လိုက်လာကြတဲ့ အလုပ်သမားတွေဖြစ်ကြောင်း သိရတော့–

“အဲဒီလောက်များပြားလှတဲ့ လူတွေကို ငါ မကျွေးမွေး နိုင်ဘူး၊ ပြန်မောင်းထုတ်ကြ” လို့ ဆိုပါတယ်။ သူဌေးက မောင်း ထုတ်ခိုင်းတယ်ဆိုတော့ အချို့လူတွေလည်း ကြောက်လန့်ပြီး ထွက်ပြေးကြပါတယ်။ အဲဒီအခါ ဝိသာခါက ကျွေးမွေးဖို့ကိစ္စ ကို သူ တာဝန်ယူကြောင်း ပြောပြလိုက်ပါတယ်။ အဲဒီလို တာဝန် ယူတယ်ဆိုတာတောင်မှ မိဂါရသူဌေးကြီးက ဒီပရိသတ်တွေ များလွန်းတယ်ဆိုပြီး အကန့်အသတ်နဲ့ ခေါ်သွားပါတယ်။ ဝိ သာခါကို ချစ်ခင်တဲ့သူတွေ အလွန်ပဲများလှပါတယ်။ ဒီလို အခြွေအရံအသင်းအပင်းများတယ်ဆိုတာ အကြောင်းမဲ့ဖြစ်လာ ရတာ မဟုတ်ပါဘူး။ အကြောင်းနဲ့ကိုက်ညီစွာ အကျိုးပေးမှုတွေ ပါပဲ။

အချို့လူတွေက ကိုယ်တိုင်တော့ လှူဒါန်းမှု ဒါနကုသိုလ် ပြုကြတယ်။ ဒါပေမယ့်လို့ သူတစ်ပါးတွေကိုတော့ လှူဒါန်း ဖို့ မတိုက်တွန်းကြဘူး။ အဲဒီလိုလူမျိုးတွေဟာ ဖြစ်လေရာရာ သံသရာမှာ စည်းစိမ်ဥစ္စာတွေတော့ ပေါများပြည့်စုံတယ်။ ဒါ ပေမယ့် အခြွေအရံ အသင်းအပင်းနည်းပါးတယ်။ ကိစ္စကြီးငယ် ရှိလို့ အရပ်ထဲ သွားတဲ့အခါ ကုသိုလ်ရေးနဲ့ ကျောင်းကန်ဘုရား သွားတဲ့အခါမှာတောင် အိမ်စောင့်ပေးမယ့်သူ မရှိ ဖြစ်နေတတ် တယ်။

- **မိမိသာလှူ သူများမှု မလှူစေခဲ့ပါ၊**
- **စည်းစိမ်ပေါများ ခြွေရံရှား ဖြစ်ငြားဘဝမှာ။**

အချို့အချို့သူတွေကျပြန်တော့ ကိုယ်တိုင်လည်း စေတနာအပြည့်အဝနဲ့ လှူဒါန်းကြတယ်။ သူများတွေကိုလည်း လှူဒါန်းဖို့ တိုက်တွန်းနှိုးဆော်တတ်တယ်။ အဲဒီလို အကြောင်းရှိတော့ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်းမှာ စည်းစိမ်ဥစ္စာတွေလည်း ပေါများတယ်။ အခြွေအရံအသင်းအပင်းလည်း ပေါများပြည့်စုံတယ်။

- **မိမိလည်း လှူ၊ သူများမှ ပေးလှူစေခဲ့ပါ၊**
- **စည်းစိမ်ခြွေရံ စုံပြည့်လျှံ ဖြစ်ပြန်ဘဝမှာ။**

အချို့ကျပြန်တော့ ကိုယ်တိုင်က လှူဒါန်းမှု ဒါနကုသိုလ်ကို မပြုကြဘူး။ ဒါပေမယ့်လို့ သူများတွေကိုတော့ လှူဒါန်းဖို့ တိုက်တွန်းလေ့ရှိကြတယ်။ ကားလမ်းတွေမှာ အသံချဲ့စက်နဲ့ အော်ဟစ်ပြီး သူများတွေကို လှူခိုင်းနေကြတာမျိုးတွေလိုပေါ့။ အဲဒီလိုအကြောင်းကံကြောင့် ဒီလူဟာ ဖြစ်လေရာရာ သံသရာမှာ စည်းစိမ်ဥစ္စာကတော့ ရှားပါးတယ်။ ဒါပေမယ်လို့ အခြွေအရံအသင်းအပင်းက ပေါများပါတယ်။

- **မိမိမလှူ၊ သူများမှ ပေးလှူစေခဲ့ပါ၊**
- **စည်းစိမ်ရှားပါး ခြွေရံများ ဖြစ်ငြားဘဝမှာ။**

အချို့လူတွေကျတော့ ကိုယ်တိုင်လည်း လှူဒါန်းမှု မရှိဘူး။ သူတစ်ပါးတွေကိုလည်း လှူဒါန်းဖို့ တိုက်တွန်းပြောကြားလေ့ မရှိဘူး။ အဲဒီလိုလူမျိုးဟာ ဖြစ်လေရာရာ သံသရာမှာ စည်းစိမ်ဥစ္စာလည်း ရှားပါးတယ်။ အခြွေအရံ အသင်းအပင်း

ရှိသတ်ကလည်း မရှိဘူး။ တစ်ကောင်ကြွက် တစ်မျက်နှာမျိုး ပါ။

- **မိမိမလှူ၊ သူများမှ မလှူစေခဲ့ပါ၊**
- **စည်းစိမ်ခြွေရံ ရှားနှစ်တန် ဖြစ်ပြန်ဘဝမှာ။**

လောကကြီးမှာ အခု မြင်တွေ့နေကြရတာတွေဟာ အကြောင်းရှိလို့ ဖြစ်လာရတဲ့ အကျိုးတွေပါ။ မိမိတို့က ကောင်းကျိုးကို လိုလားပါတယ်ဆိုရင် ကောင်းမြတ်စင်ကြယ်တဲ့ အကြောင်းကံကို ဆည်းပူးထားကြရမယ်ဆိုတာ နားလည်ကြ ပါ။ ဝိသာခါအနေနဲ့ အခုလို စည်းစိမ်လည်းပေါများပြည့်စုံ၊ အခြွေအရံလည်း ပေါများပြည့်စုံတယ်ဆိုတာ သက်ဆိုင်ရာ အကြောင်းတွေပြည့်စုံနေလို့ အဲဒီအကြောင်းတွေက အကျိုးပေး နေတာပဲလို့ နားလည်ကြပါ။

ဝိသာခါဟာ သာဝတ္ထိမြို့တံခါးရောက်တော့ "ငါဟာ လုံခြုံတဲ့ယာဉ်ပေါ်မှာ ထိုင်လိုက်ပြီး မြို့ထဲဝင်ရရင် ကောင်း မလား၊ သို့မဟုတ် အမိုးအကာမရှိတဲ့ ယာဉ်ရထားပေါ်မှာနေပြီး ဝင်ရရင် ကောင်းမလားလို့ စဉ်းစားပြီး လုံခြုံတဲ့ယာဉ်နဲ့ လိုက် ပါသွားရင် မဟာလတာဝတ်စုံကြီးရဲ့ ဂုဏ်ထူးဝိသေသကို သူများ တွေသိကြမှာ မဟုတ်ဘူး" လို့ နားလည်ပြီး မိမိကို တစ်မြို့လုံးက မြင်စေလိုတာကြောင့် အမိုးအကာဖွင့်ထားတဲ့ ယာဉ်ရထားနဲ့ စီးနင်းပြီး လိုက်ပါသွားပါတယ်။ ဝိသာခါဟာ သောတာပန် အဆင့်ပဲ ရှိပါသေးတယ်။ ကာမရာဂဆိုတဲ့ တရားကို မပယ်နိုင်

သေးပါဘူး။ အဲဒါကြောင့် မိမိရဲ့လှပမှု ခန့်ညားမှုကို ဖော်ထုတ်ပြသချင်တဲ့စိတ် ရှိနေပါသေးတယ်။ ကြွားဝါချင်သေးတယ်ပေါ့။ လောကမှာ လှပကြော့ရှင်းနေတဲ့ အဝတ်တန်ဆာတွေဝတ်ဆင်နေကြတာ၊ ဖြီးလိမ်းပြင်ဆင်နေကြတာတွေဟာ သူတစ်ဖက်သားတွေက ကြည့်လို့ကောင်းအောင် လုပ်နေကြတာပါ။ သေသေချာချာ စဉ်းစားကြည့်ကြပါ။ သူတစ်ဖက်သား ကောင်းကောင်းမွန်မွန် ကြည့်ရဖို့ လှလှပပ ဝတ်စားပေးရတာ၊ ဖြီးလိမ်းပြင်ဆင်ပေးရတာဟာ ငွေလည်းကုန်တယ် ပင်ပန်းလည်း ပင်ပန်းလှပါတယ်။

ဝိသာခါဟာ အမိုးအကာဖွင့်ထားတဲ့ ယာဉ်ရထားကို စီးပြီး မြို့ထဲ ဝင်လာခဲ့ပါတယ်။ သာဝတ္ထိမြို့သူ မြို့သားတွေဟာ ဝိသာခါရဲ့ စည်းစိမ်ဥစ္စာပြည့်စုံမှုကို တွေ့မြင်လိုက်ရတော့ “ဝိသာခါဟာ တယ်ပြီးတော့လှပပါလား၊ သူ့အဝတ်အစားနဲ့ သူ့အလှ တယ်ပြီးတော့လိုက်တာပဲ” လို့ ပြောကြပါတယ်။ ယောက္ခမအိမ်ကိုလည်း ရောက်ရော မြို့သူမြို့သားတို့က “ငါတို့ တစ်တွေ သာကေတမြို့ကိုရောက်ခဲ့တုန်းက သူ့ဖခင် ဓနဉ္စယ သူဌေးကြီးဟာ ကြီးကြီးကျယ်ကျယ် ကောင်းကောင်းမွန်မွန် ဧည့်ခံတယ်” ဆိုပြီး ကျေးဇူးတရားကို အမှတ်ရပြီး အခု ဝိသာခါ အထံကို လက်ဖွဲ့ဖို့ပစ္စည်းဥစ္စာတွေ အမျိုးမျိုး လာရောက်ပေးပို့ကြပါတယ်။ ဝိသာခါဟာ နဂိုမူလကလည်း သူ့မှာ ဘာမဆို

လိုလေသေးမရှိ ပြည့်စုံနေတာကြောင့် လက်ဖွဲ့ဖို့ လက်ဆောင်ပစ္စည်းလာရောက်ပို့သတဲ့လူတွေကို တုံ့ပြန်ပြီး–

"ဒီပစ္စည်းတွေကို ငါ့ညီမ ယူသွားပါ၊ ဒီပစ္စည်းကို ငါ့မောင်ယူသွားပါ၊ ဟောဒီပစ္စည်းကို ငါ့အစ်မယူသွား၊ ဟောဒီပစ္စည်းကို ငါ့အစ်ကိုယူသွားပါ" စသည်ဖြင့် အရွယ်နဲ့လျော်ညီစွာ ချစ်ခင်ဖွယ်စကားကို ပြောဆိုပြီးတော့ ပေးလိုက်ပါတယ်။ သာဝတ္ထိမြို့တစ်မြို့လုံးက လူတွေနဲ့ ဆွေမျိုးသားချင်းပမာ ချစ်ချစ်ခင်ခင်ရှိနေပါတယ်။

# အသိဉာဏ်မဲ့ အယူလွဲ

လောကထဲမှာနေပြီး ကြီးပွားချမ်းသာချင်တဲ့သူဟာ

(၁) **ဥဋ္ဌာနမ္မ** = ကိုယ့်ရဲ့လုပ်ရပ်တွေဟာ ဖြောင့်မတ်ရမယ်။

(၂) **နိဝါတ** = မာန်ထောင်လွှားမှု ကင်းရမယ်။

(၃) **ပိယဝါစာ** = ချစ်ခင်ဖွယ်စကားကို ပြောဆိုတတ်ရမယ်။

ပတ်ဝန်းကျင်နဲ့ မကင်းဘဲ အလုပ်လုပ်နေရတာဖြစ်တဲ့ အတွက်ကြောင့် ပတ်ဝန်းကျင်က ယုံကြည်လက်ခံလာရလေအောင် ဖြောင့်မှန်မှု ရှိရပါမယ်။ လိမ်ညာကောက်ကျစ်မှုတွေ မရှိစေရပါဘူး။ အချို့ဈေးသည်တွေ လိမ်ညာရောင်းတာတွေ၊ အလေးမမှန် တင်းမပြည့်နဲ့ ရောင်းတာ ဝယ်တာတွေဟာ စင်စစ်တော့ ကောက်ကျစ်မှုတွေပါပဲ။ အဲဒီလို ကောက်ကျစ်တာကို ပတ်ဝန်းကျင်က သိသွားရင် ကိုယ့်ဆိုင်မှာ ဈေးဝယ်သူရှိမှာ

မဟုတ်တော့ဘူး။ တစ်စတစ်စနဲ့ ကိုယ့်ရဲ့မရိုးသားမှုကြီး ပေါ်လွင်လာတော့ ကိုယ့်လုပ်ငန်းတွေလည်း ဘယ်အဆင်ပြေတော့မှာလဲ။ အဲဒီတော့ စီးပွားရေးတွေ ကျဆင်းလာပြီပေါ့။

ပတ်ဝန်းကျင်နဲ့ ဆက်ဆံတဲ့နေရာမှာ မိမိက အပေါ်စီးကနေ ပြောဆိုဆက်ဆံနေရင် အများသူငါရဲ့ မုန်းတီးခြင်းကို ခံရပါတယ်။ အချို့ဌာနတွေမှာဆိုရင် အရည်အချင်းရှိသူ ဖြစ်သော်လည်း မာနထောင်လွှားပြီး သူတစ်ဖက်သားနဲ့ ဆက်ဆံတဲ့နေရာမှာ မောက်မာလွန်းတာကြောင့် ရာထူးမတိုးတာတွေ၊ အချို့ဆိုရင် ရာထူးကနေ အဖြုတ်ချခံရတာတွေတောင် ရှိပါသေးတယ်။ မိမိကိုယ်ကို အထင်ကြီးပြီး မာနထောင်လွှားတဲ့သူဟာ သူတစ်ပါးကို အထင်အမြင်သေးပြီး နှိမ့်ချပြောဆိုဆက်ဆံမှုတွေကြောင့် ပတ်ဝန်းကျင်ရဲ့မုန်းတီးခြင်းကို ခံရပြီး မိမိရဲ့လောကရေး၊ ဓမ္မရေးကိစ္စတွေမှာ အကူအညီမရတာတွေ အများကြီးပါပဲ။

အချို့ဌာနတွေမှာ ကိုယ့်အပြစ်ရှိပင် ရှိသော်လည်း အပြောအဆိုပြေပြစ်တာကြောင့် အကြီးအကဲတွေက အပြစ်မယူတော့ဘဲ ခွင့်လွှတ်လိုက်တာတွေလည်း ရှိပါတယ်။ အချို့သူတွေဆိုရင် အပြောကောင်းလို့ ရာထူးတက်သွားတာတွေလည်း ရှိပါတယ်။ အပြောအဆိုကောင်းတဲ့အတွက်ကြောင့် မိမိရဲ့ဆိုင်မှာ ဈေးဝယ်လာတဲ့သူတွေ တန်းစီပြည့်နှက်နေတာတွေလည်း ရှိကြပါတယ်။

အပြောအဆိုပြေပြစ်ရင် အများသူငါ ချစ်ခင်ကြပါတယ်။ အဲဒါကြောင့် ချစ်ခင်ဖွယ်ပြောဆိုတတ်ခြင်းဟာလည်း ကြီးပွားခြင်းရဲ့ အကြောင်းတစ်ခုပါပဲ။ "ဖရုသဝါစာ နာမ တိရစ္ဆာနဂတာနမ္ပိ အမနာပါ၊ ရန့်ရင်းကြမ်းတမ်းတဲ့စကားကို တိရစ္ဆာန်တို့သော်မှလည်း မနှစ်သက်" လို့ အဋ္ဌကထာမှာ ဆိုစကားရှိပါတယ်။ ဒါကြောင့် ကြီးပွားချမ်းသာရေးကို လိုလားတဲ့သူဟာ ချစ်ခင်နှစ်သက်ဖွယ် သူတစ်ဖက်သားနားဝင်တဲ့ စကားမျိုးကိုသာ ပြောကြားသင့်ပါတယ်။

- **ဥဇုကမ္မ နိဝါတ ပိယဝါစာဆို။**
- **ပြည့်စုံစေသား၊ ဤသုံးပါး ကြီးပွားကြောင်းမို့ကို။**

ဝိသာခါ သာဝတ္ထိမြို့ကိုရောက်တဲ့ညဥ့်မှာ သန်းခေါင်ယံအချိန် အိမ်မှာမွေးထားတဲ့ အာဇာနည်မြည်းမဟာ သားဖွားခါနီးမို့ ဝမ်းနာနေပါတယ်။ နာတဲ့ဒဏ်ချက်ကို မခံနိုင်လို့ အော်ဟစ်လူးလိမ့်နေပါတယ်။ ခန္ဓာမှန်သမျှဟာ နာကျင်မှုသဘောရှိပါတယ်။ လူ့ခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ စသည်ဖြင့် ဘယ်ခန္ဓာမဆို ဆင်းရဲဒုက္ခတွေစုပေါင်းထားတဲ့ အရာပါ။ အာဇာနည်မြည်းမရဲ့ အော်ဟစ်နေတဲ့အသံကို ကြားရတော့ ဝိသာခါဟာ သနားစိတ်တွေဖြစ်ပေါ်လာပြီး မိမိရဲ့အခြွေအရံအမျိုးသမီးတွေကို နှိုးပြီးတော့ အာဇာနည်မြည်းမကို ရေနွေးနဲ့ ရေချိုးပေးပါတယ်။ အင်္ဂါကြီးငယ်ပေါ်မှာလည်း ဆီလိမ်းပေးပြီး ပြုစုလိုက်ပါတယ်။

အိမ်မှာ ရှိနေတဲ့ အခြားအလုပ်သမားတွေ ဘယ်သူကမှ မပြုစု ကြပါဘူး။ သူတော်ကောင်းတွေဟာ သူတစ်ဖက်သား ဆင်းရဲ ဒုက္ခရောက်တာကို မကြည့်ရက်ကြပါဘူး။ ကယ်တင်ချင်တဲ့ စိတ် ရှိကြပါတယ်။

အဲဒီလိုစိတ်သဘောကို ကရုဏာလို့ခေါ်ပါတယ်။ စီးပွား ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး စသည်ဖြင့် အကြပ်အတည်းတွေ့နေတဲ့သူကို အဲဒီအခက်အခဲ အကြပ် အတည်းတွေကနေ လွတ်မြောက်ရလေအောင် ကိုယ်တိုင်ဆောင် ရွက်ပေးရမယ်။ အဲဒီလို ကိုယ်ထိလက်ရောက်ဆောင်ရွက်ပေး တာကို ကာယကံ ကရုဏာလို့ခေါ်ပါတယ်။ စိတ်ဓာတ်ကျဆင်း နေတဲ့သူတွေ စိတ်အားငယ်နေတဲ့သူတွေကို အားပေးစကားပြော ဆိုပြီးတော့ စိတ်ဆင်းရဲမှုကနေ လွတ်မြောက်အောင် ပြောဆို အားပေးမယ်ဆိုရင် ဝစီကံကရုဏာလို့ ခေါ်ပါတယ်။ ကိုယ်ထိ လက်ရောက်ဆောင်ရွက်ပေးဖို့ နှုတ်အားဖြင့် ဝင်ရောက်အားပေး စကားပြောကြားဖို့ အခွင့်မသာဘူး။ မဖြစ်နိုင်ဘူးဆိုရင် အဲဒီ ဆင်းရဲဒုက္ခခံနေရတဲ့သူကို ဆင်းရဲဒုက္ခကနေ လွတ်မြောက်ပါစေ ဆိုကဲ့ စိတ်မျိုး ပွားများပေးရပါတယ်။ အဲဒါဟာ မနောကံ ကရုဏာပါပဲ။

အချို့ အချို့သူတွေက ကရုဏာတရား ကင်းမဲ့ကြပါ တယ်။ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို ကယ်တင်ဖို့ မကြိုးစားဘဲ

သူ့ရဲ့အားနည်းချက်ကို အခွင့်ကောင်းယူပြီး ကိုယ်ကျိုးအတွက် အသုံးချသွားကြတာလည်း ရှိကြပါတယ်။ အဲဒီလို ယုတ်ညံ့တဲ့ စိတ်စေတနာတွေကြောင့် တစ်နေ့ကျရင် မိမိ ပြန်ခံရလိမ့်မယ် ဆိုတာကို သတိပြုကြပါ။ ကံစေတနာဆိုတာ တန်ပြန် တူသော အကျိုးကို ပေးတတ်ပါတယ်။ ဝိသာခါကတော့ အရိယာသူတော် ကောင်းဖြစ်တဲ့အတွက်ကြောင့် ဆင်းရဲဒုက္ခ ကြုံတွေ့နေရတဲ့ အာဇာနည်မြည်းမကို သက်သောင့်သက်သာဖွားနိုင်အောင် ပြုစု ပေးလိုက်ပါတယ်။

မိဂါရသူဌေးကြီးဟာ နေ့ကောင်းရက်သာရွေးပြီး တစ်နေ့ မှာတော့ မိမိရဲ့အိမ်မှာ မင်္ဂလာညှော်ခံပွဲ ဆောင်ရွက်ပါတယ်။ အဲဒီမင်္ဂလာညှော်ခံပွဲနေ့မှာ မြတ်စွာဘုရားကို ပင့်ဖိတ်ဖို့ လုံးဝ စိတ်မကူးပါဘူး။ နှစ်ပေါင်းများစွာ မိမိကိုယ်းကွယ်လာခဲ့တဲ့ နဂ္ဂသမဏလို့ခေါ်တဲ့ အဝတ်မပါ ဗလာကိုယ်လုံးတီး မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတွေကို သတိရပြီး ပင့်ဖိတ်ပါတယ်။ လောကမှာ လူတွေ ဟာ ကိုယ်မြတ်နိုးရာ၊ ကြည်ညိုရာကို လှူဒါန်းပေးကမ်းတတ် ကြပါတယ်။ အရိုအသေပြုတတ်ကြပါတယ်။ လှူဒါန်းတာက တော့ ကိုယ်ကြည်ညိုရာကို လှူနိုင်ပါတယ်။ ဒါပေမယ့်လို့ ကောင်းကျိုးများများ ရချင်ရင်တော့ အလှူခံပုဂ္ဂိုလ်ကောင်းကို ရွေးချယ်ရပါတယ်။ အသီးအနှံများစွာရချင်တဲ့ လယ်သမားဟာ မြေဩဇာညံ့တဲ့လယ်ရယ်၊ မြေဩဇာကောင်းတဲ့လယ်ရယ် နှစ်ခု

ရှိရင် မြေဩဇာကောင်းမွန်တဲ့လယ်မှာ စပါးစိုက်ပျိုးရမှာ ဖြစ်ပါတယ်။ ဒါမှသာ အပင်ရှင်သန်ပြီး အသီးအနှံများစွာ ရမှာဖြစ်ပါတယ်။ မြေဩဇာညံ့တဲ့လယ်မှာ စိုက်ပျိုးခဲ့မိရင် အပင်လည်း မသန်စွမ်းသလို အသီးအနှံလည်း အောင်အောင်မြင်မြင်ပေါပေါများများရလာမှာ မဟုတ်ပါဘူး။ ဒါကြောင့် အလှူခံပုဂ္ဂိုလ်တည်းဟူသော လယ်မြေမှာ ဒါနတည်းဟူသောမျိုးစေ့ကိုကြဲချစိုက်ပျိုးတော့မယ်ဆိုရင် ကိုယ်ကျင့်သိက္ခာဆိုတဲ့ မြေဩဇာကောင်း ရှိမရှိ စိစစ်ဖို့သင့်ပါတယ်။ မြေဩဇာညံ့တဲ့ လယ်မြေမှာ မြေဩဇာကောင်းတဲ့လယ်မြေထင်ပြီး မျိုးစေ့ကို ကြဲချစိုက်ပျိုးသော်လည်း မြေဩဇာကောင်းတဲ့လယ်မြေမှာလို အသီးအနှံများစွာရလာမှာ မဟုတ်ပါဘူး။

အခုတော့ မိဂါရသူဌေးဟာ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတွေရဲ့အထံမှာ ဒါနအမှုကို ပြုနေပါတယ်။ ရေမရောတဲ့ နို့ဃနာဆွမ်းတွေကို အသစ်စက်စက်အိုးတွေထဲမှာ ကျကျနနချက်ပြီး လှူဒါန်းနေပါတယ်။ မိစ္ဆာဒိဋ္ဌိ ကိုယ်တုံးလုံးရဟန်းတွေ အိမ်ထဲရောက်လာတဲ့အခါ မိဂါရသူဌေးက–

“ငါ့ချွေးမ ဝိသာခါရေ ရဟန္တာတွေကို လာရောက်ရှိခိုးကြည်ညိုပါဦး” လို့ ပြောလိုက်ပါတယ်။ ရဟန္တာဆိုတဲ့အသံကိုလည်း ကြားလိုက်ရရော ဝိသာခါဟာ ဝမ်းမြောက်ဝမ်းသာနဲ့အိမ်အခန်းထဲကနေ ထွက်လာပါတော့တယ်။ ဝိသာခါဟာ

သောတာပန်ဖြစ်တာကြောင့် ဘုရား တရား သံဃာ ရတနာ သုံးပါးကို သိပ်ပြီးတော့ ကြည်ညိုပါတယ်။ အရိယာဖြစ်ပြီးတဲ့ သူဟာ လောကီပစ္စည်းဥစ္စာ ရတနာတွေ ဘယ်လောက်ပဲ တန်ဖိုး ရှိနေနေ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးလောက် တန်ဖိုးထားမှု ကြည်ညိုမှု မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့စိတ်အစဉ်မှာ တရားစစ်တရားမှန်တည်ပြီး အသိမှန်ရနေ လို့ပါ။ မိဂါရသူဌေးကတော့ မိစ္ဆာဒိဋ္ဌိတွေကို ရဟန္တာလို့ မှတ် ယူနေပါတယ်။

အခုခေတ်မှာလည်း အိန္ဒိယနိုင်ငံမှာ ဂျိန်းဘုန်းကြီးတွေ ရှိနေပါသေးတယ်။ ဂျိန်းဘုန်းကြီးတွေထဲမှာ အဝတ်ဝတ်တဲ့ ဂိုဏ်းရယ်၊ မဝတ်တဲ့ဂိုဏ်းရယ် ဆိုပြီး (၂) ဂိုဏ်းရှိပါတယ်။ အချို့သူတွေဆိုရင် အဲဒီအဝတ်မဝတ်တဲ့ ဂျိန်းဘုန်းကြီးတွေကို ရဟန္တာမှတ်ပြီး ကြည်ညိုကိုးကွယ်နေကြတာ ရှိပါသေးတယ်။ နံနက်စောစောကာလ မိုးလင်းစအချိန် အဝတ်မပါတဲ့ ဂျိန်း ဘုန်းကြီးတွေ ကိုယ့်အိမ်ရှေ့ရောက်လာပြီး အလှူခံရင် သိပ်ပြီး တော့ မင်္ဂလာကျက်သရေရှိတယ်။ စီးပွားတိုးတက်တယ်။ လာဘ် ကောင်းလာဘ်မြတ်တွေ ဝင်တော့မယ်လို့ ယူဆနေကြပါတယ်။ အဲဒီ အဝတ်မပါတဲ့ ဂျိန်းဘုန်းကြီးတွေဟာ နေ့လည်ခင်းမှာ အရပ်ထဲ သွားလာနေကြတာလည်း ရှိပါသေးတယ်။ အချို့ ကျတော့ ဘတ်စ်ကားပေါ်တောင် တက်စီးနေကြသေးတယ်။

ဘုန်းကြီးတို့မျက်စိနဲ့ ဆိုရင်တော့ မြင်ရတာ အောင့်သက်သက် နိုင်လှပါတယ်။

မိဂါရသူဌေးရဲ့စကားကြောင့် ဝိသာခါဟာ ရဟန္တာတွေကို ဖူးမြော်ကန်တော့ဖို့ လျင်လျင်မြန်မြန်ထွက်လာခဲ့တယ်။ အပြင်လည်းရောက်ရော ကိုယ်တုံးလုံး မိစ္ဆာဒိဋ္ဌိပုဏ္ဏားတွေကို မြင်လိုက်ရတော့ ကြောက်သွားလန့်သွားပါတယ်။ ကိုယ်တုံးလုံးကြီးတွေကလည်း တစ်ယောက်တည်းမှ မဟုတ်ဘဲ။ အဲဒီတော့ ဝိသာခါဟာ–

"အို... ဘယ့်နှယ်ဟာကြီးတွေပါလိမ့်၊ ဒီလို အရှက်အကြောက် ကင်းမဲ့တဲ့ဟာကြီးတွေက ရဟန္တာတဲ့လား၊ ငါ့ယောက္ခမကလည်း ဘာကြောင့် ငါ့ကိုခေါ်ပြီး ဒါကြီးတွေကို ရှိခိုးခိုင်းရတာလဲ၊ အမလေး ရွံစရာကြီးတွေပါလား" စသည်ဖြင့် ပြောဆိုကဲ့ရဲ့ပြီး အိမ်ထဲ ပြေးဝင်သွားတယ်။

အဲဒီအခါ ကိုယ်တုံးလုံး မိစ္ဆာဒိဋ္ဌိပုဏ္ဏားတွေ စိတ်ဆိုးပြီး သူဌေးကြီးကို "ဟင် သူဌေးမင်းရယ်၊ လောကမှာ မိန်းမရှားလို့လား၊ ရဟန်းဂေါတမရဲ့တပည့်ဖြစ်တဲ့ မိန်းမယုတ်ကိုမှ အိမ်ခေါ်လာရသလား၊ ချွေးမတော်ရသလား၊ ဒီကောင်မကို အိမ်မှာ မထားနဲ့၊ မြန်မြန်မောင်းထုတ်ပစ်လိုက်" လို့ ပြောဆိုလိုက်ပါတယ်။ တရားအသိဉာဏ်နည်းသူတွေဟာ ကိုယ်မနှစ်သက်ဖွယ်ရာ မမြတ်နိုးဖွယ်ရာကို မြင်ရကြားရရင်ပဲ စိတ်ဆိုးတတ်ကြတာဟာ ဓမ္မတာပါပဲ။ တရားအသိဉာဏ်ရှိသူတွေကတော့ သတိ

ပညာရှိနေကြတာကြောင့် မနှစ်သက် မမြတ်နိုးဖွယ်ရာအာရုံနဲ့ ကြုံတွေ့ရသော်လည်း ဒေါသမဖြစ်ရအောင်၊ နှစ်သက်မြတ်နိုး ဖွယ်ရာအာရုံနဲ့ ကြုံတွေ့ရသော်လည်း လောဘမဖြစ်ရအောင် စောင့်စည်းနိုင်ကြပါတယ်။ တရားအားထုတ်တယ်ဆိုတာ အာရုံ ကောင်းရအောင် ရှာဖွေနေတာ မဟုတ်ပါဘူး။ သတိပညာအား ကောင်းအောင် အလုပ်လုပ်နေတာပါ။



# ကုသိုလ်မဲ့ပြား အဟောင်းစား

ကိုယ်တုံးလုံး မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတွေမှာတော့ ကိုယ်ကျင့်တရားမရှိ သတိလွတ်ကင်းတာကြောင့် ဒေါသအမျက်ထွက်ပြီး နေကြပါတယ်။ ဝိသာခါဟာ အမျိုးမြတ်တဲ့သူဖြစ်တာကလည်း တစ်ကြောင်း၊ ဂုဏ်ရှိတာလည်း တစ်သွယ်၊ အခြားပြစ်ချက်တွေကလည်း ဘာမှမရှိတာက တစ်ဖုံဆိုတော့၊ မိဂါရသူဌေးကြီးဟာ ချက်ချင်းနှင်မထုတ်ရဲပါဘူး။ အဲဒါကြောင့် သူကိုးကွယ်တဲ့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတွေကို–

“အရှင်မြတ်ဘုရား ငယ်ရွယ်တဲ့သူဆိုတော့ ကောင်းတယ် ဆိုးတယ် ဘာမှမသိသေးတာကြောင့် ပြောမှားဆိုမှား ရှိတတ်ပါတယ်ဘုရား၊ အရှင်ဘုရားတို့အနေနဲ့ သည်းခံတော်မူကြပါဘုရား” လို့ ချော့မော့တောင်းပန်လိုက်ရပါတယ်။ ဒကာဖြစ်သူက ဆရာကိုပြန်ပြီး တရားဟောနေရပြန်တယ်။ ‘ကိုးကွယ်တယ်ဆိုတာ ကိုယ့်ထက်ကိုယ်ကျင့်တရားသာမှ ကိုးကွယ်ရတယ်’ လို့

ကျေးဇူးတော်ရှင် ရွှေဥမင်တောရဆရာတော်ဘုရားကြီးက မကြာ မကြာ မိန့်ကြားလေ့ရှိပါတယ်။ အခုတော့ အကိုးကွယ်ခံဆရာ သမားတွေက ဒေါသထွက်စိတ်ဆိုးနေတာကို ဒကာဖြစ်သူက တရားပြန်ချနေရတယ်။ ကိုးကွယ်တဲ့ဆရာမှားရင် တစ်သံသရာ လုံး ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရတတ်ပါတယ်။ ဒါကြောင့် ကုန် ရှုံးရင် တစ်ခေါက်၊ လင်ရှုံးတော့ တစ်သက်၊ ဆရာရှုံးတော့ တစ်သံသရာလို့ ဆိုရိုးစကားရှိခဲ့ပါတယ်။

တကယ်လည်း ဟုတ်ပါတယ်။ ကုန်ရောင်းကုန်ဝယ် လုပ်တဲ့သူဟာ ပထမတစ်ခေါက် လုပ်ရပ်မှာ အရှုံးပေါ်သွားခဲ့ရင် အဲဒါကို သင်ခန်းစာယူပြီး ကောင်းအောင်ကြိုးစားလိုက်ရင် နောက်တစ်ကြိမ်မှာ အမြတ်ပေါ်ထွက်လာပါတယ်။ အမျိုးသမီး တွေ အိမ်ထောင်ပြုတဲ့အခါ အကျင့်စာရိတ္တ ပျက်ယွင်းတဲ့သူ၊ လောကရေး ဓမ္မရေး ဘာမှနားမလည်တဲ့သူ အဲဒီလိုမျိုးနဲ့သာ အိမ်ထောင်ပြုမိရင် ဒီတစ်သက်မှာ ပြင်မရတော့တဲ့အတွက် ကြောင့် နေ့စဉ်သဘောထားချင်း မတိုက်ဆိုင်လို့ စိတ်ဆင်းရဲမှု များစွာနဲ့ ကြုံတွေ့နေရပါတယ်။ အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာတွေ ကို တိုးပွားအောင်လည်း မလုပ်တတ်၊ ထိန်းသိမ်းစောင့်ရှောက်မှု လည်း မရှိတဲ့အတွက်ကြောင့် ပစ္စည်းဥစ္စာတွေလည်း ကုန်ခမ်း တတ်တယ်။ ကုသိုလ်ရေးလုပ်ငန်းတွေမှာလည်း လိုက်လံပြီး ကန့်ကွက်ပြစ်တင်နေတဲ့အတွက်ကြောင့် မိမိရဲ့ဓမ္မရေးရာဆိုင်ရာ လုပ်ငန်းတွေ လစ်ဟင်းပါတယ်။ အဲဒီတော့ သံသရာတစ်လျှောက်

လုံး ဆင်းရဲရပြန်ပါတယ်။ ဝိသာခါလို အသိအလိမ္မာနဲ့ပြည့်စုံတဲ့ မိန်းကလေးတောင်မှ ဘာသာအယူဝါဒမတူတဲ့သူကို အိမ်ထောင်ပြုမိတဲ့အတွက်ကြောင့် အစပိုင်းမှာ အခက်အခဲနဲ့ ကြုံခဲ့ရပုံကို သင်ခန်းစာယူကြပါ။

သဒ္ဓါမရှိတဲ့သူ မပေးရက်လို့ ဝန်တိုတဲ့သူအတွက် အလှူဒါနအကြောင်းတွေကို ဘယ်လိုပဲပြောပြော ဘယ်လိုပဲ လှူဖို့တိုက်တွန်းနေနေ သဒ္ဓါတရားမဖြစ်လာတဲ့အပြင် "ဒီလူဟာငါ့ကို တမင်သက်သက်လှူဖို့တမ်းဖို့ ပြောပြီး နှိပ်စက်နေတယ်၊ ငါ့ကို စောင်းမြောင်းပြီး ပြောနေတယ်" လို့ ယူဆပြီးတော့ဒေါသတွေတောင် ဖြစ်လာတတ်ပါတယ်။ သူ့အတွက် အဲဒီသဒ္ဓါတရားနဲ့စပ်ယှဉ်တဲ့ စကားဟာ အမင်္ဂလာစကားဖြစ်သွားပါတယ်။ ကိုယ်ကျင့်သီလ ပျက်ပြားနေတဲ့လူရဲ့ရှေ့မှာ ကိုယ်ကျင့်သီလနဲ့ပတ်သက်တဲ့ စကားတွေကို ပြောဟောပြနေရင် ဒီစကားကို မကောင်းတဲ့စကားလို့ယူဆပြီး ဒေါသဖြစ်လာတတ်ပါတယ်။ စိတ်ဆိုးလာတတ်ပါတယ်။ စကားပြောရင် ယောဂီတို့ကြည့်ပြီးပြောကြနော်။ အရက်မူးနေတဲ့လူ အရက်ရောင်းနေတဲ့လူရဲ့ရှေ့မှာ အရက်သေစာသောက်စားခြင်းရဲ့ အပြစ်ဒေါသတွေ၊ အရက်သေစာဟာ မရောင်းဝယ်အပ်တဲ့ ပစ္စည်းလို့ သွားပြောကြည့်ပါလား၊ ဒီလူ ငါ့ကိုလာပြီး စောင်းပြောနေတယ်လို့ဆိုပြီး ရန်သူလို သတ်မှတ်ခံရတတ်ပါတယ်။ မှန်ကန်တဲ့စကားဖြစ်သော်လည်း ပြောသင့်မှ ပြောကြပါ။

မိစ္ဆာဒိဋ္ဌိ ကိုယ်တုံးလုံး ပုဏ္ဏားတွေ ပြန်သွားကြပြီးတဲ့အချိန်မှာ မိဂါရသူဌေးကြီးဟာ အိမ်ဦးခန်းမှာထိုင်ပြီး ရွှေခွက်ထဲ ရေမရောတဲ့ ဂနာနို့ဆွမ်းကို ထည့်စားနေပါတယ်။ အဲဒီအချိန်မှာ ဆွမ်းခံလှည့်လည်တဲ့ ရဟန္တာအရှင်မြတ်တစ်ပါးဟာ မိဂါရသူဌေးကြီးရဲ့အိမ်ရှေ့မှာ ဆွမ်းခံရပ်လာပါတယ်။ ဝိသာခါက ယောက္ခမသူဌေးကြီးရဲ့အနီးအနားမှာ ယပ်ခပ်ပြီးနေတော့ ဆွမ်းခံကိုယ်တော်ကို တွေ့မြင်နေရပါတယ်။ ဆွမ်းခံကိုယ်တော်ရောက်လာတဲ့အကြောင်းကို ယောက္ခမသူဌေးကြီးကို ပြောကြားဖို့ မသင့်ဘူးဆိုတာ စဉ်းစားမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မိစ္ဆာဒိဋ္ဌိသူဌေးကြီးဟာ သဒ္ဓါတရားကင်းမဲ့နေလို့ပါပဲ။ **"အသဒ္ဓိယဿ သဒ္ဓါကထာ ဒုက္ကထာ** = သဒ္ဓါတရားမရှိသူအတွက် သဒ္ဓါတရားနဲ့ စပ်ယှဉ်တဲ့ စကားတွေဟာ မကောင်းတဲ့စကားပဲ ဖြစ်တတ်ပါတယ်"။ **ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ** = ပညာဉာဏ်ကင်းမဲ့နေသူအတွက် အသိအလိမ္မာ ဉာဏ်ပညာနဲ့စပ်တဲ့ စကားပြောကြားလိုက်ရင်ပဲ အဲဒီစကားဟာ မကောင်းတဲ့စကား ဖြစ်သွားပါတယ်။

ဝိသာခါဟာ လိမ္မာပါးနပ်တဲ့ အမျိုးသမီးဖြစ်တာကြောင့် အရိပ်အခြေအနေကို နားလည်သူပီပီ သူဌေးကြီးကို တိုက်ရိုက်မပြောဘဲ ဆွမ်းခံကိုယ်တော်ကို မိဂါရသူဌေးကြီး မြင်သွားရလေအောင် ဘေးနားနည်းနည်းရွှေ့ပြီး ထိုင်ပေးလိုက်ပါတယ်။ သူဌေးကြီးက အိမ်ရှေ့မျက်နှာစာတည့်တည့် မျက်နှာမူပြီး စား

သောက်နေတော့ ဝိသာခါက သူဌေးရဲ့ရှေ့ကနေ ယပ်ခတ်နေတာမို့ ရတ်တရက် သူဌေးကြီးက မမြင်ရဘူးပေါ့။ ဒါကြောင့် မိဂါရသူဌေးကြီး မြင်သွားရလေအောင် ဘေးနားနည်းနည်းရွှေ့ပြီး ထိုင်ပေးလိုက်ရတာပါ။ မပြောဘဲသိအောင် လုပ်လိုက်တာပေါ့။ မိဂါရသူဌေးဟာ မိစ္ဆာဒိဋ္ဌိ အယူရှိသူဆိုတော့ ဆွမ်းခံကိုယ်တော်ကို မြင်ရသော်လည်း မမြင်ချင်ယောင်ဆောင်ပြီး ခေါင်းငုံ့လို့ စားမြဲစားနေပါတယ်။ ဝိသာခါလည်း သူ့ယောက္ခမရဲ့အကြောင်းကို နားလည်နေတာကြောင့် ဆွမ်းခံကိုယ်တော်ဘက်လှည့်ပြီး "ကန်တော့ဆွမ်းပါ အရှင်ဘုရား၊ တပည့်တော်မရဲ့ယောက္ခမဟာ အစာဟောင်းတွေကို စားနေရတဲ့ ပုဂ္ဂိုလ်ပါဘုရား" လို့ နည်းနည်းချိတ်တိတ်တိတ်လုပ်ပြီး ပြောလိုက်ပါတယ်။ မခံချင်အောင် ကလိပေးတာပါ။

ဝိသာခါရဲ့စကားကို ကြားရတဲ့အခါ မိဂါရသူဌေးကြီးဟာ ဒေါသစိတ်တွေမွှန်ထူလာပြီး အလုပ်သမားတွေဘက်လှည့်ပြီး "ဟောဒီ ငါ့စားပွဲကို သိမ်းလိုက်ကြစမ်း၊ ဟောဒီကောင်မကိုလည်း အိမ်ကနေ နှင်ထုတ်ပစ်ကြ၊ အခုလို မင်္ဂလာပွဲဆင်နွှဲနေတဲ့အချိန်မှာ သူက ငါ့ကို မစင်စားသလေး ဘာလေးနဲ့ မင်္ဂလာမရှိတဲ့စကားကို ပြောနေတယ်"လို့ ဆိုလိုက်ပါတယ်။ မိဂါရသူဌေးကြီးဟာ နိဂဏ္ဌာတွေကိုပြောတဲ့အခါတုန်းကတော့ သည်းခံနိုင်ပြီး အခု မိမိကိုယ်ကို တိုက်ရိုက်ထိလာတဲ့အခါမှာတော့ မခံမရပ်နိုင်ဖြစ်လာပါတယ်။ "သည်းခံလိုက်စမ်းပါကွာ"

လို့ သူတစ်ပါးတွေကို တရားချနေတဲ့သူတွေဟာ သူတို့ကိုယ်တိုင် သည်းခံခြင်းတရား ကျင့်သုံးဖို့ကျတော့ အတော့်ကို ခက်ခဲနေတာ တွေ့ရဖူးပါတယ်။ တရားဆိုတာ အပြောနဲ့ မပြီးပါဘူး။ လက်တွေ့ကျကျ ကျင့်သုံးမှသာ တရားရဲ့အကျိုးသက်ရောက်မှုကို ခံစားရမှာပါ။ ဒါကြောင့် ဘုန်းကြီးတို့ယောဂီများလည်း မမျှော်လင့်ဘဲ အခက်အခဲတွေနဲ့ ကြုံတွေ့လာရတဲ့အခါမှာ စိတ်ဆင်းရဲမှု စိတ်ညစ်မှုတွေနဲ့ မကြုံရလေအောင် တရားကို လက်တွေ့ကျကျ ကြိုးစားပြီးတော့ ကျင့်သုံးကြပါ။

မိမိစိတ်ရဲ့ ပစ္စုပ္ပန်အခြေအနေကို အမှန်အတိုင်း သိရလေအောင် မကြာမကြာပြန်ပြီး စစ်ဆေးတဲ့သူတွေဟာ တဖြည်းဖြည်း စိတ်ဓာတ်တွေရင့်ကျက်ပြီး သည်းခံနိုင်တဲ့စွမ်းအားတွေကိုလည်း ရရှိလာတတ်ပါတယ်။ လက်တွေ့ကျကျ တကယ်လုပ်ကြည့်ပါ။ မိဂါရသူဌေးကြီးမှာတော့ လက်တွေ့ကျကျ ကျင့်စဉ် ဘာမှမရှိတာကြောင့် ဒေါသစိတ်တွေ ထိန်းမရ သိမ်းမရ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါကြောင့် ဝိသာခါကို အိမ်ပေါ်ကနေ မောင်းချလိုက်တာပါ။ အဲဒီအိမ်မှာရှိတဲ့ ကျေးကျွန်အစေအပါး အလုပ်သမားတွေဟာ ဝိသာခါရဲ့ ဩဝါဒခံတွေ၊ ဝိသာခါနဲ့ အတူတူပါလာတဲ့သူတွေသာ များကြပါတယ်။ ဒါကြောင့် ကျေးကျွန် အလုပ်သမားတွေဟာ ဝိသာခါကို နှုတ်နဲ့လည်း မပြောရဲ၊ လက်ခြေကိုဆွဲပြီးတော့လည်း မထုတ်ပစ်ရဲကြပါဘူး။ ဝိသာခါ

ဟာ လိမ္မာပါးနပ်တဲ့ပညာရှိနေတာကြောင့် မိဂါရသူဌေးကြီးရဲ့ နှင်ထုတ်တဲ့စကားကို ကြားလိုက်ရတော့–

“ဖခင်ရယ် သမီးကိုလေ ဖခင်တို့က ရေချိုးဆိပ်မှာ တွေ့ခဲ့ရတဲ့ ရေခပ်နေတဲ့ကျွန်မကို ခေါ်ယူသလို အလွယ်တကူနဲ့ ခေါ်ယူလာတာ မဟုတ်ပါဘူး၊ အသက်ထင်ရှားရှိနေတဲ့ မိဘတွေရဲ့ရှေ့မှာ စနစ်တကျ ထိမ်းမြားမှုပြုပြီး ခေါ်လာခဲ့တာပါ၊ ဖခင်တစ်ယောက်တည်းက နှင်ချရုံနဲ့ ဒီအိမ်ကနေ သမီး ထွက်မသွားနိုင်ပါဘူး၊ သာကေတမြို့ကနေ ထွက်လာခါနီးမှာ ဖခင် ဓနဥ္စယသူဌေးက မြို့ရဲ့မျက်နှာဖုံ ထင်ရှားကျော်ကြားတဲ့ သူဌေးကြီးရှစ်ဦးရဲ့ရှေ့မှာ ‘ကျုပ်သမီးမှာ အပြစ်တစ်စုံတရာတွေ့ခဲ့ရင် ကျုပ်ကိုယ်စား ဆုံးမကြပါခင်ဗျာ’ လို့ ပြောဆိုပြီး အပ်ထည့်ပေးလိုက်တယ် မဟုတ်လား၊ အဲဒါကြောင့် အခု သမီးမှာ အပြစ်ရှိတယ်မရှိဘူး ဆိုတာကို အဲဒီသူဌေးကြီး ရှစ်ဦးရှေ့မှာ စစ်ဆေးပြီးမှ အပြစ်ရှိတယ်ဆိုတာမှန်ရင် နှင်ထုတ်လိုက်ပါ” လို့ ပြောလိုက်ပါတယ်။

ဝိသာခါရဲ့စကားဟာ ဥပဒေသောင်ဝင်တာကြောင့် မိဂါရသူဌေးကြီးက “အင်း ဒါလည်း ဟုတ်တာပဲလေ” လို့ နှလုံးသွင်းပြီး သူဌေးကြီးရှစ်ယောက်ကို ချက်ချင်းဖိတ်ခေါ်လိုက်ပြီးတော့

“ကဲ သူဌေးမင်းတို့ ကိစ္စကတော့ ကျုပ်ရဲ့ချွေးမ ဝိသာခါဟာ မင်္ဂလာရှိတဲ့နံနက်ခင်းမှာ ကျွန်ုပ် နံနက်စာစားနေစဉ်မှာ ‘မစင်အညစ်အကြေးကို စားတဲ့လူ’ လို့ မိုက်မိုက်ရိုင်းရိုင်း ပြော

ဆိုပါတယ်၊ ကျုပ်ဟာ ဒီလိုချွေးမမျိုးကို အိမ်မှာထားလို့ မဖြစ်ပါဘူး၊ ဒါကြောင့် အခု သူဌေးမင်းတို့ကို ဖိတ်ခေါ်ပြီးတော့ အသိပေးပါတယ်”လို့ ပြောပြလိုက်တယ်။ ဒီတော့ ရောက်ရှိလာတဲ့ သူဌေးကြီးတွေက–

“ဟုတ်သလား သမီး”လို့မေးတော့ ဝိသာခါက–

“ဖခင်တို့ သမီးဟာ ကိုယ့်ယောက္ခမကို မစင်စားတဲ့လူကြီးလို့ပြောတာ မဟုတ်ရပါဘူး၊ ယောက္ခမသူဌေးကြီး နံနက်စောစော စားသောက်နေစဉ်မှာ ဆွမ်းခံကိုယ်တော်တစ်ပါးက အိမ်ရှေ့မှာ ရပ်တော်မူလာပါတယ်၊ အဲဒီလို ကြည်ညိုဖွယ်ရဟန်းတော်တစ်ပါး အိမ်ရှေ့မှာရပ်နေတာသိပါလျက်နဲ့ ပေးကမ်းလှူဒါန်းမှုကိုလည်း မပြုဘူး၊ မမြင်ချင်ယောင် ဆောင်နေပါတယ်၊ အဲဒီတော့ သမီးက ‘အင်း ငါ့ယောက္ခမဟာ အခုဘဝမှာ ဒါနသီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကံအသစ် ဘာတစ်ခုမှ မလုပ်ဘူး၊ ရှေးရှေးဘဝက ပြုခဲ့ဖူးထားတဲ့ ကုသိုလ်ကံအဟောင်းတွေကြောင့်သာ အခုလို သူဌေးစည်းစိမ်ကို ခံစားနေရတာပဲ’လို့ တရားသဘောနဲ့ တွေးပြီးတော့ ‘ကန်တော့ဆွမ်းပါဘုရား တပည့်တော်ရဲ့ ယောက္ခမဟာ အဟောင်းတွေကိုပဲ စားနေရပါတယ်’ လို့ ပြောမိပါတယ်၊ သမီးပြောတဲ့အတိုင်း ဟုတ်မဟုတ် သမီးမှာ အပြစ်ရှိမရှိ စဉ်းစားပြီး ဆုံးဖြတ်ကြပါဦး ဖခင်တို့”လို့ ဆိုပြီး ဖြေရှင်းချက်ပေးလိုက်ပါတယ်။

တကယ်လည်း ဟုတ်ပါတယ်။ အခု ဘုန်းကြီးတို့

ယောဂီတို့ လက်ရှိရထားတဲ့ခန္ဓာဟာ အတိတ်က အကြောင်းကံကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးတရားကြီးပါ။ အကြောင်းကံကောင်းရင် အဆင့်အတန်းမြင့်တဲ့ခန္ဓာ ရမှာပါ။ အကြောင်းကံမကောင်းခဲ့ရင်တော့ ဆင်းရဲမွဲတေ အခြေစုတ်ပြတ်တဲ့ အောက်တန်းကျတဲ့ခန္ဓာတွေ ရကြမှာပါ။ အခု ပစ္စုပ္ပန်မှာပြုနေကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေဆိုတာ အသစ်တွေပါ။ အခု အသစ်ပြုတဲ့အကြောင်းတွေဟာလည်း အချိန်တန်ရင် အကျိုးပေးမှာပါ။ ဒါကြောင့် အကျိုးပေးကောင်းစေချင်ရင် ဒါန သီလ ဘာဝနာဆိုတဲ့ အကြောင်းကောင်းတွေကို ဆည်းပူးရပါတယ်။ အခု ပစ္စုပ္ပန်ဘဝမှာ ကိုယ်ကျင့်သီလတွေ ချို့တဲ့နေမယ်ဆိုရင် ဒါနအမှုတွေလည်း မပြုဘဲ ဣဿာမစ္ဆရိယတွေ ပွားနေတယ်ဆိုရင် အကြောင်းကံညံ့ဖျင်းတယ်လို့ ဆိုရပါလိမ့်မယ်။ အကြောင်းတရားညံ့ဖျင်းနေရင် အကျိုးတရားတွေလည်း ညံ့ဖျင်းသွားမှာပါ။ ဒါကြောင့် အကြောင်းကံကို အဆင့်အတန်းမြင့်မားရလေအောင် ယခုကတည်းက သတိထားပြီးတော့ ကြိုးစားပြုပြင်ကြပါ။

❁



# ဖခင်အဆုံးအမ ရှင်းကာပြ

သူဌေးကြီးရှစ်ဦးကလည်း ဘာသာရေး၊ လူမှုရေး၊ ရပ်ရေးရွာရေးဆိုင်ရာ အသိဉာဏ်ရှိသူတွေ ဖြစ်တာကြောင့် "ဒီလိုဆိုရင်လည်း သူဌေးမင်းရဲ့ ဝိသာခါမှာ အပြစ်မရှိပါလား၊ ချွေးမဖြစ်သူက တရားသဘောနဲ့အညီ ပြောဆိုနေတာပဲလေ၊ သူဌေးမင်းက ဘာကြောင့် စိတ်ဆိုးနေရတာလဲ၊ သည်းခံလိုက်စမ်းပါဗျာ" လို့ ပြောပြီး ဖြန်ဖြေပေးလိုက်ပါတယ်။ မိဂါရသူဌေးကြီးဟာ လူကြီးဖြစ်ပြီး မှားမှားယွင်းယွင်းပြုမိတာကြောင့် နည်းနည်းလည်း ရှက်သွားပုံရပါတယ်။ လူကြီးဆိုတာမျိုးဟာ ရှက်လာရင် ဟိုရမ်းဒီရမ်း ရမ်းလာတတ်ပါတယ်။ ဒါကြောင့် အပြစ်တစ်ခုခု မတွေ့တွေ့အောင်ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ "ကဲလေ သူဌေးမင်းတို့က ဒီကိစ္စမှာ ကျုပ်ချွေးမ အပြစ်မရှိပါဘူးဆိုလည်း ထားပါတော့၊ နောက် ကျုပ်မကြိုက်တာ တစ်ခုရှိသေးတယ်၊ ဝိသာခါ

ဟာ တစ်ခုသောညဥ့်သန်းခေါင်ယံအချိန်မှာ သူ့အစေခံ မိန်းမ တွေနဲ့အတူ အိမ်နောက်ဖေးဆီဆင်းသွားတယ်၊ အဲဒီအချိန်ဟာ မိန်းကလေးတွေ အပြင်ထွက်သွားတဲ့အချိန် မဟုတ်ဘူး၊ သူဌေး မင်းတို့ ကြည့်ပြီး လုပ်ကြပါဦး” လို့ ဆိုတော့–

သူဌေးကြီးတွေက ဝိသာခါကို ဟုတ်မဟုတ် စစ်မေးတော့ “ဖခင်တို့ သန်းခေါင်ယံအချိန် အိမ်နောက်ဖေးဆင်းသွားတယ် ဆိုတာ အကြောင်းမဲ့သက်သက်သွားတာ မဟုတ်ပါဘူး၊ အိမ်မှာ မွေးထားတဲ့ အာဇာနည်မြည်းမတစ်ကောင်ဟာ သားဖွားဖို့ရာ ဝမ်းနာပြီး အော်ဟစ်ညည်းတွားနေတာကို ပြုစုမလို့ သွားတာပါ၊ အဲဒီလို ဆင်းရဲဒုက္ခကြုံတွေ့နေတဲ့မြည်းမကို ဘယ်သူကမှ ဂရု မစိုက်တဲ့အတွက်ကြောင့် သမီးက သနားလို့ ရေနွေးနဲ့ ကျက်ထုပ် ထိုးပေး၊ ဆီလိမ်းပေး နှိပ်နယ်ပေးခဲ့တဲ့အတွက်ကြောင့် ကောင်း ကောင်းမွန်မွန်နဲ့ သားဖွားနိုင်ပါတယ်၊ အဲဒါ သမီးမှာ အပြစ် ရှိပါသလား” လို့ ဆိုလိုက်ပါတယ်။ အဲဒီတော့ သူဌေးကြီး တွေက–

“ဒီလိုဆိုရင် သူဌေးမင်းရယ် အိမ်မှာရှိတဲ့အလုပ်သမား တွေ ကျေးကျွန်တွေကတောင်မလုပ်တဲ့ အလုပ်ကိုတောင် ချွေးမ ဖြစ်သူက သွားပြီး အောက်ခြေသိမ်းလုပ်ပေးနေတာပဲ၊ အပြစ် မဟုတ်တာကို သူဌေးမင်းက ဘာကြောင့် အပြစ်လို့မြင်နေရ တာလဲ၊ သည်းခံလိုက်စမ်းပါဗျာ” လို့ ဆိုတော့ မိဂါရသူဌေး ကြီးက–

"အဲဒါ အပြစ်မရှိဘူးဆိုလည်း ထားပါတော့ဗျာ၊ ကျုပ်စိတ်ထဲမရှင်းတာ မေးချင်သေးတယ်၊ ဝိသာခါရဲ့အဖေ ဓနဉ္စယသူဌေးဟာ ကျုပ်တို့ သာကေတမြို့ကနေ ပြန်မလာမီ တစ်နေ့မှာ ဝိသာခါကို အခန်းထဲခေါ်ပြီး စကားဆယ်ခွန်း ပြောဆိုမှာကြားလိုက်တယ်၊ အဲဒီစကားတွေကို ကျုပ် သိပ်ပြီး ဘဝင်မကျဘူး၊ သူ့အဖေမှာလိုက်တဲ့စကားတွေက **'အတွင်းမီးကို အပြင်မထုတ်ရ'** ဘူးတဲ့ဗျာ၊ စဉ်းစားကြည့်ကြစမ်းပါဦး၊ ကျုပ်တို့အရပ်ထဲမှာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ နေရတာ အကြောင်းအားလျော်စွာ အိမ်နီးနားချင်းတွေက အလိုရှိလို့ တောင်းလာရင် မီးမပေးဘဲ နေလို့ ဖြစ်ပါ့မလားဗျာ"လို့ ဆိုတော့ ဝိသာခါက–

"သမီးရဲ့ဖခင် ဓနဉ္စယသူဌေးဟာ ပကတိမီးကို ရည်ရွယ်ပြီးပြောတာ မဟုတ်ပါဘူး၊ ဆိုလိုရင်းကတော့ 'သမီးရယ် ကိုယ့်ယောက္ခမ၊ ကိုယ့်လင်သားတွေရဲ့ တစ်စုံတစ်ရာအပြစ်ကို မြင်ရ တွေ့ရလို့ရှိရင် ဟိုဟိုဒီဒီ ပတ်ဝန်းကျင်က အိမ်တွေမှာ လိုက်မပြောနဲ့၊ တကယ်လို့ ပြောမိရင် အဲဒါ မီးလိုပဲ ပူတတ်တယ်' ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောတာပါ" လို့ ဖြေရှင်းလိုက်ပါတယ်။

တကယ်လည်း ဟုတ်ပါတယ်။ ကိုယ့်အိမ်တွင်းမှာဖြစ်တဲ့ ကိစ္စကို ကိုယ့်အိမ်တွင်းမှာပဲ ပြေလည်အောင် တိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြင်ပလူစိမ်းကို သွားပြောမိရင် ပတ်ဝန်းကျင်မှာ ပျံ့နှံ့ပြီး မကောင်းသတင်းတွေ ထွက်ပေါ်လို့

ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို အရှက်ကွဲစရာ ဖြစ်တတ်ပါတယ်။ ပတ်ဝန်းကျင်ကလည်း "ခင်ဗျားတို့ချွေးမဟာ ယောက္ခမမကောင်းကြောင်း၊ လင်သားရဲ့ မကောင်းကြောင်းကို အရပ်တကာလည်ပြီး ပြောနေတယ်" လို့ ပြန်ပြောလိုက်ရင် ကိုယ့်အိမ်တွင်းမှာလည်း ချွေးမနဲ့ ယောက္ခမ၊ လင်နဲ့ မယားတို့ဟာ နေ့ရှိသရွေ့ ပူညံပူညံ ဖြစ်နေမှာပါ။ ဒီအိမ်မှာ ဘယ်လိုလုပ်ပြီးတော့ အိမ်ထောင်ရေးသုခဆိုတာ ရှိတော့မှာလဲ။ ချွေးမဖြစ်တဲ့သူဟာ ကိုယ့်ယောက္ခမ ကိုယ့်လင်သားရဲ့မကောင်းကြောင်းကို အပြင်အပမှာ မပြောဘဲ ရှောင်ကြဉ်ရသလို၊ သားမက်ဖြစ်သူကလည်း ကိုယ့်ယောက္ခမ၊ ကိုယ့်ဇနီးမယားရဲ့ မကောင်းကြောင်းကို အရပ်တကာလည်ပြီး မပြောသင့်ပါဘူး။ ဓနဉ္စယသူဌေးကြီးဟာ မိမိကိုယ်တိုင်က သမီးရှင်ဖြစ်တဲ့အတွက်ကြောင့် သမီးကို ပြောဆိုဆုံးမနေတာပါ။ အကယ်၍ မိမိက သားရှင်ဖြစ်ရင်လည်း မိမိရဲ့သားကို ဒီလိုဆုံးမသွားမှာပါပဲ။ ဓနဉ္စယသူဌေးကြီး ပြောဆိုမှာကြားလိုက်တဲ့ စကားရဲ့အဓိပ္ပာယ်ကို ဝိသာခါက သေသေချာချာ ရှင်းပြနေပါတယ်။ မိဂါရသူဌေးကြီးဟာ ဒေါသစိတ်မွှန်ထူနေတာကြောင့် ကြဲကြဲဖန်ဖန် အပြစ်ရှာပြီး စွဲချက်တင်နေပါတယ်။

**"အပြင်မီးကို အတွင်းမသွင်းရ"** ဆိုတာကတော့–

"သမီးပတ်ဝန်းကျင် အိမ်နီးနားချင်းတွေက ကိုယ့်ယောက္ခမ ကိုယ့်လင်သားရဲ့ တစ်စုံတစ်ရာအပြစ်ကို ပြောလာရင်

အဲဒီသူတွေရဲ့စကားကို မှတ်သားခဲ့ပြီး ကိုယ့်ယောက္ခမ ကိုယ့်လင်သားရှေ့မှာ ဘယ်သူကတော့ ရှင်တို့ရဲ့အကြောင်းတွေကို ဘယ်လိုပြောတယ် စသည်ဖြင့် ပြန်မပြောနဲ့” လို့ ဆိုလိုပါတယ်။ တကယ်တော့ ကိုယ်ကြားခဲ့တဲ့အတိုင်း ပတ်ဝန်းကျင်က ပြောခဲ့တဲ့အတိုင်း ဟုတ် မဟုတ်ကို အလိမ္မာနှင့် စောင့်ကြည့်ပြီးတော့ ပါးနပ်သလို ပြုပြင်ပေးရမှာပါ။ အဲဒီလိုမဟုတ်ဘဲ ပတ်ဝန်းကျင်က ပြောလာတဲ့အတိုင်း ပြန်ပြောလိုက်ရင် ကိုယ့်ယောက္ခမ၊ ကိုယ့်လင်သားနဲ့ ပတ်ဝန်းကျင် အိမ်နီးနားချင်းတွေ မပြေမလည် ဖြစ်တတ်ပါတယ်။ ပတ်ဝန်းကျင်ကလည်း ပြဿနာဖြစ်မှာ ကြောက်လို့ နောက်ဆိုရင် ဘယ်လိုမှ ကိုယ့်ကိုပြောပြမှာ မဟုတ်တော့ပါဘူး။ ပတ်ဝန်းကျင်က ပြောတဲ့စကားဆိုတာ ဟုတ်တာလည်း ရှိချင်ရှိမယ်။ မဟုတ်တာလည်း ရှိချင်ရှိမယ်။ တထစ်ချ အမှန်ပဲလို့ ပြောမရပါဘူး။

**“ပေးတဲ့သူကိုသာ ပေးပါ”** ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကတော့ “အချို့သူတွေဟာ ကိုယ့်ဆီကနေ ပစ္စည်းဥစ္စာတွေ လာရောက်ချေးငှားယူဆောင်သွားကြတယ်။ ပြန်ပေးချိန်တန်တော့လည်း အလွယ်တကူပေးဆပ်တယ်။ အဲဒီလို အချိန်တန်လို့ ပြန်လည်ပေးဆပ်တတ်တဲ့ လူမျိုးကို နောက်ထပ် လာရောက်ချေးငှားရင်လည်း ထပ်မံပေးလိုက်ပါ” လို့ ဆိုလိုပါတယ်။ အဲဒီလို မှန်မှန်ကန်ကန် ပေးဆပ်တတ်တဲ့သူကို နောက်ထပ် ချေးငှားတဲ့အခါ မပေးဘူးဆိုရင် ကိုယ်ဘက်က အဆင်မပြေ

လို့ သူ့ဆီမှာ ခေတ္တခဏ ပြန်လည်ချေးငှားတဲ့အခါမှာလည်း ကိုယ့်ကိုပေးမှာ မဟုတ်တော့ပါဘူး။

**“မပေးတဲ့သူကို မပေးရဘူး”** ဆိုတာကတော့ “အချို့သူတွေဟာ သူတို့အဆင်မပြေတဲ့အခါ ကိုယ့်ဆီကနေ တစ်စုံတစ်ရာ လာရောက် ချေးငှားတတ်ကြတယ်။ ပေးဆပ်ချိန်တန်တဲ့အခါ ပြန်မပေးကြဘူး။ အဲဒီလို ပေးဆပ်ချိန်တန်လို့ ပြန်လည်ပေးဆပ်မှု မပြုသူကို နောက်ထပ် လာရောက်ချေးငှားရင် မပေးရဘူး” လို့ ဆိုပါတယ်။ ပြန်လည်မပေးဆပ်မှုန်း သိတဲ့သူကို နောက်ထပ် ချေးငှားလိုက်မယ်ဆိုရင် တဖြည်းဖြည်းနဲ့ ကိုယ့်အိမ်မှာရှိတာတွေ ကုန်သွားမှာပေါ့။ အဲဒီတော့ စီးပွားရေးတွေ မပြေမလည်ဖြစ်ပြီး လင်မယားနှစ်ယောက် ပူညံပူညံ ဖြစ်ကြတော့တာပဲ။ ဘယ်မှာ အိမ်ထောင်ရေးသုခ ရရှိတော့မှာလည်း။

**“ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပေးသင့်ရင်ပေးသာပေး”** ဆိုတာကတော့ ဆင်းရဲမွဲတေကြတဲ့ ဆွေမျိုးမိတ်ဆွေတွေဟာ ကိုယ့်ဆီကနေ တစ်စုံတစ်ခု ချေးငှားယူဆောင်သွားတဲ့အခါ ပြန်လည်ပေးဆပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်လောက်အောင် ဆင်းရဲမွဲတေနေရင် အဲဒီလိုလူမျိုးကိုကျတော့ ပြန်လည်ပေးဆပ်သည်ဖြစ်စေ၊ မပေးဆပ်သည်ဖြစ်စေ နောက်ထပ်လာရောက် ချေးငှားရင် ပေးသာပေးလိုက်ပါလို့ ဆိုပါတယ်။ မှန်ပါတယ်။ ဆွေမျိုးမိတ်သင်္ဂဟတွေ တကယ်ဆင်းရဲမွဲတေတဲ့အခါ သူတို့ကိုယ်တိုင်က လာရောက် ချေးငှားမှု မပြုတာတောင် ကိုယ်က

ကူညီထောက်ပံ့ စောင့်ရှောက်ပေးကမ်းရမယ့် ဝတ္တရား ရှိပါတယ်။

**"ချမ်းချမ်းသာသာ နေတတ်ရမယ်"** လို့ ဆိုတာကတော့ ချွေးမည်သည် ကိုယ့်ယောက္ခမ၊ ကိုယ့်လင်သားက အလုပ်လုပ်တဲ့နေရာကနေ မောမောပန်းပန်းနဲ့ ပြန်လာတဲ့အခါမျိုးတွေမှာ ကိုယ်က ကျကျနန ဖိမ်ခံပြီး ထိုင်မနေရဘူး။ ထပြီး ကြိုဆိုရမယ်။ ကိုယ်က အမြင့်တစ်နေရာမှာ ထိုင်နေစဉ် ယောက္ခမတွေ လင်သားတွေက နိမ့်တဲ့နေရာမှာ လာရောက်ဝင်ထိုင်နေရင် ထပေးရမယ်။ မထပေးဘူးဆိုရင် မရိုသေရာ ရောက်ပါတယ်။

**"ချမ်းချမ်းသာသာ စားရမယ်"** ဆိုတာကတော့ ကိုယ့်ယောက္ခမ၊ ကိုယ့်လင်သား မစားရသေးမီ ချွေးမဖြစ်သူက ဦးဦးဖျားဖျား မစားရပါဘူး။ အရေးကြီးလို့ စားမယ်ဆိုရင် ယောက္ခမ၊ လင်သားတို့အတွက် ဦးဦးဖျားဖျား ဖယ်ထားပြီးမှ စားရမယ်။ အကြောင်းအားလျော်စွာ ယောက္ခမ၊ လင်သားတို့နဲ့ ထမင်းတစ်ဝိုင်းတည်း အတူတူစားနေပြီဆိုရင်လည်း ယောက္ခမ လင်သားတို့က တစ်လုပ်တစ်လေတောင် မစားရသေးဘဲ မိမိက ဦးဦးဖျားဖျား နှိုက်မစားရပါဘူး။ ဒါမှသာ ယောက္ခမ၊ လင်သားတို့ကို ရိုသေရာ ရောက်ပါတယ်။ အဲဒီလို ရိုသေမှသာလျှင် ဂုဏ်ရှိပါတယ်။

**"ချမ်းချမ်းသာသာ အိပ်ရမယ်"** လို့ ဆိုတာကတော့ ယောက္ခမ အတွက်၊ လင်သားအတွက် ပြုသင့်တဲ့ ဝတ္တရားတွေကို

ကျေကျေပွန်ပွန်ဆောင်ရွက်ပြီးမှ အိပ်ရာဝင်ရတယ်။ ယောက္ခမ၊ လင်သားတို့ထက် ဦးဦးဖျားဖျားဝင်ရောက်ပြီး မအိပ်ရဘူးလို့ ဆိုလိုပါတယ်။

**"မီးကို လုပ်ကျွေးရမယ်"** ဆိုတာကတော့ ယောက္ခမနဲ့ လင်သားတို့ကို မီးပုံကြီးပမာ၊ နဂါးမင်းပမာ သဘောထားပြီး ဝတ္တရားမပျက်မကွက် ဆောင်ရွက်ပြုစုရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ မီးဟာ သုံးတတ်ရင် အကျိုးရှိတယ်။ အကျိုးများတယ်။ အသုံးမတတ်ရင် ရှိသမျှအရာတွေကို အကုန်လောင်ကျွမ်းပြီး ဆင်းရဲဒုက္ခရောက်စေတတ်ပါတယ်။ နဂါးမင်းဆိုတာ အဆိပ်ထန်တဲ့ သတ္တဝါဖြစ်တဲ့အတွက်ကြောင့် မရိုမသေပြုရင် ဒေါသပြင်းထန်ပြီး အန္တရာယ်ပြုလိုက်ရင် အသက်ပါ သေသွားနိုင်ပါတယ်။ ယောက္ခမတို့အပေါ်၊ လင်ယောကျ်ားတို့ရဲ့ အပေါ်မှာလည်း မေတ္တာစေတနာအပြည့်အဝထားပြီး ပြုစုစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ မရိုမသေ မလေးမခန့် လျစ်လျူရှုပြီး ထားမယ်ဆိုရင် လူမှုရေးဖောက်ပြန်ပြီး အခြားယောကျ်ားတစ်ယောက်နဲ့ ပျော်ပါးဖောက်ပြန်နေမယ်ဆိုရင် ပစ္စုပ္ပန်ဘဝမှာလည်း အဆင်မပြေနေ့စဉ် ရန်မီးတွေပွားပြီး သံသရာမှာလည်း မကောင်းကျိုးတွေ ကြုံတွေ့ရတတ်ပါတယ်။

**"အိမ်တွင်းနတ်ကို ရှိခိုးရမယ်"** ဆိုတာကတော့ လင်ယောကျ်ားကို အိမ်တွင်းနတ်လို ရိုသေရမယ်လို့ဆိုတာပါ။ ရှေးရှေးက နတ်ကိုးကွယ်တဲ့အစဉ်အလာရှိတဲ့သူတွေဟာ မိမိတို့ရဲ့

လောကရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာ ပြေလည်အောင် နတ်တွေက စောင့်ရှောက်ပေးကြတယ်လို့ ယူဆပြီး အားကိုးတကြီးနဲ့ ပူဇော်ကြပါတယ်။ နှစ်စဉ်နှစ်တိုင်း ပူဇော်နေကြ အချိန်တန်လာပြီဆိုရင် အခြား အခြားကိစ္စတွေ ဘယ်လောက်ပဲ အရေးကြီးနေနေ နတ်ကိုယုံကြည်တဲ့သူတွေဟာ မဖြစ်မနေ နတ်တွေကို ရိုးရာအတိုင်း ပူဇော်မှုပြုကြပါတယ်။ ပူဇော်နေကျ အချိန်တန်လို့ မပူဇော်ဘဲ ပျက်ကွက်သွားရင် နတ်ဖမ်းစားလိမ့်မယ်။ နတ်က ဒဏ်ခတ်လိမ့်မယ်လို့ ယူဆပြီး မမှားယွင်းရလေအောင် အလွန်ပဲ ဂရုစိုက်ကြပါတယ်။ အဲဒီပုံစံလိုပဲ ချွေးမဖြစ်သူဟာ ယောက္ခမရဲ့အပေါ်မှာ လင်ယောက်ျားရဲ့အပေါ်မှာ ကိုယ်ပြုရမည့် ဝတ္တရား မပျက်ကွက်ရလေအောင် ဂရုစိုက်ရပါမယ်။ အဲဒီလို ဝတ္တရားကျေပွန်ရင် ယောက္ခမဖြစ်သူ လင်ယောက်ျားဖြစ်သူတို့ရဲ့ ချစ်ခင်မြတ်နိုးခြင်းကို ခံရပြီး ရာသက်ပန် အိမ်ထောင်ရေးသုခကို ရရှိခံစားရမှာဖြစ်ပါတယ်။ ကိုယ့်ဘက်က ဝတ္တရား ပျက်ကွက်ခဲ့ရင် ယောက္ခမတွေ၊ လင်ယောက်ျားတွေက ငြူစူပြစ်တင်ပါလိမ့်မယ်။ အဲဒီလို ငြူစူ ပြစ်တင်ခြင်းခံနေရရင် နေ့ရော ညဉ့်ပါ စိတ်ဆင်းရဲမှုနဲ့ ကြုံတွေ့ရတတ်ပါတယ်။ ဒါကြောင့် ယောက္ခမများ၊ လင်ယောက်ျားများကို အိမ်တွင်းနတ်ပမာ ဝတ္တရားမပျက် ပြုစုရမယ်လို့ ဆိုလိုပါတယ်။



# အခွင့်ကောင်းရှာ ဝိသာခါ

အဲဒီလို ခနဲ့ဥယသူဌေးကြီးရဲ့ ဩဝါဒဆယ်ချက်ကို ဝိသာခါက အကျယ်တဝင့် ရှင်းလင်းပြောကြားလိုက်ပါတယ်။ ဝိသာခါမှာ ဘာအပြစ်မှ မရှိကြောင်းသိရတော့ မိဂါရသူဌေး ကြီးဟာ နောက်ထပ်အပြစ်တင်စရာလည်း မရှိတော့တာကြောင့် မျက်နှာအောက်ချပြီး နေရပါတယ်။ ပြဿနာတစ်ခုပေါ်ပေါက် တဲ့အခါ တစ်ဖက်မှာအပြစ်မရှိရင် တစ်ဖက်က အပြစ်ရှိလာပြီ ပေါ့။ အခု ဝိသာခါမှာ အပြစ်မရှိဘူးဆိုတော့ ဒီအပြစ်ဟာ မိဂါရ သူဌေးကြီးရဲ့အပေါ် ပုံပြီးတော့ ကျရောက်လာပြီပေါ့။ ဒါကြောင့် မိဂါရသူဌေးကြီး ရှက်သွားတာကြောင့် ခေါင်းမဖော်ဝံ့အောင် ငြိမ်နေရတယ်။

အဲဒီအခါ ဖိတ်ခေါ်ထားတဲ့ သူဌေးကြီးရှစ်ဦးက–

"ကဲ... ဘယ်လိုလဲ သူဌေးမင်း၊ ချွေးမဝိသာခါမှာ ဘာ အပြစ်ရှိသေးသလဲ" လို့ မေးတော့ "ဘာမှ အပြစ်မရှိပါဘူးဗျာ" လို့ လေသံပျော့ပျော့နဲ့ ပြန်ပြောလိုက်တယ်။ "ဒီလို အပြစ်မရှိ ရင်လည်းဗျာ ဘာဖြစ်လို့ အိမ်ကနေ နှင်ထုတ်ချင်ရတာလဲ"

စသည်ဖြင့် ပြောဆိုပြစ်တင်ကြပါတယ်။ အဲဒီအခါ ဝိသာခါက -

"ကဲ- ဖခင်သူဌေးမင်းတို့ သမီးဟာလေ ကိုယ့်ပြဿနာကို တရားဝင်မဖြေရှင်းရသေးမီ ယောက္ခမကနှင်ချရုံနဲ့ ဆင်းမသွားခဲ့ပါဘူး။ အခုတော့ ပြဿနာကို ဖခင်သူဌေးမင်းတို့ရဲ့ ရှေ့မှာ တရားဝင်လည်း ရှင်းပြီးပါပြီ။ ဒီပြဿနာမှာ ဘယ်သူက မှန်လို့ ဘယ်သူက မှားယွင်းတယ်၊ ဘယ်သူက တရားနည်းလမ်းကျလို့ ဘယ်သူက တရားနည်းလမ်း မကျဘူးဆိုတာကိုလည်း သိကြရပြီမဟုတ်လား။ ဒီပြဿနာကို ဖြေရှင်းပြီးတာကြောင့် အဖြေမှန်လည်းထွက်သွားတာကြောင့် အခုသမီးတော့ အပြစ်မရှိဘဲ နှင့်ချလိုက်တဲ့ ယောက္ခမရဲ့အိမ်ပေါ်ကနေ ဆင်းတော့မယ်" လို့ဆိုပြီး အစေအပါးတွေကိုလည်း အသင့်ပြင်ခိုင်းလိုက်ပါတယ်။ အဲဒီအခါ ယောက္ခမက -

" သမီးရယ် ဖခင်ဟာ မသိနားမလည်လို့ ဒီလို လုပ်မိတာ သည်းခံစမ်းပါ။ နောင်အခါ ဒါမျိုးမဖြစ်စေရပါဘူး " လို့ တောင်းတောင်းပန်ပန်နဲ့ ချော့ရပါတယ်။ ကိုယ်က ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မှားရင်မှားတဲ့အတိုင်း ဝန်ခံပြီး တောင်းပန်ရတာ ဝန်မလေးပါနဲ့။ အမှားကို အမှားမှန်းသိရင် ကိုယ့်ဘဝဟာ တိုးတက်ပါတယ်။ ဒီလို တောင်းပန်ရတာ ဂုဏ်လည်းရှိပါတယ်။ အချို့ကျတော့ "ငါက လူကြီးပဲ။ လူငယ်ကို ဘာလို့ တောင်းပန်ရမှာလဲ " ဆိုပြီး မာန်ထောင်နေတာရှိ ကြပါတယ်။ ဒီလို အမှားတွေကို ဝန်မခံတာဟာ ကိုယ့်ဘဝအတွက် ဆုတ်

ယုတ်ဖို့ပါပဲ။ ကိုယ့်အမှားကို ဝန်မခံတော့ ဘယ်သူကမှ သူ့လုပ်ရပ် အမှားတွေကို ပြုပြင်ပေးမှာ မဟုတ်တော့ပါဘူး။ အဲဒီလိုနဲ့ အမှန်မသိဘဲ ထင်မိထင်ရာလုပ်တော့ လောကရေးမှာရော ဓမ္မရေးမှာပါ ဆုတ်ယုတ်တော့တာပေါ့။

မိဂါရသူဌေးကြီးက တောင်းပန်ချော့မော့တဲ့အခါ ဝိသာခါက "ဖခင်ရယ် သမီးဟာ ရတနာသုံးပါးကို ကြည်ညိုတဲ့သူပါ၊ ရတနာသုံးပါးနဲ့ ကင်းပြီး မနေတတ်ပါဘူး၊ အကယ်၍ သမီးအနေနဲ့ ရဟန်းသံဃာတွေကို ပြုစုလုပ်ကျွေး လှူဒါန်းခွင့်ရမယ်ဆိုရင်၊ ဘုရားဖူးခွင့် တရားနာခွင့်ရမယ်ဆိုရင်တော့ ဒီအိမ်မှာပဲ ဆက်ပြီးနေမယ်" လို့ တရားနည်းလမ်းကျကျ အခွင့်အရေးကို တောင်းဆိုလိုက်ပါတယ်။ ယောက္ခမက "စိတ်ချမ်းသာသလို လုပ်ပါ သမီး" လို့ ခွင့်ပြုလိုက်ပါတယ်။ ဝိသာခါဟာ အခွင့်အရေး ယူတတ်ပါတယ်။ သူ့ရဲ့တောင်းဆိုချက်ကလည်း သန့်ရှင်းစင်ကြယ်တော့ ယောက္ခမဖြစ်သူက လိုက်လျောရတာပေါ့။ ပြဿနာ တစ်ခုဖြစ်လာပြီဆိုရင် "ငါနိုင်ရင် ပြီးရော" ဆိုတဲ့ စိတ်မျိုးနဲ့ ကြံဖန်အနိုင်ယူတာကတော့ ကလေးကလားဆန်လွန်းပါတယ်။ အနိုင်ရပြီးရင် တရားနည်းလမ်းကျတဲ့ အခွင့်အရေးကို တောင်းတတ်ဖို့ လိုပါတယ်။ ဝိသာခါကို အတုယူကြစမ်းပါ။ စိတ်စေတနာဖြူစင်သန့်ရှင်းတဲ့ သူတော်ကောင်းတွေအတွက် မိမိတို့ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေဟာ အခွင့်အရေးရဖို့ လမ်း ဖွင့်ပေးသလို ဖြစ်သွားပါတယ်။ ဒါကြောင့် စိတ်စေတနာ

ကောင်းကောင်းမွန်မွန် ထားတတ်အောင်လည်း လေ့ကျင့်ပေးကြပါ။

ဝိသာခါဟာ အခွင့်အရေးလည်းရရော နောက်တစ်နေ့မှာ မြတ်စွာဘုရားကို ပင့်ပြီး ဆွမ်းကပ်ပါတယ်။ ရတဲ့အခွင့်အရေးကို အသုံးချတတ်တာပေါ့။ အဲဒီနေ့မှာ မိဂါရသူဌေးကြီး ကိုးကွယ်တဲ့ အဝတ်မဝတ်တဲ့ မိစ္ဆာဒိဋ္ဌိပုဏ္ဏား၊ တက္ကတွန်း ရဟန်းတွေကလည်း ဒီအကြောင်းကိုသိတော့ မနာလိုစိတ်တွေဖြစ်ပြီး မိဂါရသူဌေးရဲ့အိမ်အနီးမှာ ဝိုင်းဖွဲ့နေကြပါတယ်။ အခြေအနေကို စောင့်ကြည့်ချင်လို့ပါ။ ဝိသာခါဟာ ဆွမ်း ခဲဖွယ် ဘောဇဉ်တွေကို ပြင်ဆင်ပြီး ယောက္ခမကိုလည်း ဆွမ်းအတူတူလာကပ်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ယောက္ခမသူဌေးကြီးဟာ ဘုရားကို မကြည်ညိုဘူးဆိုတာကိုတော့ သူ သိပါတယ်။ သိသော်လည်း ချွေးမဖြစ်သူအနေနဲ့ ကိုယ့်အလုပ်မှာ ယောက္ခမကို အသိပေးရမယ်။ ရှေ့တန်းတင်ရမယ်ဆိုတဲ့ လောကဝတ္တရား ရှိနေလို့ အခုလိုလုပ်တာပါ။ တက္ကတွန်းတွေက မိဂါရသူဌေးကြီးကို ဘုရားဆီ မသွားဖို့ ပိတ်ပင်တားမြစ်ကြပါတယ်။ မိမိတို့ရဲ့ဒကာ ဘုရားဘက်ပါသွားမှာ စိုးရိမ်လို့ပါ။ ကုလမစ္ဆေရ (ဒါယကာဒ္ဒဝန်တိုမှု) တရားဆိုးလွှမ်းနေကြတာပါ။

မစ္ဆေရဆိုတာ ဝန်တိုမှုကို ပြောတာပါ။ မစ္ဆေရ (၅) မျိုး ရှိပါတယ်။

(၁) မိမိရရှိပြီး ရရှိဆဲ ရရှိလတ္တံ့ဖြစ်တဲ့ ပစ္စည်းဥစ္စာကို သူတစ်ပါးမရစေချင်တာက **'လာဘမစ္ဆေရ'**။

(၂) လူတွေအဖို့တော့ မိမိနဲ့ပတ်သက်တဲ့ ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟ၊ အပေါင်းအသင်း ရောင်းရင်း၊ ရှင်ရဟန်းတွေအတွက်တော့ မိမိနဲ့ပတ်သက်တဲ့ ဒကာ၊ ဒါယိကာမတွေကို သူတစ်ပါးတွေနဲ့ မပတ်သက်စေချင်တာက **'ကုလမစ္ဆေရ'**။

(၃) လူတွေအတွက် မိမိတို့နေထိုင်တဲ့ အရပ်ဒေသ အိမ်ဂေဟာ အဆောက်အအုံ၊ ရှင်ရဟန်းတွေအတွက် ကျောင်းကန်ဇရပ်တွေကို အခြားရဟန်း ရှင်လူတွေနဲ့ မပတ်သက်စေချင်တာက **'အာဝါသမစ္ဆေရ'**။

(၄) မိမိတို့ရရှိထားတဲ့ ဂုဏ်သတင်းကျော်စောမှု၊ ရာထူးဌာနန္တ၊ ဩဇာအာဏာ အရှိန်အဝါကို အခြားသူတွေနဲ့ မဆက်ဆံစေလိုတာက အခြားသူတွေ မရစေချင်တာက **'ဝဏ္ဏမစ္ဆေရ'**။

(၅) မိမိတို့ကြားဖူး နားလည်ထားတဲ့ ဗဟုသုတ အကြားအမြင်မျိုးတွေကို အခြားအခြားသူတွေ မသိစေချင် မရစေချင်တာက **'ဓမ္မမစ္ဆေရ'**။

မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတွေဖြစ်နေတဲ့ မစ္ဆေရကတော့ လာဘမစ္ဆေရနဲ့ ကုလမစ္ဆေရတွေပါပဲ။ မစ္ဆေရတရား အားကြီးတဲ့သူမျိုးဟာ ပစ္စုပ္ပန်မှာလည်း အများသူငါရဲ့မုန်းတီးခြင်းကို ခံရပါတယ်။

သံသရာတစ်ခွင်မှာလည်း စည်းစိမ်ဥစ္စာတွေ ချို့တဲ့တတ်ပါတယ်။ အခု ပစ္စုပ္ပန်မှာရော နောင်သံသရာမှာပါ မကောင်းကျိုးကို ပေးတတ်တဲ့ မစ္ဆေရတရားကို ကြိုးစားပြီးတော့ ပယ်ကြပါ။

မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတွေဟာ လာဘမစ္ဆေရ၊ ကုလမစ္ဆေရ အားကြီးမှုကြောင့် မိဂါရသူဌေးကြီးကို မြတ်စွာဘုရားထံ မသွားဖို့ ပြောဆိုတားမြစ်ကြပါတယ်။ အဲဒါကြောင့် မိဂါရသူဌေးကြီးက

"သမီးပဲ ကြည့်ပြီး စီစဉ်လိုက်ပါတော့ကွယ်" လို့ ပြောဆိုလိုက်ပါတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်များ ဆွမ်းကိစ္စ ပြီးဆုံးတဲ့အခါ ယောက္ခမသူဌေးကြီးကို တရားတော်နာယူဖို့ ဖိတ်ခေါ်ပြန်ပါတယ်။ မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတွေက အတန်တန် တားမြစ်သော်လည်း ချွေးမဖိတ်ခေါ်တာ နှစ်ခါရှိပြီ။ နှစ်ခါစလုံး မသွားရင် ရိုင်းစိုင်းရာ မိုက်မည်းရာကျမည်ဖြစ်ကြောင်း တက္ကတွန်းတွေကို ပြောဆိုနားချပြီး တရားသွားနာပါတယ်။ မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတွေက "သူဌေးကြီး တရားနာချင်ရင် တင်းတိမ်ကန့်လန့်ကာအပြင်ဘက်ကနေပြီး နာပါ" လို့ ပြောဆိုပြီး ဘုရားကို ဖူးမြော်ခွင့်မရအောင် တင်းတိမ်ကန့်လန့်ကာကို ကြိုတင်ပြီးတော့ ကာရံပေးထားကြပါတယ်။ ယုတ်မာတဲ့သူများဟာ ယုတ်မာတဲ့အလုပ်ကို လုပ်၊ ယုတ်မာတဲ့အပြောကို ပြော၊ ယုတ်မာတဲ့အကြံကို ကြံတတ်ကြပါတယ်။ သူတော်ကောင်းများကတော့ ကောင်းမွန်တဲ့အလုပ်ကို လုပ်၊ ကောင်းမွန်တဲ့အပြောကို ပြော၊ ကောင်းမွန်တဲ့အကြံကို ကြံတတ်ကြပါတယ်။

ဆရာကောင်းသမားကောင်းတို့မည် သည်မှာလည်း မိမိရဲ့ တပည့် ဒကာတွေရဲ့ မှားယွင်းတဲ့ အမူအရာကိုတွေ့ရင် ပြုပြင် တားမြစ်ပေးရပါမယ်၊ မှန်ကန်တဲ့ အမူအရာကို ကျင့်သုံးဖို့ တိုက် တွန်းပေးရပါမယ်၊ အခုတော့ မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတွေဟာ မိဂါရသူဌေးကြီး တရားနာတာကို တားမြစ်ပိတ်ပင်နေကြပါ တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို ဆရာ ကောင်းသမားကောင်း အရာထားသင့် မထားသင့် စဉ်းစားကြပါ။

ကျွတ်ထိုက်တဲ့ဝေနေယျသတ္တဝါဆိုတာဟာ တင်းတိမ် ကန့်လန့်ကာခြားပြီးတော့ နေသည်ဖြစ်စေ၊ အုတ်တံတိုင်း နံရံ ခြားပြီးတော့နေသည်ဖြစ်စေ ကျောက်တောင်ကြီးပဲခြားပြီးတော့ နေသည် ဖြစ်စေ၊ စကြာဝဠာကြီးပဲခြားပြီးတော့နေစေအုံးတော့ အဲဒီဝေနေယျသတ္တဝါကို တရားသံကြားရလေအောင် မြတ်စွာ ဘုရားက ဟောတော်မူနိုင်ပါတယ်၊ မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်ဟာ ကြီးမားလှတဲ့ သပြေပင်ကြီးကို ပင်စည်ကနေ ကိုင်ပြီး ပိုင်ပိုင်နိုင်နိုင် ဆွဲလှုပ် လိုက်သလို ဒေသနာအစဉ်အတိုင်း တရားတော်ကို ဟောချလိုက်ပါတယ်၊ ဒေသနာအစဉ်အတိုင်း ဆိုတာ ရှေးဦးစွာ ဒါနအကြောင်းကို ဟောပြတယ်၊ သူဌေးကြီး စိတ်ဝင်စားလာတဲ့အခါ တစ်ဆင့်တက်ပြီး သီလအကြောင်းကို ဟောပြတယ်၊ အဲဒီနောက် ဒါန သီလကြောင့် လူ့ဘုံ နတ်ဘုံမှာ စည်းစိမ်ခံစားရတဲ့အကြောင်း၊ အဲဒီနောက် လူ့စည်းစိမ် နတ် စည်းစိမ်တို့ဟာလည်း တည်မြဲမှုမရှိတဲ့အကြောင်း ဘေးအန္တရာယ် တွေ ထူထပ်လှတဲ့အကြောင်းကို ဟောပြပါတယ်။

သူဌေးကြီးရဲ့စိတ်ဓာတ်ကို တဖြည်းဖြည်းနဲ့ ဆွဲဆောင်ပြုပြင်ပေးလိုက်တာပါ။ သူဌေးကြီးအနေနဲ့ လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေရဲ့အပေါ်မှာ ငြီးငွေ့သံဝေဂရလာတဲ့အခါ အဲဒီကာမဂုဏ်တွေမှ လွတ်အောင်ရန်းပြီး ကျင့်ကြံအားထုတ်မှု လုပ်ငန်းစဉ်ကို ဟောပြပါတယ်။ တရားအသိဉာဏ်ဆိုတာကလည်း ပါရမီဓာတ်ခံနုနေသူအတွက် အစဉ်အတိုင်း ဖြည်းဖြည်းချင်းမျှင်းပြီး ဟောပေးရပါတယ်။ သူငယ်တန်းအဆင့်လောက်ရှိတဲ့ကလေးကို တက္ကသိုလ်အဆင့်ရှိတဲ့ စာပေဗဟုသုတတွေ သင်ကြားပို့ချပြီး ပေးလိုက်ရင် ကလေးငယ်ဟာ အသိဉာဏ်တိုးတက်မလာတဲ့အပြင် စာပေသင်ကြားရတာကိုတောင် ငြီးငွေ့သွားပါတော့တယ်။ သူ့ကို သင်ကြားပေးရတာ ဘာမှ အကျိုးမရှိ ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံမရှိလို့၊ အဆင့်အတန်းမမီလို့ပါ။ တရားတော်မှာလည်း ဒီလိုပါပဲ။ တစ်ခါမှ တရားမနာဖူးသေးတဲ့၊ တစ်ခါမှ တရားအားမထုတ်ဖူးသေးတဲ့ သူကို အဆင့်အတန်းမြင့်မားလှတဲ့ လုပ်ငန်းစဉ်ပိုင်းဆိုင်ရာ ခန္ဓာဉာဏ်ရောက် တရားတော်တွေကို ဟောချပေးလိုက်ရင်လည်း တရားကို နားမလည်ဘဲ ငြီးငွေ့သွားတတ်ပါတယ်။ အဲဒါကြောင့် ရှင်တော်ဗုဒ္ဓက ဒေသနာတော်ကို အစဉ်အတိုင်း ဟောပြလိုက်ပါတယ်။



# အံ့ချီးမကုန် ဗုဒ္ဓဂုဏ်

မြတ်စွာဘုရား တရားဟောပြီဆိုရင် တရားနာတဲ့သူက ရှေ့ဘက်ကနေ နာသည် ဖြစ်စေ၊ နောက်ဘက်ကနေ နာသည် ဖြစ်စေ၊ ဘေးနှစ်ဖက်ကပဲ နာယူသည်ဖြစ်စေ၊ အခြားအခြား စကြဝဠာကနေပြီး နာယူသည် ဖြစ်စေ၊ အကနိဋ္ဌ ဗြဟ္မာ့ဘုံက နေပြီးတော့ပဲ နာယူသည် ဖြစ်စေ၊ တရားနာယူသူတွေအနေနဲ့ "မြတ်စွာဘုရားဟာ ငါ့ကိုကြည့်ပြီး တရားဟောနေတယ်လို့" ထင်မှတ်သွားကြပါတယ်။ အဋ္ဌကထာမှ '**စန္ဒသမာကိရ ဗုဒ္ဓါ= ရှင်တော်ဗုဒ္ဓတို့သည် လနှင့် တူကြကုန်၏**' လို့ ဖွင့်ဆို မိန့်ထားပါတယ်။ ဒါဟာ မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ရာဂုဏ်တစ်ခု ပါပဲ။ ရှင်တော်ဗုဒ္ဓမှာ အံ့ဩမကုန်နိုင်တဲ့ ဂုဏ်တော်တွေ အများကြီး ရှိပါတယ်။ ဘုန်းကြီးတို့ ယောဂီများ သိနားလည်နိုင် သလောက်ကို ပြောပြရမယ်ဆိုရင်–

- ကိုယ်တော်မြတ် ဝတ်ရုံဆင်မြန်းတော်မူထားတဲ့ သင်္ကန်းတော်ဟာ ဘယ်သောအခါမှ နွမ်းနယ်သွားတယ်၊ ညစ်ပတ်ပေရေသွားတယ်လို့ မရှိပါဘူး။ အမြဲတမ်းပဲ သစ်လွင်နေပါတယ်။ ဘုန်းကြီးတို့ ယောဂီများရဲ့အဝတ်တွေဆိုရင် အခုလို ပူအိုက်တဲ့ ရာသီများမှာ တစ်နေ့တစ်ခါလဲလှယ်တာတောင် အဆင်မပြေချင်ဘူး၊ မြူချေးတွေကပ်ငြိပြီးတော့ ညစ်နွမ်းနံစော်နေတတ်ပါတယ်။
- ရှင်တော်ဗုဒ္ဓရဲ့ဆံတော်ဟာ ပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်တိုင်အောင် တစ်ခါမှ ရိတ်ရတယ်လို့ မရှိပါဘူး။ သိဒ္ဓတ္ထမင်းသားဘဝနဲ့ (၂၉) နှစ်မှာ တောထွက်တော်မူခဲ့စဉ်က အနော်မာသောင်ယံမှာ ဆံတော်ကို သန်လျက်နဲ့ ဖြတ်ပြီးခဲ့စဉ်တုန်းက အတိုင်းပဲ။ နောက်ထပ် ရှည်လည်း မရှည်၊ တိုလည်း မတိုတော့ပဲ တည်တံ့နေပါတယ်။
- ကိုယ်တော်မြတ်ယူဆောင်လာခဲ့တဲ့ သပိတ်တော်၊ သင်္ကန်းတော်တွေဟာ ကိုယ်တော်နဲ့ ထိစပ်မနေဘဲ လက်နှစ်သစ်လောက် ကွာခြားပြီးတော့ နေပါတယ်။
- လက်တော်ဆေးလိုက်ရင်လည်း သပိတ်တော်ပါ စင်ကြယ်သွားပါတယ်။ သပိတ်တော်ကို ဆေးလိုက်ရင်လည်း လက်တော်ပါ စင်ကြယ်သွားပါတယ်။
- သေးငယ်လွန်းလှတဲ့ မုန်ညင်းစေ့ကလေးအတွင်းမှာလည်း ပရိက္ခရာရှစ်ပါးကို ကိုယ်မှာဆင်မြန်းပြီး ခေါက်

တို့ခေါက်ပြန် စကြိုလျှောက်နိုင်ပါတယ်။ အဲဒါကို သာမန်ဉာဏ်နဲ့ စဉ်းစားရင်တော့ မဖြစ်နိုင်ဘူးလို့ ထင်စရာပါပဲ။ ဒါပေမယ့်လို့ တန်ခိုးအရာဆိုတော့ သာမန်ဉာဏ်နဲ့ ကြံစည်ဝေဖန်နေလို့ မရပါဘူး။

- ခန္ဓာကိုယ်တော်ကနေပြီးတော့ (၁) **နီလ** = အညိုရောင်၊ (၂) **ပီတ** = အဝါရောင်၊ (၃) **လောဟိတ** = အနီရောင်၊ (၄) **ဩဒါတ** = အဖြူရောင်၊ (၅) **မဥ္ဇိဋ္ဌ** = အညိုအဝါအနီအဖြူ ရောယှက်နေတဲ့အရောင် (၆) **ပဘဿရ** = ပြိုးပြိုးပြက်ပြက် တောက်ပတဲ့အရောင်ဆိုတဲ့ ရောင်ခြည်တော်ခြောက်သွယ်က အရပ်ဆယ်မျက်နှာကို ပျံ့နှံ့ပြီးတော့ ထွက်နေပါတယ်။
- ဘုရားရှင်ကိုယ်တော်မြတ် တစ်ဆူတည်းကနေပြီးတော့ အလိုရှိရင် ရှိသလောက် ပုံတော်တူတဲ့ ကိုယ်ပွားဘုရားတွေ ဖန်ဆင်းတော်မူနိုင်ပါတယ်။
- အမှောင်ထုကြီးကို လင်းသွားအောင်၊ လင်းနေတဲ့နေရာကို မှောင်သွားအောင် ဖန်ဆင်းပြတော်မူနိုင်ပါတယ်။
- ကောင်းကင်မှာ သာနေတဲ့ လမင်းကြီးဟာ မြေပြင်မှာရှိတဲ့လူတွေအဖို့ ငါ့အပေါ်မှာ လမင်းကြီးရှိနေတယ်လို့ ထင်ရသလို မြတ်စွာဘုရား တရားတော်ကိုဟောပြီဆိုရင်လည်း တရားနာပရိသတ်တွေဟာ မြတ်စွာဘုရားက

ငါ့ကိုပဲကြည့်ပြီးတော့ တရားဟောတော်မူနေတယ်လို့ ထင်မှတ်သွားရတယ်။

- တရားဟောတော်မူတဲ့အခါ တရားတော်ရဲ့အသံတော်ကို ရှင်တော်ဗုဒ္ဓက ကြားစေချင်တဲ့သူကိုသာ ကြားစေပါတယ်။ ဘယ်လောက်အဝေးကြီးကပဲနေနေ ကြားရပါတယ်။ ကြားစေခြင်းငှာ အလိုမရှိဘူးဆိုရင် ကိုယ်တော်မြတ်ရဲ့အနီးအနားမှာနေတဲ့သူပင် ဖြစ်စေဦးတော့ မကြားရပါဘူး။
- သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ စိတ်အစဉ်မှာ ရှိနေတဲ့ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါး ရင့်နေတယ်၊ နုနေတယ်ဆိုတာကိုလည်း သိတော်မူပါတယ်။
- သတ္တဝါဝေနေယျတွေရဲ့အပေါ်မှာလည်း ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့ မရလောက်အောင် ကရုဏာ ကြီးမားတော်မူပါတယ်။
- သတ္တဝါတွေ တစ်ဦးချင်း တစ်ဦးချင်းရဲ့ အလိုဆန္ဒ အကြိုက်က ဘယ်လိုရှိတယ်ဆိုတာကိုလည်း သိတော်မူပါတယ်။
- သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ ပညတ်၊ နိဗ္ဗာန် ဆိုတဲ့ သိသင့်သိထိုက်တဲ့ ဉေယျဓမ်တရားတော်တို့ကိုလည်း သိတော်မူပါတယ်။

ဒီလိုအံ့ဩဖွယ် ဂုဏ်အင်္ဂါတွေဆိုတာကလည်း ရသင့်တဲ့ အကြောင်းရှိလို့ ရလာကြတာပါ။ ပါရမီကုသိုလ်တော်ဆိုတဲ့ အကြောင်းတရားတွေဟာ ဘယ်သူမှ တုနှိုင်းမမီနိုင်လောက် အောင် အံ့ဩဖွယ်ကောင်းလောက်အောင် ပြည့်စုံနေတာကြောင့် အကျိုးတရားတွေကလည်း အံ့ဩဖွယ်ကောင်းလောက်အောင် ဖြစ်ပေါ်လာရတာပေါ့။ ဘုရားမြတ်စွာဟာ ပါရမီဖြည့်တော်မူ ခဲ့စဉ်က အလောင်းတော်ဘဝက မိမိရဲ့ဦးခေါင်းကို အလှူခံတဲ့သူ လာပြီဆိုရင် ဦးခေါင်းကို လှလှပပဖြစ်အောင် ဖြီးလိမ်းပြင်ဆင် ရွှေငွေကျောက်မျက်ရတနာတွေနဲ့ တန်ဆာဆင်ပြီးမှ ဖြတ်ပြီး လှူတာပါ။ မျက်လုံးကို လာရောက်အလှူခံရင်လည်း မျက်လုံး တော်ကို သေသေချာချာ မျက်စဉ်းခပ်ပြီး သန့်သန့်ရှင်းရှင်းဖြစ် အောင်ပြုပြင်ပြီးမှ လှူဒါန်းပါတယ်။

မိမိရဲ့နှလုံးသားကို လိုချင်တဲ့သူကိုဆိုရင်လည်း ရဲရဲတင်း တင်း ဝမ်းမြောက်ဝမ်းသာ ပေးလှူခဲ့တယ်။ ကျေးကျွန်အဖြစ် အသုံးပြုဖို့ သားသမီးတွေကို လာရောက်အလှူခံလာရင်လည်း လှိုက်လှိုက်လှဲလှဲ ပေးလှူခဲ့ပါတယ်။ မိမိရဲ့ဇနီးမယားကို အလှူ ခံလာရင်လည်း စိတ်လိုက်မာန်ပါနဲ့ လှူလိုက်တာပါပဲ။ စသည် ဖြင့် ဒါနပါရမီတော်တစ်ခုထဲမှာကိုပဲ သာမန်လူတွေ လိုက်လို့ မမီနိုင်ဘူး။ ကြံစည်ဖို့တောင် ခဲယဉ်းပါတယ်။ ပါရမီတော်တွေ ဖြည့်ကျင့်တိုင်း ဖြည့်ကျင့်တိုင်း အံ့ဩစရာ ဆန်းကြယ်လွန်းတာ

ကြောင့် အစွမ်းကုန် ကောင်းမွန်ခဲ့တာကြောင့် အကျိုးတရားတွေကလည်း ဘယ်သူမှ မမီနိုင်အောင် ကောင်းမွန်လာခဲ့တယ်။

မိဂါရသူဌေးကြီးဟာ တင်းတိမ်ကန့်လန့်ကာ ခြားပြီးတော့ တရားနာနေစဉ် သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ပြီးသွားပါတယ်၊ တရားနာနေရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်ဆိုတော့ တရားတော်ကို သေသေချာချာ သဘောပေါက်အောင်နာကြားပြီး မိမိရဲ့ခန္ဓာကိုယ်ကိုလည်း ပြန်ပြီး တရားသဘောနဲ့အညီ စစ်ဆေးကြည့်ရှုမြင်လို့ပါ။ နာရုံနာပြီးတော့ လက်တွေ့ကျင့်သုံးမှု မရှိတဲ့သူဆိုရင် တရားတွေ ဘယ်လောက်ပဲနာနေနေ ဒုံးရင်းဒုံရင်းပါပဲ။ အိုးမှောက်ပြီး ရေခံလို့ ရေမရသလိုပါပဲ။ ရေစိုရုံလောက်ပဲ ရှိပါတယ်။ ဒါကြောင့် ယောဂီတို့လည်း တရားနာပြီးရင် မိမိကိုယ်ကို ပြန်လည်စစ်ဆေးကြည့်ပါ။ သူတစ်ပါးအပြစ်တွေကို ရှာကြံကြည့်ပြီး သူတစ်ပါး မကောင်းကြောင်း အတင်းအဖျင်းတွေကို ပြောနေကြရင် သက်သက်မဲ့ အကုသိုလ်ဖြစ်ရုံပဲ ရှိမှာပါ။ သောတာပန် တည်ပြီးသွားတဲ့ မိဂါရသူဌေးကတော့ ရတနာသုံးပါးကို နက်နက်နဲနဲ အကြွင်းမဲ့ ယုံကြည်သွားပါတယ်။ တရားရဲ့အရသာကို သိသွားပါတယ်။

ရှင်တော်ဗုဒ္ဓရဲ့ တရားတော်မြတ်တွေဟာ ကြားနာရုံနဲ့တင် အပူအပင်ကင်းစင်ပါတယ်။ ကျင်ကြံနေဆဲမှာလည်း ကိုယ်ရောစိတ်ပါ ချမ်းသာမှုကို ပေးတတ်ပါတယ်။ အကျင့်လမ်းစဉ်ပြီးဆုံးသွားရင်လည်း ဒုက္ခမှန်သမျှ အကုန်ငြိမ်းပါတယ်။ မိဂါရ

သူဌေးလည်း ကိုယ်တိုင် တရားတော်ရဲ့အရသာကို ခံစားရတာကြောင့် အင်မတန် ဝမ်းသာမှုဖြစ်ပြီး တင်းတိမ်ကန့်လန့်ကာထဲ ဝင်ပြီး ဝိသာခါရဲ့သားမြတ်ကိုစုပ်ပြီး "ဝိသာခါဟာ ဒီနေ့က စလို့ ငါ့အမေဖြစ်ပြီ" လို့ မှတ်ယူလိုက်ပါတယ်။ ဝိသာခါကို အကြောင်းပြုပြီး အခု တရားအသိဉာဏ်တွေလည်း ရခဲ့ပြီ။ အရိယာသူတော်စင်ဘဝရောက်အောင် မွေးဖွားပေးခဲ့တာဟာ ဝိသာခါပဲ။ သူ့ကိုယ်သူ ဝိသာခါရဲ့သားလို့ပဲ မှတ်ယူလိုက်ပါတယ်။ လူ့ဘုံဌာန လူ့ဘဝကို မိဂါရသူဌေးက အလျင်ရောက်ခဲ့သော်လည်း ဝိသာခါက တရားအသိဉာဏ်ကို အလျင်လက်ဦးရခဲ့ပါတယ်။ သူတော်ကောင်းများဟာ အရွယ်ကြီးတာကို တန်ဖိုးမထားကြပါဘူး။ အသိဉာဏ်ကြီးတာကိုသာ တန်ဖိုးထားကြပါတယ်။ အဲဒါကြောင့် သူတော်ကောင်းတွေရဲ့ အလေးအမြတ်ပြုခြင်းကို ခံယူချင်တယ်ဆိုရင် တရားအသိဉာဏ်ကြီးမားအောင် ကြိုးစားကြပါ။ မိဂါရသူဌေးကြီး သောတာပန်တည်ခဲ့တဲ့နေ့ကစပြီး ဝိသာခါကို **'မိဂါရမာတာ = မိဂါရသူဌေးရဲ့မိခင်'** လို့ အများသူငါက ခေါ်လာကြပါတယ်။ နောင်အခါ ဝိသာခါက သားဦး ဖွားမြင်လာတဲ့အခါမှာလည်း **'မိဂါရသူတို့သား'**လို့ နာမည်ပေးခဲ့ပါတယ်။

❁



# တောင်းဆုရှစ်ဖြာ ဝိသာခါ

မိဂါရသူဌေးကြီးဟာ သောတပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရခဲ့တဲ့နေ့က ဆိုရင် မြတ်စွာဘုရားရဲ့ခြေတော်အစုံမှာ ဝပ်စင်းပြီးတော့ ရှိခိုးလို့ “တပည့်တော်ဟာ မိဂါရပါ အရှင်ဘုရား၊ တပည့်တော်ဟာ မိဂါရပါအရှင်ဘုရား၊ တပည့်တော်ဟာ မိဂါရပါ အရှင်ဘုရား”လို့ သုံးကြိမ်သုံးခါ လျှောက်ထားပြီး မြတ်စွာဘုရားရဲ့တပည့်အဖြစ် ခံယူလိုက်ပါတယ်။ နောက်ပြီးတော့—

“မြတ်စွာဘုရား တပည့်တော်ဟာ လူ့အဖြစ်ရလာကတည်းက အခုအချိန်တိုင်အောင် ဘယ်နေရာမှာလှူရင် အကျိုးကျေးဇူး များတယ်ဆိုတာ မသိခဲ့ပါဘုရား၊ အခုအချိန်မှာတော့ ချွေးမဖြစ်သူ ဝိသာခါကို အကြောင်းပြုပြီး အလှူခံပုဂ္ဂိုလ်ကောင်းကို သိခဲ့ရပါပြီဘုရား၊ တပည့်တော်ဟာ အခု အပါယ်ဝဋ်ဒုက္ခက နေပြီးတော့လည်း လွတ်မြောက်ခဲ့ရပါပြီဘုရား၊ စင်စစ်တော့ ချွေးမဝိသာခါဟာ တပည့်တော်ရဲ့ အကျိုးကျေးဇူးများဖို့ အိမ်ပေါ်ကို ရောက်လာခဲ့တာပါဘုရား” လို့ လျှောက်ထားလိုက်ပါ

တယ်၊ မိဂါရသူဌေးကြီးဟာ အရင်တုန်းက သူတော်ကောင်း အသိ မရှိသေးတာကြောင့် ဝိသာခါကို အိမ်ကနေတောင် နှင်ချခဲ့တယ်၊ အခု သူတော်ကောင်း အသိဉာဏ်တွေ ကိန်းအောင်းသွားတာကြောင့် ဝိသာခါရဲ့ တန်ဘိုးကို နားလည်သွားပါပြီ၊ သူတော်ကောင်း ကသာလျှင် သူတော်ကောင်းရဲ့တန်ဘိုးကို နားလည်ပါတယ်။ မိမိကိုယ်တိုင်က ယုတ်ညံ့တဲ့ သူဖြစ်နေရင် သူတော်ကောင်းတွေရဲ့ တန်ဖိုးကို နားမလည်ဘဲ နည်းမျိုးစုံနဲ့ ကဲ့ရဲ့ပြစ်တင်ရှုံ့ချချင်ကြ ပါတယ်။

ဝိသာခါဟာ နောက်တစ်နေ့မှာလည်း မြတ်စွာဘုရားနဲ့ သံဃာတော်တွေကိုပင့်ပြီး ဆွမ်းကပ်ပြန်ပါတယ်။ အဲဒီနေ့မှာတော့ ယောက္ခမအမကြီး (မိဂါရသူဌေးရဲ့ ဇနီး) သောတာပန်တည် သွားပါ တယ်။ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များဟာ မှန်ကန်တဲ့ အသိ ဉာဏ်တွေရရှိပြီး မှန်ကန်တဲ့အကျင့်တရားတွေကိုလည်း ဖြစ်ပေါ်လာ တာကြောင့် အဲဒီနေ့ကစပြီး မိဂါရသူဌေးကြီးရဲ့အိမ်ဟာ မြတ်စွာ ဘုရားနဲ့ သံဃာတော်တွေအတွက် တံခါးဟင်းလင်း ဖွင့်ပြီးသား ဖြစ် သွားပါတယ်။ သူတော်ကောင်းအသိတွေကိန်းလာတော့ သူတော် ကောင်းအလုပ်တွေ လုပ်လာတော့တာပေါ့၊ အခု တရားစခန်းပွဲ ကျင်းပပြီး တရားဟောပေးနေတယ်ဆိုတာဟာ ယောဂီတို့မှာ သူ တော်ကောင်းအသိတွေ ကိန်းသွားအောင်လုပ်နေတာပါ။ သူတော် ကောင်း အသိဉာဏ်တွေ ကိုယ်စီ ကိုယ်ငှ ရှိနေကြမယ်ဆိုရင်

ခိုက်ရန်ဒေါသဖြစ်ပွားမှု၊ စစ်ပွဲဆင်နွှဲမှုတွေ ဘယ်ဖြစ်တော့မလဲ၊ ဝိသာခါဆိုတဲ့ သူတော်ကောင်းတစ်ယောက် အကြောင်းပြုပြီး မိစ္ဆာဒိဋ္ဌိအိမ်ကြီးမှာ ချက်ချင်းသူတော်ကောင်းတို့ရဲ့ နေရာအိမ်ဂေဟာကြီးဖြစ်သွားတယ်ဆိုတာ အားရကျေနပ်စရာကောင်းပါတယ်၊ **"သူမြတ်တစ်ယောက် အိမ်သို့ရောက်က များမြောက်ထူပြော အိမ်နေသူတို့၊ နိဗ္ဗုန္နန်းခွင် စခန်းဝင်ဖို့ မဂ္ဂင်ရှစ်ဆင့် တံခါးပွင့်၏"** ဆိုသလို အမြိုက်နိဗ္ဗာန် ဝင်စံဖို့ မဂ္ဂင်ရှစ်ပါး တံခါးကြီးပွင့်သွားပါပြီ။

မိဂါရသူဌေးကြီးလည်းချွေးမဖြစ်သူ ဝိသာခါကို ကျေးဇူးတင်လွန်းလို့ ပူဇော်သက္ကာရပြုချင်တာကြောင့် "ငါ့ချွေးမမှာ အခုရှိတဲ့ မဟာလတာဝတ်စုံကြီးဟာ လေးလံလှတယ်။ အမြဲတန်းဝတ်ရုံထားလို့ မကောင်းဘူး။ ဒါ့ကြောင့် နေ့ရောညဉ့်ပါ ဘယ်အခါမဆိုဝတ်ဆင်နိုင်ဖို့၊ လျှောင်းထိုင်ရပ်သွား ဣရိယာပုထ်လေးပါးလုံးမှာ ပေါ့ပေါ့ ပါးပါး ဝတ်ဆင်နိုင်ဘို့ ဝတ်ရုံတစ်ခုလောက် လုပ်ပေးရရင်ကောင်းမယ်" လို့ ကြံစည်ပြီး တန်ဘိုးတစ်သိန်းထိုက်တန်တဲ့ ဃနမဋ္ဌက (တစ်ခဲနက် ပြေပြစ်သော) ဝတ်စုံကို ပြုလုပ်ပေးပါတယ်။ အဲဒီဝတ်စုံပြုလုပ်လို့ ပြီးတဲ့နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကိုပင့်ပြီး ဆွမ်းကပ်ပါတယ်။ ဝိသာခါကို နံ့သာရေအိုး (၁၆) လုံးနဲ့ ရေချိုးပေးပြီး မဟာလတာ တန်ဆာကို ဝတ်ဆင်ပေးလိုက်ပါတယ်။ မြတ်စွာဘုရားက အနုမောဒနာတရားတော်ကို ဟောကြားပေးလိုက်

ပါတယ်။

မိမိကိုတရားအသိဉာဏ်ပေးတဲ့သူဆိုရင် ကိုယ့်ထက် အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အရိုအသေပြု ပူဇော်ခြင်းငှာထိုက်ပါတယ်။ တရားအသိဉာဏ်ရပြီး တရားနဲ့အညီ နေတတ်တယ်ဆိုရင် ပစ္စုပ္ပန်ဘဝမှာရော သံသရာတစ်လျှောက်မှာပါ ချမ်းသာမှုကိုရရှိပါတယ်။ တရားအသိဉာဏ်ဟာ အိုနာသေဒုက္ခတွေကိုပင် ငြိမ်းစေတတ်ပါတယ်။ ဒါကြောင့် ရှင်တော်ဗုဒ္ဓက -

**"ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ**

**သက္ကစ္စန္တံ နမဿေယျ၊ အဂ္ဂိဟုတံဝ ဗြာဟ္မဏော"** လို့ ဟောခဲ့ပါတယ်။ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ "ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ထံကနေ မြတ်စွာဘုရားဟောကြားတဲ့ တရားတော်ကို သိခွင့်ရတယ်ဆိုရင် အဲဒီဟောပြောပေးတဲ့ ပုဂ္ဂိုလ်ကို ဗြာဟ္မဏဇာတ်ရှိတဲ့သူများ မီးကို ရိုရိုသေသေ ပူဇော်သလို ပူဇော်မှုပြု သင့်တယ်" လို့ ဆိုပါတယ်။

ဗြာဟ္မဏဇာတ်ရှိ သူတွေဟာ မီးကို ပူဇော်လေ့ရှိကြပါတယ်။ မိမိတို့အိမ်မှာ မီးကိုမွေးထားပြီး ရာသက်ပန် မီးငြိမ်းမသွားရလေအောင် စောင့်ရှောက်ထားကြပါတယ်၊ တတ်နိုင်သူကတွေက မီးထဲမှာ ထောပတ်တွေထည့်ပြီးတော့တောင် ပူဇော်ကြပါသေးတယ်၊ ဗြာဟ္မဏ ဇာတ်ရှိသူတွေဟာ မီးကို အလေးအမြတ်ထား ပူဇော်ကြသလို မိမိကို တရားအဆုံးအမပေးတဲ့သူကိုလည်း အလေးအမြတ်

ထားပြီး ရိုရိုသေသေ ပူဇော်ရမယ်လို့ ဆိုလိုပါတယ်၊ ဝိသာခါဟာ မိစ္ဆာဒိဋ္ဌိ မိသားစုကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် စည်းရုံးပြီး သာသနာပြုခဲ့ပုံတွေကို ဘုန်းကြီးတို့ ပရိသတ်အတူယူကြစမ်းပါ။ သာသနာပြုတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ရှည်ရတယ်။ အနစ်နာခံရတယ်၊ ပညာလည်း ရှိရပါတယ်။

ဝိသာခါဟာ အဲဒီနေ့ကစပြီးတော့ ဒါန သီလ ဘာဝနာ ကုသိုလ်အစု မြတ်ကောင်းမှုကို နေ့စဉ်နေ့စဉ် စိတ်တိုင်းကျပြု ခွင့်ရသွားပါတယ်၊ တစ်နေ့မှာတော့ ဝိသာခါဟာ ရှင်တော်ဗုဒ္ဓထံတော်မှာ ဆု (၈) မျိုးကို တောင်းခံရရှိပြီး ထင်ပေါ်ကျော်ကြားလာခဲ့ပါတယ်၊ ဝိသာခါဟာ ဒီဆုရှစ်မျိုးကို ကိုယ်ကျိုးအတွက် တောင်းခံခဲ့တာ မဟုတ်ပါဘူး၊ သာသနာအတွက် တောင်းခံခဲ့တာပါ၊ သူတောင်းခဲ့ပုံက တစ်နေ့မှာတော့ ရှင်တော်ဗုဒ္ဓအထံမှာ -

(၁) မြတ်စွာဘုရားတပည့်တော်ဟာ တစ်သက်ပန်လုံး သံဃာတော်များအတွက် မိုးရေခံသင်္ကန်းကပ်လှူပါရစေဘုရား။

(၂) သာဝတ္ထိမြို့ကိုရောက်လာခါစ အာဂန္တုရဟန်းတော်များအတွက် အာဂန္တုက ဆွမ်းကပ်လှူပါရစေဘုရား။

(၃) ခရီးထွက်တော့မည့်ရဟန်းတော်များအတွက် ဂမိကဘတ္တ ခရီးသွားဆွမ်း လှူဒါန်းပါရစေဘုရား။

(၄) ကျန်းမာရေးချို့တဲ့နေတဲ့ ရဟန်းတော်များအတွက် ဆွမ်း (ဂိလာနဘတ္တ) ကိုလည်း လှူဒါန်းပါရစေဘုရား။

(၅) ကျန်းမာရေးချို့တဲ့နေတဲ့ ရဟန်းတော်ကို ပြုစုပေးတဲ့ ရဟန်း အတွက် ဆွမ်း (ဂိလာနုပဋ္ဌာကဘတ္တ) ကို လှူဒါန်းပါရစေ ဘုရား။

(၆) ရဟန်းတော်များ ကျန်းမာရေးအတွက် လိုအပ်တဲ့ ဆေးဝါး ကိုလည်း လှူဒါန်းပါရစေဘုရား။

(၇) ရဟန်းသံဃာများအတွက် အမြဲတန်း ယာဂုဆွမ်းကို လည်း လှူဒါန်းပါရစေဘုရား။

(၈) ဘိက္ခုနီမများအတွက် ရေသနုပ် (ရေလဲသင်းပိုင်)ကို လည်း လှူဒါန်းပါရစေဘုရား။

အဲဒီလို ဆုရှစ်မျိုးကို တောင်းခံခဲ့ပါတယ်။ မြတ်စွာ ဘုရားက -

"ဝိသာခါ ဘယ်လိုအကျိုးသက်ရောက်မှု ဖြစ်လာမယ် ထင်လို့ သင်က ဒီဆုကို တောင်းနေတာလဲ" လို့ မေးတဲ့အခါ -

"ကိုယ်လုံးတီးရေချိုးနေတဲ့ ရဟန်းတော်များကို မြင်တွေ့ ခဲ့ရပြီး တပည့်တော်ရဲ့ အစေခံကျွန်မက အာဇီဝကတက္ကတွန်း တွေလို့ မှတ်ယူခဲ့ဘူးပါတယ်ဘုရား၊ အဝတ်မပါ အချည်းနှီးနေ ခြင်းဟာ စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်လို့ မိုးရေခံသင်္ကန်း ကပ်လှူချင်တဲ့ ဆန္ဒ ဖြစ်ပေါ်မိပါတယ်ဘုရား" ဟု လျှောက်ထားလိုက်လေသည်။

အခါတစ်ပါးဝယ် ရှင်တော်ဗုဒ္ဓသည် ဗာရာဏသီမြို့မှ ဒေသစာရီခရီးအဖြစ် သာဝတ္ထိမြို့သို့ကြွရောက်တော် မူလာခဲ့ပေ

သည်။ ဝိသာခါသည် နောက်နေ့နံနက်အဖို့ မြတ်စွာဘုရားနှင့် သံဃာတော်များအား ဆွမ်းပင့်ဖိတ်ခဲ့လေသည်။ ထိုညဉ့် လွန်မြောက်သောအခါ လေးကျွန်းလုံးကို နှံ့စေသော မိုးကြီးရွာချလေတော့သည်။ မြတ်စွာဘုရားက ရဟန်းတော်များကို ရေချိုးခိုင်းလေသည်။ ရဟန်းတော်များသည် အဝတ်မပါ၊ ဗလာကိုယ်ထီးရေချိုးနေကြသည်။ ဝိသာခါက အိမ်မှာ ဆွမ်း ပြင်ဆင်ပြီးသောအခါ အစေခံကျွန်မတစ်ယောက်ကို ကျောင်းတော်သို့ အထောက်ကြံ့ လွှတ်လိုက်လေသည်။ ရဟန်းများ ကိုယ်လုံးတီးရေချိုးနေသည်ကို တွေ့မြင်ရပြီး အာဇီဝက တက္ကတွန်းများဟု ထင်မှတ်ကာ ဝိသာခါထံ ပြန်ပြောပြခဲ့လေသည်။

ဝိသာခါက ဆက်လက်ပြီးတော့-

"မြတ်စွာဘုရား သာဝတ္ထိမြို့ကို ရောက်လာခါစ ရဟန်းတော်တွေဟာ အရပ်ထဲမှာ လမ်းခရီး မကျွမ်းကျင်သေးတာကြောင့် ဆွမ်းခံဖို့ရာ အခက်အခဲဖြစ်တတ်ပါတယ်ဘုရား။ အဲဒါကြောင့် တပည့်တော်က အာဂန္တုကဘတ္တ (ဧည့်သည်တို့အတွက်) ဆွမ်းကို ဆက်ကပ်လှူဒါန်းချင်တာပါဘုရား။

"ခရီးသွားရမည့် ရဟန်းတော်များဟာ ဆွမ်းခံလှည့်လည်နေရရင် မိမိ စီးနင်းလိုက်ပါရမည့် ယာဉ်များကို အချိန်မီ မစီးနင်းမလိုက်ပါနိုင်တာကြောင့် အခက်အခဲနှင့် ကြုံတွေ့ရပါလိမ့်မည်။ တပည့်တော်က ခရီးသွားဆွမ်း ဆက်ကပ်လှူဒါန်း လိုက်ရင်

ဆွမ်းကိစ္စအတွက် အချိန်မကုန်တော့ဘဲ လိုရာအရပ်ကို လိုရာ ယာဉ်စီးပြီးတော့ အချိန်မီ ရောက်နိုင်ပါလိမ့်မယ်ဘုရား"

"ကျန်းမာရေးချို့တဲ့နေသည့် ရဟန်းတော်များဟာ မိမိနဲ့ သင့်တော်တဲ့ ဆွမ်းအာဟာရကို မစားမသောက်ရရင် (သို့မဟုတ်) မသင့်တော်တဲ့ အစာအာဟာကို မှီဝဲစားသောက်မိရင် ကျန်းမာရေး အခြေအနေ ပိုမိုဆိုးရွားလာပြီး အသက်အန္တရာယ်ပါ ဖြစ်သွားနိုင်ပါ တယ်ဘုရား။ အဲဒါကြောင့် ဂိလာနဘတ္တ (လူနာရဟန်းအတွက် ဆွမ်း) ကို လှူဒါန်းချင်တာပါဘုရား"

"လူနာပြုစုတဲ့ ရဟန်းများဟာ ကျန်းမာရေးချို့တဲ့သူ ရဟန်းကို ပြုစုနေရရင် အချိန်မီဆွမ်းခံကြွနိုင်မှာ မဟုတ်ပါဘူး ဘုရား။ အချိန်လွန်သွားရင် ဆွမ်းအာဟာရ အခက်အခဲ ဖြစ်မှာစိုးတဲ့ အတွက်ကြောင့် ဂိလာနုပဋ္ဌာကဘတ္တ (လူနာပြုစုသူရဟန်းတော် အတွက်ဆွမ်း) ကို လှူဒါန်းချင်တာပါဘုရား။

"ရဟန်းတော်များအနေနဲ့ သင့်တော်တဲ့ ဆေးဝါးကို မမှီဝဲ ရရင် အနာရောဂါ တိုးပွားပြီး ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရတတ်ပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်ဟာ ဆေးဝါးကို လှူဒါန်းချင်တာပါ ဘုရား"

"ရှင်တော်ဗုဒ္ဓဟာ အန္ဓကဝိန္ဒအရပ်မှာ သီတင်းသုံးတော်မူ စဉ်က ယာဂုဆွမ်းရဲ့ အကျိုး (၁၀) ပါးကို ဟောတော်မူတာကို နားကြားခဲ့ရဘူးပါတယ်ဘုရား။ အဲဒါကြောင့် တပည့်တော် ယာဂု

ဆွမ်းလှူဒါန်း ချင်တာပါဘုရား”

“အခါတစ်ပါး ဘိက္ခုနီမများဟာ အစိရဝတီမြစ်ထဲမှာ ပြည့်တန်ဆာမတွေနဲ့အတူတူ ရေသနုပ်မပါဘဲ ရေချိုးနေကြပါတယ်ဘုရား၊ အဲဒီအခါ ပြည့်တန်ဆာမတွေရဲ့ ပြောင်လှောင်ခြင်းကို ခံခဲ့ရပါတယ်ဘုရား။ အဲဒါကြောင့် ဘိက္ခုနီမများအတွက် ရေသနုပ် လှူဒါန်းချင်တာပါဘုရား” လို့ လျှောက်ထားလိုက်ပါတယ်။

မြတ်စွာဘုရားက ထပ်မံပြီး “အဲဒီလို ဆုရှစ်မျိုး ရယူလိုက်ခြင်းဖြင့် သင့်မှာ ဘယ်လိုအကျိုးတရားတွေ ရလာလိမ့်မယ်လို့ ထင်သလဲလို့ မေးမြန်းတော်မူတဲ့အခါ-

“မြတ်စွာဘုရား အရပ်မျက်နှာအသီးသီးမှာ ဝါဆိုဝါကပ်တော်မူတဲ့အခါ ရဟန်းတော်တွေဟာ ဝါကျွတ်တဲ့အခါမှာ မြတ်စွာဘုရားကို ဖူးမြော်ပူဇော်ဖို့ ရောက်လာကြပါတယ်ဘုရား။ အဲဒီအရှင်မြတ်တွေဟာ ဘယ်ရဟန်းကတော့ ပျံတော်မူသွားပါပြီဘုရား။ အဲဒီရဟန်းရဲ့လားရာဂတိက ဘယ်လိုပါလဲဘုရား” လို့ မေးလျှောက်တဲ့အခါ မြတ်စွာဘုရားက “ဒီပုဂ္ဂိုလ်က သောတာပန်၊ ဒီပုဂ္ဂိုလ်က သကဒါဂါမ်၊ ဒီပုဂ္ဂိုလ်က အနာဂါမ်၊ ဒီပုဂ္ဂိုလ်က ရဟန္တာ စသည်ဖြင့် ဖြေကြားတော်မူသံကို ကြားရပါလိမ့်မယ်ဘုရား။ အဲဒီအခါ တပည့်တော်က အဲဒီ ပျံလွန်တော်မူသွားတဲ့ ရဟန်းဟာ သာဝတ္ထိမြို့မှာ သီတင်းသုံးဘူးသူဟုတ်မဟုတ်ကို စုံစမ်းပြီး သီတင်းသုံးဖူးသူဖြစ်တယ်ဆိုတာ သိရလို့ရှိရင် အဲဒီပျံလွန်တော်မူသွားတဲ့ ရဟန်းတော်

ဟာ "ငါလျှုတဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီး၊ ငါလျှုတဲ့သင်္ကန်းကို ဝတ်ရုံပြီး၊ ငါလျှုဒါန်းတဲ့ ဆေးဝါးကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိသွားပါလား" လို့ သိရှိရပြီး နှစ်သက်မှု ပါမောဇ္ဇတစ်ပါး ဖြစ်ရပါလိမ့်မည်ဘုရား၊ ပါမောဇ္ဇဖြစ်လာရင် ပီတိ၊ ပီတိဖြစ်လာရင် ငြိမ်းချမ်းမှု ပဿဒ္ဓိ၊ ပဿဒ္ဓိ ဖြစ်လာရင် ချမ်းသာမှု သုခ၊ သုခဖြစ်လာရင် တည်ကြည်မှုသမာဓိ၊ သမာဓိ ဖြစ်လာရင် ရုပ်နာမ်ခန္ဓာရဲ့ ဟုတ်မှန်စွာသော သဘောကိုသိတဲ့ ယထာဘူတ ဉာဏ်၊ ယထာဘူတဉာဏ် ဖြစ်လာရင် ခန္ဓာမှာ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်၊ နိဗ္ဗိဒါဉာဏ်ဖြစ်လာပြီးရင် ကပ်ငြိမှုကင်းတဲ့ဝိရာဂတရား၊ ဝိရာဂ ဖြစ်လာရင် ကိလေသာမှ လွတ်ငြိမ်းမှု ဝိမုတ္တိ၊ ဝိမုတ္တိဖြစ်လာရင် ကိလေသာမှ လွတ်မြောက်မှုကို သိတတ်တဲ့ ဝိမုတ္တိဉာဏ ဒဿန၊ အဲဒီလို အဆင့်ဆင့်ဖြစ်လာပါလိမ့်မယ်ဘုရားလို့ လျှောက် ထားလိုက် ပါတယ်။ မြတ်စွာဘုရားကလည်း ဝိသာခါရဲ့ တောင်းဆိုချက်ကို လိုက်လျော ခွင့်ပြုလိုက်ပါတယ်။

❀



# ရဟန်းနှင့် သားငါး

ဝိသာခါဟာ ရုပ်ရည်အဆင်းကလည်း ချောမောလှပတယ်။ အနာရောဂါလည်း ကင်းတယ်။ သဒ္ဓါတရားကလည်း ထက်သန်တယ်။ အပြောအဆိုကလည်း ချိုသာယဉ်ကျေးတယ်။ အဲဒါကြောင့် သာဝတ္ထိမြို့သူ မြို့သားတွေက ဝိသာခါကို မင်္ဂလာရှိတဲ့အမျိုးကောင်းသမီးလို့ ခေါ်ဝေါ်ပြောဆိုကြပါတယ်။ သာဝတ္ထိမြို့မှာ အလှူပွဲ မင်္ဂလာပွဲတွေ ပြုလုပ်ပြီဆိုရင် ဝိသာခါကို ကြိုတင်ပြီးတော့ ဖိတ်ကြားထားကြပါတယ်။ မိမိတို့ရဲ့အလှူပွဲ မင်္ဂလာပွဲမှာ ဝိသာခါရောက်လာရင် မင်္ဂလာရှိတယ်၊ တင့်တယ်ကောင်းမြတ်တယ်၊ ကျက်သရေရှိတယ်လို့ အယူအဆရှိကြပါတယ်။ ငွေကြေး ဘယ်လောက်အကုန်အကျခံပြီး လှူဒါန်းသည်ဖြစ်စေ၊ ဘယ်လောက်ပဲ ပရိသတ်စည်ကားသည်ဖြစ်စေ အဲဒီအလှူပွဲ မင်္ဂလာပွဲမှာ ဝိသာခါ ရောက်မလာဘူးဆိုရင် အဲဒီအလှူပွဲကို အပေါစားအလှူ အလှူမွဲရယ်လို့ ခေါ်ဝေါ်ကြတယ်။

အဲဒါကြောင့် ဝိသာခါဟာ မြို့ထဲမှာ အလှူပွဲတွေ မင်္ဂလာအခမ်းအနားတွေ တစ်ခုပြီး တစ်ခု လက်မလည်အောင် လိုက်နေရပါတယ်။ တစ်နေ့မှာတော့ ဝိသာခါဟာ အလှူပွဲတစ်ခုကအပြန် မဟာလတာဝတ်စုံကြီးကို ဝတ်ရုံပြီးတော့ ဘုရားကျောင်းတော်ကို တရားနာဖို့ သွားပါတယ်။ ကျောင်းတော်ရောက်တော့ မဟာလတာဝတ်စုံကြီးကို ချွတ်ပြီး အပေါ်ရုံခြုံထည်နဲ့ ထုပ်ပြီး အစေခံအမျိုးသမီးဆီမှာ အပ်ထားလိုက်ပါတယ်။ အစေခံအမျိုးသမီးဟာ ဝိသာခါရဲ့ဘုန်းကံနဲ့လျော်ညီစွာ ဖြစ်ပေါ်လာရတဲ့သူဆိုတော့ ဒီဝတ်စုံကြီးကို သယ်ပိုးယူဆောင်နိုင်တဲ့ခွန်အား ရှိနေပါတယ်။ မဟာလတာဝတ်စုံကြီးဟာ ဦးခေါင်းကနေ စွပ်လိုက်ရင် ခြေဖမိုးတိုင်အောင် လုံလုံခြုံခြုံ လှလှပပ တန်ဆာဆင်ပြီးသား ဖြစ်သွားပါတယ်။ သိပ်ပြီးတော့ ခန့်ညားထည်ဝါလှပါတယ်။ အဲဒီခေတ်က အဖိုးအတန်ဆုံး အလှပဆုံးဝတ်စုံပါပဲ။

တရားနာတယ်ဆိုတာ အလှပြသွားတာ မဟုတ်တာကြောင့် ဒီဝတ်စုံကြီးကို ချွတ်လဲလိုက်တာပါ။ တရားနာပြီးလို့ ကျောင်းတော်ကနေ ပြန်ထွက်တော့မှပဲ ပြန်လည်ဝတ်ဆင်မယ်ဆိုတဲ့ စိတ်အကြံနဲ့ ယောက္ခမပေးထားတဲ့ ဃနမဋ္ဌကဝတ်စုံကိုပဲ ဝတ်ပြီး ဘုရားမြတ်စွာရဲ့ တရားတော်ကို နာယူပါတယ်။ တရားပွဲအပြီး ရှင်တော်ဗုဒ္ဓကို ရှိခိုးလို့ ထပြန်လာတဲ့အခါ အစေခံကျွန်မဟာ မဟာလတာဝတ်စုံကြီးကို မေ့ကျန်ရစ်ခဲ့ပါတယ်။ တရားနာ

လာကြတဲ့ပရိသတ်တွေ ပြန်သွားတဲ့အခါ အချို့ အချို့သူတွေဟာ လည်း မိမိတို့ရဲ့ပစ္စည်းဥစ္စာတွေကို မေ့ကျန်ရစ်ခဲ့တာ အရင်က လည်း ရှိခဲ့ဖူးပါတယ်။ အဲဒီ ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေကို အရှင် အာနန္ဒာ ကိုယ်တော်မြတ်ကြီးက သိမ်းဆည်းထားလေ့ ရှိပါတယ်။ အခုလည်း ဝိသာခါရဲ့အစေခံမ မေ့ကျန်ရစ်ခဲ့တဲ့ မဟာလတာ ဝတ်စုံကိုလည်း မြတ်စွာဘုရားရဲ့အမိန့်တော်အရ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က လှေကားစောင်းတန်းနံဘေးမှာ ချိတ်ပြီး ထားလိုက်ပါတယ်။

ဝိသာခါလည်း တရားနာပြီးတော့ သုပ္ပိယာဆိုတဲ့ အမျိုး သမီးနဲ့အတူ ကျောင်းတော်ပုရဝုဏ်အတွင်း လှည့်လည်ပြီး တစ် ကျောင်းဝင် တစ်ကျောင်းထွက် အာဂန္တုကရဟန်း ရှိမရှိ၊ နေထိုင် မကောင်းတဲ့ရဟန်းတွေ ရှိမရှိ လှည့်လည်ကြည့်ရှုပြီး လိုအပ် လိုရာတွေ မေးမြန်းလျှောက်ထားပါတယ်။ ရဟန်းသာမဏေ များဟာ ဝိသာခါနဲ့ သုပ္ပိယာတို့ ကျောင်းဝန်းထဲရောက်လာပြီ ဆိုရင် ထုံးစံအတိုင်းပဲ ထောပတ်ဆီဦး စသည်ဖြင့် လိုအပ်ရာတွေ အလှူခံဖို့ ပန်းကန်ခွက်ယောက်တွေကို ကိုင်ပြီး ထွက်လာကြ ပါတယ်။ နေထိုင်မကောင်းတဲ့ရဟန်းတစ်ပါးကို တွေ့တော့ သုပ္ပိယာက အကျိုးအကြောင်းမေးကြည့်တဲ့အခါ အသားစွပ်ပြုတ် သောက်ရရင် ကျန်းမာလာမယ်ဆိုတာ သိရတော့ ဈေးထဲကနေ ပဝတ္တမံသ (မိမိအတွက်ရည်စူးပြီးသတ်တာမဟုတ်တဲ့ အသား)

ကို ရှာခိုင်းလိုက်တာ လုံးဝမရဘူး။ အဲဒီနေ့ဟာ သားငါး မသတ်ဖြတ်ရလို့ ကြေညာထားတဲ့နေ့ ဖြစ်နေပါတယ်။ အဲဒီတော့ သုပ္ပိယာက မိမိရဲ့ပေါင်သားကို လှီးပြီးတော့ စွပ်ပြုတ်လုပ်ပြီး လှူဒါန်းလိုက်ပါတယ်။ သုပ္ပိယာဟာ သောတာပန်ပုဂ္ဂိုလ်ပါ။ ရတနာသုံးပါးကို ကံနဲ့ကံရဲ့အကျိုးကို အကြွင်းမဲ့ ယုံကြည်ပြီးသားဆိုတော့ ကိုယ်ရေးကိုယ်တာကို ရှေ့တန်းမတင်ဘဲ သာသနာရေးကိစ္စကို အလေးပေးစဉ်းစားပါတယ်။ သောတာပန်ပုဂ္ဂိုလ်တို့ရဲ့ သဒ္ဓါတရားဟာ အံ့မခန်းစရာပါပဲ။

အချို့ အချို့သူတွေဆိုရင် ခရီးသွားရင်း တစ်စုံတစ်ယောက်က မတော်တဆထိခိုက်မိတာတောင် ကြံဖန်အပြစ်ရှာပြီး ပြဿနာလုပ်တတ်ကြပါသေးတယ်။ အတ္တဒိဋ္ဌိကြီးသူတွေ ထောင်လွှားမှု မာနကြီးသူတွေဟာ အရာရာမှာ ကိုယ့်ဘက်က အသာရမှ ကျေနပ်ကြပါတယ်။ ကိုယ်ရေးကိုယ်တာကို ရှေ့တန်းတင်တတ်ကြပါတယ်။ ကိုယ်ရေးကိုယ်တာကိုသာ ရှေ့တန်းတင်နေသရွေ့တော့ တစ်ချိန်ချိန်မှာ ပတ်ဝန်းကျင်နဲ့ အဆင်မပြေမှုဆိုတာ ဖြစ်လာတတ်စမြဲပါ။ သုပ္ပိယာကတော့ ကိုယ့်အရေးကို ရှေ့တန်းမတင်ပါဘူး။ နေထိုင်မကောင်းတဲ့ ရဟန်းဟာ အသားစွပ်ပြုတ်ကို ဘုဉ်းပေးသုံးဆောင်လိုက်ရတော့ ပကတိအတိုင်း ကျန်းမာသွားပါတယ်။ သုပ္ပိယာကတော့ ပေါင်မှာ ဒဏ်ရာရပြီး အိပ်ရာထဲမှာ လဲနေပါတော့တယ်။

ဒီအကြောင်းကို မြတ်စွာဘုရားက သိတော်မူပါတယ်။ အဲဒါကြောင့် ရှင်တော်ဗုဒ္ဓဟာ သုပ္ပိယာရဲ့အိမ်ကို ကြွသွားပါတယ်။ မြတ်စွာဘုရား ကြွတော်မူလာတော့ သုပ္ပိယာရဲ့လင်ယောကျ်ားက အဆင်သင့် နေရာပြုပြင်ပေးပါတယ်။ ရှင်တော်ဗုဒ္ဓက သုပ္ပိယာကို ရှေ့တော်အရောက် ခေါ်ခိုင်းလိုက်ပါတယ်။ သူ့ယောကျ်ားကလည်း သုပ္ပိယာကို ပွေ့ချီပြီး ခေါ်ယူလာခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ရှေ့တော်ရောက်တော့ မြတ်စွာဘုရားကို ဖူးမြော်လိုက်ရတဲ့အတွက်ကြောင့် အတိုင်းမသိ၊ ဝမ်းသာမှုနဲ့ယှဉ်တဲ့ မဟာကုသိုလ်စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။ မြတ်စွာဘုရားက 'ငါ့ကိုအလေးထားပြီး ခေါ်ယူနေပါလား' လို့ တွေးပြီး အလွန်ကျေနပ်သွားပါတယ်။ အဲဒီလို ကုသိုလ်စိတ်တွေကြောင့် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်စိတ္တဇရုပ်တွေလည်း ကြည်လင်ပြီး ပေါင်မှာရှိတဲ့ ဒဏ်ရာဟာ ပကတိအတိုင်း ပြည့်ဖြိုးလာပြီး ကျန်းကျန်းမာမာ ဖြစ်သွားပါတယ်။ ဒါကြောင့် ပဋ္ဌာန်းဒေသနာတော်မှာ–

**"သဟဇာတာ စိတ္တစေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော"** အတူတကွ ဖြစ်ပေါ်ဖြစ်ဖက် စိတ်စေတသိက်တရားတွေဟာ စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်တွေကို သဟဇာတ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုနေတယ်လို့ ဆိုလိုပါတယ်။

ကုသိုလ်စိတ်စေတသိက်တွေကြောင့် ကြည်လင်သန့်ရှင်း

တဲ့ စိတ္တဇရုပ်တွေ ဖြစ်ပေါ်လာသလို။ အကုသိုလ် စိတ်စေတသိက်တွေကြောင့် ညစ်နွမ်းတဲ့ မစင်ကြယ်တဲ့ စိတ္တဇရုပ်တွေလည်း ဖြစ်ပေါ်လာတတ်စမြဲပါ။ ဥပမာ တစ်စုံတစ်ယောက်ကို မကျေနပ်တဲ့ ဒေါသစိတ်တွေ ဖြစ်ပေါ်လာကြည့်ပါလား။ အဲဒီ ဒေါသစိတ်စေတသိက်ကြောင့် ချက်ချင်း မျက်နှာနီမြန်းပြီးတော့ လာတာ၊ မျက်စိတွေနီလာတာ အချို့ဆိုရင် လက်တွေခြေတွေတုန်လာတာကို တွေ့မြင်ရပါလိမ့်မယ်။ သဒ္ဓါ မေတ္တာဆိုတဲ့ တရားတွေ ကိန်းအောင်းလာရင်တော့ မျက်နှာမှာ ကြည်လင်ဝင်းပလာတာ တွေ့ရပါလိမ့်မယ်။ ကိုယ်အမူအရာတွေ တက်တက်ကြွကြွဖြစ်လာတာ တွေ့ရပါလိမ့်မယ်။ နှုတ်အမူအရာတွေ ချိုချိုသာသာဖြစ်လာတာ တွေ့ရပါလိမ့်မယ်။ စိတ်ဆင်းရဲမှုအားကြီးလာတဲ့လူတွေဆိုရင် စိတ္တဇရုပ်တွေ ဖောက်ပြန်မှု လွန်ကဲပြီး နှလုံးရောဂါ သွေးတိုးရောဂါတွေတောင် ဖြစ်ပေါ်လာပါတယ်။ အချို့ဆိုရင် စိတ်ဓာတ်ကျတဲ့ရောဂါ စွဲကပ်တာလည်း ရှိပါတယ်။ ဒါကြောင့် ယောဂီတို့ဟာ အကုသိုလ်စိတ်တွေ အဖြစ်မခံကြပါနဲ့။

မြတ်စွာဘုရားဟာ သုပ္ပိယာ ပေါင်သားလှီးပြီး စွပ်ပြုတ်လှူလိုက်တာကို အကြောင်းပြုပြီး ကျောင်းတော်ပြန်ရောက်တော့ ရဟန်းတော်တွေကို အစည်းအဝေးခေါ်ယူပြီး လူသားကို မစားရလို့ ဝိနည်းသိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့ပါတယ်။ နောက်

ထပ်လည်း မစားကောင်းတဲ့အသားတွေကို ထုတ်ဖော် မိန့်ကြား ပညတ်လိုက်ပါသေးတယ်။ အဲဒီအသား (၁၀) မျိုးကတော့–

(၁) လူသား၊ (၂) ဆင်သား၊ (၃) မြင်းသား၊ (၄) ခွေးသား၊ (၅) ကျားသား၊ (၆) ကျားသစ်သား၊ (၇) ဝံသား၊ (၈) အောင်းသား၊ (၉) မြွေသား၊ (၁၀) မြွေသားတို့ပါပဲ။ လူသားကတော့ ဇာတ်တူသားဖြစ်တဲ့အတွက်ကြောင့် မစားရပါဘူး။ စားခဲ့ရင် ထုလ္လစ္စည်း အပတ်သင့်စေဆိုပြီး ပညတ်တော်မူပါတယ်။ ခွေးသား မြွေသားတို့ကတော့ လောကမှာ အများသူငါက ရွံစရာလို့ သတ်မှတ်ထားတဲ့အရာတွေ ဖြစ်ပါတယ်။ သူတို့ အသားကိုစားမိရင် ဒုက္ကဋ် အပတ်သင့်ပါတယ်။

အခုခေတ်မှာဆိုရင် မြွေသားတွေ ခွေးသားတွေကိုတောင် အချို့စားသောက်နေကြပါပြီ။ အချို့က ခွေးသားကို ဆိတ်ကတုံးသားလို့ ယဉ်ယဉ်ကျေးကျေး ပြောဆိုကြပါတယ်။ မြင်းနဲ့ ဆင် ကတော့ မင်းအသုံးအဆောင် ဖြစ်တဲ့အတွက်ကြောင့် မစား သောက်ကြဖို့ ပညတ်ထားတာပါ။ ကျားသစ်သား၊ ကျားသား၊ ဝံသား၊ ခြင်္သေ့သား၊ အောင်းသားတို့ကတော့ သူတို့အသားစား မိတဲ့သူဟာ အနံ့ထွက်တတ်ပါတယ်။ တောထဲမှာနေတဲ့ ကိုယ် တော်တွေ ဒီအနံ့ထွက်လာတဲ့အခါ ခြင်္သေ့၊ သစ်၊ ကျား အစ ရှိတဲ့ သတ္တဝါတွေက ငါတို့အသားစားတဲ့သူပဲဆိုပြီး ရန်ရှာတတ် ပါတယ်။ အဲဒီအသားကြီး (၁၀) မျိုးဟာ မသိလို့ စားမိရင်လည်း

အပြစ်က မလွတ်ပါဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက အသားဟင်းတွေကို စားရင် အပ်စပ်တဲ့အသား ဟုတ်မဟုတ် ဆင်ခြင်ပြီးမှ စားကြဖို့ ပညတ်တော်မူပါတယ်။

နောက်ပြီးတော့ အဲဒီအသားကြီး (၁၀) မျိုးမှ တစ်ပါး အပ်စပ်တဲ့အသားပင် ဖြစ်သော်လည်း အစွန်း (၃) ပါး မလွတ်ရင် မစားကြဖို့ ပညတ်တော်မူပါသေးတယ်။ အစွန်း (၃) ပါးဆိုတာကတော့ (၁) မြင်မှု၊ (၂) ကြားမှု၊ (၃) ယုံမှားသံသယရှိမှုပါပဲ။

ဥပမာ– ကြက်သားဟင်းဟာ အသားကြီးဆယ်မျိုးက နေလွတ်တဲ့ အသားဖြစ်တာကြောင့် စားကောင်းတဲ့ အသားပဲလို့ ယူဆရသော်လည်း ဒီကြက်ကို ရဟန်းတော်များအတွက် ရည်စူးပြီးတော့ သတ်ဖြတ်တာကို ကိုယ်တိုင်မြင်တွေ့ရရင် အဲဒီကြက်သားကို မစားကောင်းပါဘူး။

ကိုယ်တိုင် မမြင်တွေ့ရသော်လည်း ရဟန်းတော်များအတွက် ရည်စူးပြီး သတ်ဖြတ်ထုရိုက်တဲ့အသံကို ကြားရရင်ဖြစ်စေ၊ "ဘယ်သူ ဘယ်ဝါကတော့ ဘုန်းကြီးတွေ ဆွမ်းကပ်ဖို့ ကြက်တွေကို သတ်ဖြတ်နေတယ်" လို့ ပြောလာတဲ့စကားကို ကြားရရင်လည်း ဒီကြက်သားကို မစားအပ်ပါဘူး။

မြင်မှု၊ ကြားမှု မရှိသော်လည်း ဒီကြက်သားဟင်းက ငါတို့အတွက် ရည်စူးပြီးတော့ သတ်ဖြတ်တာ ဖြစ်လေမလားလို့ ယုံမှားသံသယရှိခဲ့ရင်လည်း ဒီအသားကို မစားကောင်းပါဘူး။

အဲဒီလို အစွန်းသုံးပါးမလွတ်တဲ့ အသားကို စားမိတဲ့ ရဟန်းတော်များဟာ ဒုက္ကဋ်အပတ်သင့်ပါတယ်။ အစွန်းသုံးပါး မလွတ်တဲ့အသားကို မလွတ်မှန်းသိတဲ့ ရဟန်းဟာ ကိုယ်တိုင် မစားပဲ အခြားရဟန်းတွေကို စားခိုင်းရင်တော့ စားခိုင်းတဲ့ကိုယ်တော်ရော စားရတဲ့ရဟန်းပါ အာပတ်မသင့်ပါဘူး။ မြတ်စွာဘုရားရဲ့ပညတ်တော်မူချက်ကြောင့် ဘုန်းကြီးတို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာတော်မှာ အသားကြီး (၁၀) မျိုးနဲ့ အစွန်းသုံးပါး မလွတ်တဲ့အသားကို ရှောင်ရပါတယ်။



# ဒါနပြုရာ ဝမ်းမြောက်ပါ

တရားနာသွားတဲ့နေ့က အပြန်ခရီးမှာ ကျောင်းတိုက် အပြင်ရောက်တော့ ဝိသာခါဟာ မဟာလတာဝတ်စုံကြီးကို ဝတ်မလို့ တောင်းတဲ့အခါ မေ့ပြီးကျန်ရစ်ခဲ့တဲ့အကြောင်း သိရတော့တယ်။ အဲဒီတော့ အစေခံမကို ပြန်ယူခိုင်းလိုက်တယ်။ အကယ်၍ အရှင်အာနန္ဒာကိုယ်တော်က ကောက်ပြီး သိမ်းထားလိုက်တယ်ဆိုရင် ပြန်မယူခဲ့နဲ့။ အပြီးအပိုင်သာ လှူခဲ့တော့၊ အရှင်မြတ်တွေ လက်တော်နဲ့ သုံးသပ်ပြီးတဲ့ဝတ်စုံကို မဝတ်ထိုက်ဘူးလို့ မှာလိုက်ပါသေးတယ်။ ဝိသာခါအနေနဲ့ ရတနာသုံးပါးကို ကြည်ညိုလွန်းလို့ အခုလို မှာကြားလိုက်တာ ဖြစ်ပါတယ်။ တရားနာပရိသတ်တွေ မေ့ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို အရှင်အာနန္ဒာက ကောက်ယူပြီး သိမ်းထားတတ်တယ်ဆိုတာကိုလည်း ဝိသာခါက သိထားပါတယ်။ အစေခံမကလည်း

ရှင်အာနန္ဒာသိမ်းထားကြောင်း သိရတော့ “အရှင်မြတ်တို့ရဲ့ လက်တော်နဲ့ သုံးသပ်ပြီးတဲ့ ပစ္စည်းဝတ္ထုကို တပည့်တော်ရဲ့ သခင်မက အသုံးပြုဝတ်ရုံဖို့ရာ မဝံ့ရဲပါဘုရား” လို့ လျှောက်ထားပြီး ပြန်လာခဲ့ပါတယ်။

ဝိသာခါဟာ လေးလေးနက်နက် သေသေချာချာ စဉ်းစားပြီးတော့ “မဟာလတာဝတ်စုံကြီးကို ထိန်းသိမ်းစောင့်ရှောက်နေရရင် အရှင်မြတ်တို့မှာ တာဝန်တစ်ခုဖြစ်နေမယ်၊ ဒီဝတ်စုံကို ရောင်းပြီး အပ်စပ်တဲ့ပစ္စည်းတစ်ခု လှူလိုက်ရရင် ပိုကောင်းမှာပဲ” လို့ စဉ်းစားပြီး အစေခံမကို ဝတ်စုံကြီးကို ပြန်ယူခိုင်းလိုက်ပါတယ်။ ကိုးကုဋေနဲ့ တစ်သိန်းထိုက်တန်တဲ့ ဒီဝတ်စုံကြီးကို သာဝတ္ထိမြို့ထဲ လှည့်လည်ရောင်းတာ ဝယ်နိုင်တဲ့သူ တစ်ယောက်မှ မရှိပါဘူး။ တန်ဖိုးကြီးတာကလည်း တစ်ကြောင်း၊ ဒီဝတ်စုံကြီးဟာ ကျောက်မျက်ရတနာများစွာ ထည့်သွင်းပြီး ပြုလုပ်ထားလို့ လေးလံတာကလည်း တစ်ကြောင်းဆိုတော့ ဝယ်ယူဝတ်ဆင်နိုင်တဲ့သူ မရှိဘူး။ အဲဒီခေတ်အခါက မဟာလတာဝတ်စုံကို ဝတ်ဆင်နိုင်သူ မိန်းမသုံးယောက်ပဲ ရှိတယ်။ (၁) ဝိသာခါ၊ (၂) ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၊ (၃) ဗာရာဏသီ သူဌေးသမီးတို့ ဖြစ်ပါတယ်။

နောက်ဆုံးတော့ ဝိသာခါဟာ အဲဒီ မဟာလတာ ဝတ်စုံကြီးကို မိမိကိုယ်တိုင် ပြန်ဝယ်ပြီး မြတ်စွာဘုရားထံမှာ–

“အရှင်ဘုရား တပည့်တော်ရဲ့ မဟာလတာဝတ်စုံကြီးရဲ့

တန်ဖိုးဟာ ကိုးကုဋေနဲ့ တစ်သိန်းထိုက်တန်ပါတယ်ဘုရား၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးမှာ အရှင်ဘုရားတို့အတွက် ဘာကို လှူဒါန်းရပါမလဲဘုရား" လို့ လျှောက်ထားတော့ မြတ်စွာဘုရားက သာဝတ္ထိမြို့ရဲ့အရှေ့ဘက်အရပ်မှာ သံဃာတော်များ သီတင်းသုံးဖို့ ကျောင်းဆောက်လုပ်ရင် သင့်တော်ကောင်းမြတ်ကြောင်း မိန့်ကြားလိုက်ပါတယ်။ လှူဒါန်းမှုကုသိုလ်ရေး လုပ်ငန်းတွေ လုပ်တဲ့နေရာမှာ ဝိသာခါဟာ မိမိသဘောနဲ့ မလှူဒါန်းပဲ မြတ်စွာဘုရားကို လျှောက်ထားမေးမြန်းပြီးမှ လှူဒါန်းတာကို သတိပြုကြပါ။ ဒီလိုပဲ ဖြစ်သင့်ပါတယ်။

မမေးမမြန်းဘဲ ကိုယ်လှူချင်ရာကို လှူလိုက်မယ်ဆိုရင် ဒီပစ္စည်းဟာ သံဃာတော်များအတွက် မအပ်မစပ်ဖြင်ရင် (သို့မဟုတ်) မလိုအပ်ဘဲ ပိုနေတာဖြစ်ရင် သာသနာမှာ အကျိုးမများပါဘူး။ ဒါကြောင့် ဘုန်းကြီးတို့ ယောဂီများလည်း အလှူဒါနတစ်ခုဖြစ်တော့မယ်ဆိုရင် တတ်သိနားလည်သူတွေနဲ့ တိုင်ပင်ပြီးမှ ပြုလုပ်သင့်ပါတယ်။ ကိုယ်ထင်တာ ကိုယ်လုပ်ရင် အမှားပါတတ်ပါတယ်။ ဝိသာခါဟာ ရှင်တော်ဗုဒ္ဓရဲ့ မိန့်စကားကြားရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျောင်းဆောက်ဖို့ မြေနေရာတစ်ခုကို ကိုးကုဋေနဲ့ ဝယ်ယူလိုက်ပါတယ်။ ကျောင်းဆောက်ဖို့ ကုန်ကျတဲ့စရိတ်ကလည်း နောက်ထပ် ကိုးကုဋေပါပဲ။ ဒီလောက်တောင် အကုန်အကျများသော်လည်း ဝိသာခါဟာ

နှမြောတွန့်တိုမှု လုံးဝမဖြစ်ခဲ့ပါဘူး။ ဝမ်းတောင်သာပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ အလှူဒါနရဲ့ အကျိုးတရားများပြားပုံကို သိထားလို့ပါပဲ။

ဒါနကုသိုလ်ပြုတဲ့နေရာမှာ ဝမ်းမြောက်ဝမ်းသာရှိမှသာ အကျိုးပေးအားကောင်းပါတယ်၊ ဝိပဿနာ ဘာဝနာပွားများသူအတွက် စိတ်ခါတ်က ပုံမှန်အနေအထားအတိုင်း (ဥပေက္ခာသဘော) ဖြစ်မှ ပိုကောင်းပါတယ်။ ဒါနမှုပြုသူဟာ မလှူမီရှေးကာလမှာ မိမိတရားသဖြင့် ရထားတဲ့၊ တရားသဖြင့် ရှာဖွေထားတဲ့ စင်ကြယ်တဲ့ လှူဒါန်းဖွယ်ပစ္စည်းတွေဟာ မိမိရဲ့လက်ထဲမှာ ရှိနေပါသေးတယ်။ တကယ် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလည်း တွေ့ကြုံနေရပါလိမ့်မယ်။ လှူချင်တဲ့ စေတနာ သဒ္ဓါတရားကလည်း တစ်ဖွားဖွား အဆက်မပြတ်ပေါ်ထွက်နေတဲ့ အခိုက်အတန့်လည်းဖြစ်နေပါတယ်။ အဲဒါကြောင့် အလှူရှင်ဟာ မလှူမီ ရှေးအဖို့မှာ မိမိရဲ့လှူဖွယ်ပစ္စည်းရယ် အလှူခံပုဂ္ဂိုလ်ရယ် မိမိရဲ့ကောင်းမြတ်တဲ့ စိတ်စေတနာရယ် အဲဒီသုံးခုကို တွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါမယ်။

လက်တွေ့ကျကျ လှူနေဆဲအချိန်မှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့လိုပါတယ်။ "ကိုယ်ရည်စူးထားတဲ့အတိုင်း တရားသဖြင့် ရှာဖွေရရှိထားတဲ့ လှူဖွယ်ပစ္စည်းတွေကို ငါ လှူလိုက်ရပြီ၊ သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ မွန်မြတ်တဲ့ အလှူခံ

ပုဂ္ဂိုလ်ကို ငါ လှူဒါန်းမှု ပြုလိုက်ရပြီ။ ငါရဲ့ စိတ်စေတနာ သဒ္ဓါတရားကလည်း ထက်သန်ပါပေစွ' လို့ နှလုံးသွင်းပြီးတော့ ဝမ်းမြောက်နေရပါမယ်။

လှူဒါန်းမှုကိစ္စပြီးစီးတဲ့ နောက်ပိုင်းမှာလည်း ကိုယ့်ရဲ့ အလှူဒါန မြတ်ကောင်းမှုကို ပြန်ပြီး သတိရလေတိုင်း "ငါဟာ မီးဘေး၊ ရေဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ အမွေခံဆိုးဘေးဆိုတဲ့ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေတဲ့အတွက်ကြောင့် အနှစ်သာရ ဘာမှမရှိတဲ့ လောကီပစ္စည်းဥစ္စာတွေအထဲကနေပြီး ပေးကမ်းလှူဒါန်းမှု ဒါနကုသိုလ်ဆိုတဲ့ အနှစ်သာရကို ထုတ်ယူလိုက်ရပြီ၊ ငါ့အတွက် ကိုယ်ပိုင်ဥစ္စာရသွားပြီ" လို့ အဖန်ဖန် နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါမယ်။ တကယ်လည်း ဝမ်းမြောက်စရာပါပဲ။ ဒါနကုသိုလ်စေတနာဟာ အခုဘဝနေစပြီး နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် သံသရာတစ်လျှောက်လုံးမှာ အသက်ရှည်မှု ရုပ်ရည်အဆင်းလှပမှု၊ ချမ်းသာကြီးမှု၊ အခြွေအရံ အသင်းအပင်းပေါ်များမှု၊ အစိုးတရရှိမှုဆိုတဲ့ အကျိုးငါးပါးကို ပေးတတ်တယ်လို့ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူထားပါတယ်။ ဒါကြောင့် စေတနာသုံးတန် ဖြူဖြူစင်စင်နဲ့ လှူဒါန်းကြရလေအောင် ရှင်တော်ဗုဒ္ဓ က အင်္ဂုတ္တိုရ်ပါဠိတော်မှာ-

**ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။**

**ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ယညဿ သမ္ပဒါ-**

လို့ ဟောတော်မူထားခဲ့ပါတယ်။

**ဒါနာ** - စွန့်ကြဲပေးကမ်းခြင်း၊ လှူဒါန်းခြင်း ဒါနအလုပ်ကို အားထုတ်သောကာလမှ။ **ပုဗ္ဗေဝ**-တင်ကြိုစိတ်ကူး ရှေးဦးကာလ မဆွကပင်လျှင်၊ **သုမနော**- ပမာဒနှင့်မစွေ ဤနှစ်ထွေပယ်ဖျောက်၍ ဝမ်းမြောက်သောစိတ်ရှိသည်။ **ဟောတိ**- ဖြစ်၏။ **ဒဒံ**-ဒဒန္တော စွန့်ကြဲကြည်ဖြူပေးလှူသောသူများသည်၊ **စိတ္တံ**-သဒ္ဓါလျှမ်းဖိတ် မိမိစိတ်ကို **ပသာဒယေ**-အထူးပျော်ရွှင်ကြည်လင်သန့်ရှင်းစေရာ၏။ **ဒတွာ** - ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြူ ပေးလှူ၍ပြီးခဲ့သည်ရှိသော် **အတ္တမနော**- အကျိုးရှိကြောင်းအကျင့်ကောင်းကို၊ စုဆောင်းမိပြီး ငါရပြီဟု ရွှင်ကြည်သောနှလုံးရှိသည်။ **ဟောတိ** - ဖြစ်၏။ **ဧသာ** - ဤသို့ ပုဗ္ဗမုဥ္စ အပရစေတနာ သုံးဖြာမချွတ် ညီညွတ်ခြင်းသည် **ယညဿ**-ဒါနအစုမြတ်ကောင်းမှု၏၊ **သမ္ပဒါ**- စိတ်သာချတော့ ဒိဋ္ဌရှင်းရှင်း ပြည့်စုံခြင်းဖြစ်ပေတော့သတည်း။

## သာဓု သာဓု သာဓု

ဝိပဿနာတရားအားထုတ်တဲ့အခါမှာတော့ မိမိရဲ့ စိတ်ဟာ ဝမ်းသာဝမ်းနည်းသဘောတွေ မဖြစ်စေဘဲ အလယ်အလတ်ပုံမှန် ဥပေက္ခာသဘောထားနိုင်မှ ကောင်းတယ်။ မိမိအားထုတ်နေစဉ်မှာ ခန္ဓာကိုယ်ပေါ်မှာ ပေါ်ပေါက်လာသမျှတွေဟာ သက်သောင့်သက်သာသဘောတွေလည်း တွေ့ချင်တွေ့မယ်၊ ပင်ပန်းဆင်းရဲအခံခက်တဲ့ သဘောတွေလည်း တွေ့ချင်တွေ့တယ်။

တွေ့ကြုံရသမျှ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရဲ့အပေါ်မှာ နှစ်သက်ဝမ်းမြောက်မှု မလိုချင်၊ မနှစ်သက် စိတ်ဆင်းရဲမှုတွေ မဖြစ်စေဘဲ ဥပေက္ခာသဘောထားပြီး ပုံမှန်ရှုပွားနေကျအာရုံမှာ တည့်တည့်မတ်မတ်ထားနိုင်မှ ကောင်းပါတယ်။ ဒါမှသာ ယောဂီတို့မှာ ဝိပဿနာဉာဏ်တွေ တဖြည်းဖြည်းရင့်သန်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်မှာ ဖြစ်ပါတယ်။ အားထုတ်နေစဉ်မှာ အရှုခံအာရုံဖြစ်တဲ့ ရုပ်နာမ်ရဲ့သဘောကို ထိထိမိမိ ရှိနေရပါမယ်။ အာရုံကောင်းတွေပေါ်လာရင် ကောင်းမယ်ဆိုတဲ့ မျှော်လင့်တောင့်တချက်တွေကိုလည်း မထားရပါဘူး။ တရားအသိဉာဏ်တွေ ရပ့ါမလား၊ ကြောက်လန့်စရာတွေများ ဖြစ်လေမလား၊ သူများတွေ တရားထိုင်သလို ကြာကြာထိုင်နိုင်ပါ့မလားဆိုတဲ့ ပူပန်ကြောင့်ကြစိတ်တွေလည်း မဖြစ်စေရပါဘူး။

အဲဒီလို တောင့်တစိတ်တွေ ကြောင့်ကြစိတ်တွေကင်းပြီး ဥပေက္ခာ သဘောထားရှုပွားနိုင်မှ ဝိပဿနာဉာဏ်တွေ ထက်သန်လာမှာ ဖြစ်ပါတယ်။ ကုသိုလ်အမှုပြုတဲ့အခါ ဝမ်းသာစွာပြုရတဲ့ ကုသိုလ်ရှိသလို ဥပေက္ခာသဘောထားပြီး ပြုရတဲ့ကုသိုလ်လည်း ရှိတာကို နားလည်ကြပါ။ ဝိသာခါကတော့ ဒါနကုသိုလ် ပြုနေတာဖြစ်တဲ့အတွက်ကြောင့် အလွန်ပဲ ဝမ်းမြောက်မှုကြီး ဖြစ်နေပါတယ်။



# တန်ဖိုးရှိတဲ့ မျက်ရည်

မြတ်စွာဘုရားဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပြီး သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှာတော့ ဒေသစာရီကြွချီဖို့ရာ နံနက်စောစောမှာ ကျွတ်ထိုက်တဲ့ဝေနေယျသတ္တဝါတွေကို ဗုဒ္ဓစက္ခု (ဘုရားမျက်လုံးတော်) နဲ့ ကြည့်ရှုတော်မူပါတယ်။ ဗုဒ္ဓစက္ခုဆိုတာ ပကတိမျက်လုံးတော်ကို မဆိုလိုပါဘူး။ သတ္တဝါတွေရဲ့ အတွင်းသန္တာန်မှာ ရှိနေတဲ့ အလိုအကြိုက်ကိုသိတတ်တဲ့ အာသယာနုသယဉာဏ်နဲ့ သတ္တဝါတွေ ရဲ့သန္တာန်မှာရှိတဲ့ သဒ္ဓါဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါးအနုအရင့်ကို သိတဲ့ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တို့ကို ဗုဒ္ဓစက္ခုလို့ ခေါ်ပါတယ်။

အဲဒီလို ဗုဒ္ဓစက္ခုတော်နဲ့ ကြည့်ရှုတဲ့အခါ အင်္ဂတိုင်း ဘဒ္ဒိယမြို့မှာရှိတဲ့ သူဌေးတစ်ယောက်ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်လောက်တဲ့ အကြောင်းတွေ ပြည့်စုံနေတာကို တွေ့မြင်တော်

မူပါတယ်။ အဲဒါကြောင့် အနာထပိဏ်သူဌေးကြီးရဲ့ အိမ်မှာ နံနက် ဆွမ်းဘုဉ်းပေးတော်မူပြီး မြို့ရဲ့မြောက်ဘက် တံခါး ပေါက်ဆီ ရှေ့ရှုပြီး သံဃာတော်တွေနဲ့အတူ ကြွတော်မူပါတယ်။ မြတ်စွာဘုရားဟာ ပင်ကိုယ်သဘောအားဖြင့်တော့ နေ့စဉ် နေ့စဉ် ဝိသာခါရဲ့အိမ်မှာ ဆွမ်းကိစ္စပြီးရင် မြို့ရဲ့တောင်ဘက် တံခါး ပေါက်ကနေ ထွက်တော်မူပါတယ်။ နောက်တစ်နေ့မှာတော့ နံနက်စောစော တောင်ဘက်တံခါးပေါက်ကနေ မြို့ထဲဝင်တော် မူပြီး အနာထပိဏ်သူဌေးရဲ့အိမ်မှာ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြုတော်မူပါတယ်။ ဆွမ်းကိစ္စပြီးရင် အရှေ့ဘက်တံခါးပေါက် ကနေ ပြန်လည်ထွက်ခွာတော်မူပါတယ်။ နေ့စဉ် နေ့စဉ် အရှေ့ ဘက်တံခါးပေါက်နဲ့ တောင်ဘက်တံခါးပေါက်ကို တစ်လှည့်စီ အသုံးပြုပြီး ကြွတော်မူပါတယ်။

အခု သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှာတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ တောင်ဘက်တံခါးကနေ မြို့ထဲဝင်တော်မူလာပြီး အနာထပိဏ်သူဌေးကြီးအိမ်မှာ ဆွမ်း ကိစ္စပြီးတော့ မြောက်ဘက်တံခါးကို ရှေးရှုပြီး ကြွသွားတော်မူ ပါတယ်။ အဲဒီလိုကြွသွားတော်မူတာကို ထောက်ထားသော အားဖြင့် သာဝတ္ထိမြို့သူ မြို့သားတွေက မြတ်စွာဘုရားကိုယ် တော်မြတ် ခရီးဒေသစာရီ ကြွချီတော်မူတော့မည်ဆိုတာကို သိကြပါတယ်။ ဒီအကြောင်းကို ဝိသာခါကြားလိုက်တော့ မြတ်စွာဘုရားကို မီအောင် အလျင်အမြန်လိုက်သွားပြီး–

"မြတ်စွာဘုရား တပည့်တော်ဟာ ငွေကြေးများစွာ အကုန်အကျခံပြီး ကျောင်းတော်ကြီးဆောက်လုပ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အရှင်ဘုရား သာဝတ္ထိမှာပဲ သီတင်းသုံးတော်မူပါဘုရား၊ ဒေသစာရီ မကြွချီပါနဲ့ဘုရား" လို့ လျှောက်ထားတော့ မြတ်စွာဘုရားက -

"ဒေသစာရီ မကြွချီလို့ မဖြစ်ဖူး ဝိသာခါ" လို့ မိန့်လိုက်တဲ့အခါ "အော် - မြတ်စွာဘုရားဟာ ကျွတ်ထိုက်တဲ့သတ္တဝါတွေကို မြင်တော်မူနေတယ်ထင်ပါရဲ့" လို့ တွေးပြီး "အရှင်ဘုရား ဒီလိုဆိုရင်လည်း တပည့်တော် ကျောင်းဆောက်ပြီးတဲ့အချိန်မှာ လိုအပ်လိုရာတွေ စီမံကွပ်ကဲနိုင်တဲ့ ရဟန်းတစ်ပါးလောက်တော့ ထားခဲ့ပါဘုရား" လို့ လျှောက်ထားလိုက်ပါတယ်။

ဝိသာခါဟာ သဒ္ဓါတရားရှိသူပင် ဖြစ်သော်လည်း ရဟန်းတော်များအတွက် ကျောင်းဆောက်တဲ့ လုပ်ငန်းပိုင်းမှာတော့ မကျွမ်းကျင်ပါဘူး၊ လူဆိုတော့ လူကိစ္စလောက်နဲ့ပဲ နားလည်ပါတယ်။ ဘုန်းကြီးကိစ္စကိုတော့ ဘုန်းကြီးပဲနားလည်မှာပေါ့။ လူဖြစ်ပြီး လူ့ကိစ္စ လူ့တာဝန်ကို နားမလည်ရင် လူညံ့ပါပဲ။ ဘုန်းကြီးဖြစ်ပြီး ဘုန်းကြီးကိစ္စ ဘုန်းကြီးတာဝန်ကို နားမလည်ရင်လည်း အဲဒီဘုန်းကြီးဟာ ဘုန်းကြီးညံ့ပါပဲ။ ဒါ့ကြောင့် ယောဂီတို့ဟာ မိမိကိုယ်ကို ညံ့ဖျင်းတဲ့သူ မဖြစ်ပါစေနဲ့။ ဘုန်းကြီးကတော့ ကိုယ့်တာဝန်ကို မကျေပွန်မှာသိပ်ကြောက်ပါတယ်။ ဒါ့ကြောင့် ဒီလောက်လုပ်ကိုင်နေတာပါ။ ပင်ပန်းတယ်လို့တော့ သဘော

မထားပါဘူး။ လူဖြစ်ပြီးတော့ လူ့ကိစ္စ လူ့တာဝန်တောင် နား မလည်ဘဲ ဘုန်းကြီးကိုသွားပြီး ဆရာလုပ်ရင်လည်း ပြဿနာ ရှုပ်တတ်ပါတယ်။ ဘုန်းကြီးကလည်း ဘုန်းကြီးကိစ္စ ဘုန်းကြီး တာဝန် နားမလည်ဘဲ လူမှုရေး သားရေး သမီးရေး အိမ်ထောင် ရေးတွေမှာ ဝင်ရှုပ်နေရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြဿနာ ရှုပ်တော့တာပါပဲ။ ကိုယ့်နေရာကိုယ်နေပြီး ကိုယ့်တာဝန်ကိုယ် ကျေပွန်တာဟာ အကောင်းဆုံးပါပဲ။ ဘာသာရေးကိစ္စ သာသနာ ရေးကိစ္စတွေမှာ ပြဿနာတွေ ဖြစ်ကြတယ်ဆိုတာ ကိုယ့်တာဝန် ကိုယ့်ကိစ္စကို နားမလည်ဘဲ မဆိုင်တဲ့နေရာမှာ နားမလည်ဘဲ ဆရာလုပ်တဲ့သူတွေကြောင့် ဖြစ်ရတာပါ။

ဝိသာခါဟာ မိမိနားမလည်တဲ့ ကျောင်းဆောက်လုပ်ရေး ကိစ္စမှာ ဝင်ပြီး ဆရာမလုပ်လိုတဲ့အတွက်ကြောင့် တတ်သိနား လည်တဲ့ရဟန်းတစ်ပါးကို ဘုရားအထံမှာ တောင်းခံနေပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက–

“ဒီလိုဆိုရင် ဝိသာခါ သင်စိတ်တိုင်းကျမည့် ကိုယ်တော် တစ်ပါးကို ပင့်ထားပေါ့” လို့ မိန့်ကြားလိုက်ပါတယ်။ ဝိသာခါ ဟာ အရှင်အာနန္ဒာကို သိပ်ပြီးကြည်ညိုပါတယ်။ ဒါပေမယ့်လို့ အရှင်အာနန္ဒာထေရ်ဟာ အရှင်မဟာမောဂ္ဂလာန်ထေရ်လောက် တော့ တန်ခိုးမကြီးပါဘူး။ အခု ကျောင်းဆောက်မှုဟာ အချိန်မီ ပြီးစီးနိုင်ဖို့ လိုပါတယ်။ တန်ခိုးကြီးမားတဲ့ ပုဂ္ဂိုလ်စီမံတဲ့ကိစ္စ ဆိုလျှင် လျင်လျင်မြန်မြန် ပြီးစီးနိုင်မယ်ဆိုတာ နားလည်တဲ့

အတွက်ကြောင့် အရှင်အာနန္ဒာကိုမပင့်ဘဲ အရှင်မဟာမောဂ္ဂလာန်ကိုသာ ပင့်ထားလိုက်ပါတယ်။ အဲဒါကြောင့် အလုပ်တစ်ခုလုပ်တဲ့နေရာမှာ လုပ်ငန်းသဘောကို နားလည်ဖို့ လိုပါတယ်။ အချို့ အချို့ကျောင်းတိုက်တွေမှာဆိုရင် ကျောင်းထိုင်ဆရာတော်တစ်ပါး ပျံလွန်တော်မူသွားရင် အဲဒီဆရာတော်ရဲ့ တူတော်တဲ့သူတွေ၊ မြေးတော်တဲ့သူတွေ ကျောင်းဒကာနဲ့ရင်းနှီးတဲ့ ကိုယ်တော်တွေကိုပင့်ပြီး ကျောင်းထိုင်ဆရာတော်အဖြစ် မြှောက်တင်ကြပါတယ်။ အဲဒီကိုယ်တော်က ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းမှာ ကျွမ်းကျင်ရင် အရည်အချင်းပြည့်ဝရင်တော့ ကောင်းတာပေါ့။ ပရိယတ္တိ၊ ပဋိပတ္တိကိစ္စတွေမှာ နားမလည်တဲ့ကိုယ်တော်၊ အရည်အချင်းမရှိတဲ့ကိုယ်တော်ဆိုရင် ကျောင်းတိုက်လည်း မတိုးတက်တော့ပါဘူး။ ကိုးကွယ်သူ ဒကာ ဒကာမတွေမှာလည်း နစ်နာတာပေါ့။ ဒါမျိုးတွေကို သဘောပေါက်စမ်းပါ။

မြတ်စွာဘုရားက "မောဂ္ဂလာန် သင့်တပည့်တွေကို ခေါ်ပြီး နေခဲ့ပေတော့" လို့ မိန့်ကြားလိုက်ပါတယ်။ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်ကြောင့် မိုင်ပေါင်းများစွာ ဝေးကွာတဲ့နေရာကနေပြီး သစ်တို့၊ အုတ်တို့၊ ကျောက်တို့တင်ဆောင်လာတဲ့ လှည်းကြီးလှည်းငယ်တွေဟာ ပျက်စီးချို့ယွင်းတာ၊ ကြန့်ကြာတာတွေ မရှိခဲ့ပါဘူး။ တန်ခိုးရှင်ဦးဆောင်ပြီး စီမံလိုက်တော့ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကျောင်းဆောင်ကြီးဟာ မကြာမီ ပြီးစီးသွားပါတော့တယ်။ အောက်

ဆင့်မှာ တိုက်ခန်းငါးရာ၊ အထက်ဆင့်မှာ တိုက်ခန်းပေါင်းငါးရာ ပါဝင်ပါတယ်။ ပြာသာဒ်ကြီး ပြီးစီးသွားတော့ တစ်ဆောင် တည်းဆောက်ထားတာ မတင့်တယ်သေးဘူးဆိုပြီး ဘေးကနေ ခြံရံပြီး၊ ကမ္မဋ္ဌာန်းကျောင်းဆောင်တွေ ငါးရာ၊ ပြာသာဒ်ငယ် ငါးရာ၊ စောင်းတန်းငါးရာတို့ကို ဆောက်လုပ်လိုက်ပါသေးတယ်။ ကျောင်းဒါယကာ ကျောင်းဒါယိကာမတွေဆိုတာ ကိုယ်လှူတဲ့ ကျောင်းကို ကောင်းသထက် ကောင်းအောင်၊ ကိုယ့်ကျောင်းမှာ နေထိုင်သီတင်းသုံးတဲ့ ကိုယ်တော်တွေ စိတ်ချမ်းမြေ့စွာ သာသနာ ပြုနိုင်အောင်၊ ပိုပြီးတော့ ကိုယ်ကျင့်တရားတွေ ကောင်းလာ အောင် စိတ်တက်ကြွစွာနဲ့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှ သာလျှင် ကုသိုလ်တရားတွေ တိုးပွားလာမှာပေါ့။ ငါဟာ ကျောင်း ဒါယကာပဲဆိုပြီး ဘုန်းကြီးကို ဆရာလုပ်တာတို့ ငါပြောတဲ့ အတိုင်း လုပ်ရမယ်ဆိုပြီးတော့ အခြား အခြား ဒါယကာ ဒါ ယိကာမတွေရဲ့ ကောင်းမွန်မှန်ကန်တဲ့ အကြံပေးမှုတွေကို လက် မခံဘဲ ပယ်ချတာတို့ ကျောင်းကို လှူဖို့တန်းဖို့လာကြတဲ့ ဒါ ယကာ ဒါယိကာမတွေနဲ့ ဒိုင်ခံပြီး ရန်ဖြစ်တာတို့ကို လုံးဝမပြု သင့်ပါဘူး။ အဲဒီလိုသာ ထင်ရာတွေပြုလုပ်နေမယ်ဆိုရင် ကျောင်း ဒါယကာ ကျောင်းဒါယိကာမတွေဟာ ကုသိုလ်တစ်ပဲ၊ ငရဲ တစ်ပိဿာဖြစ်တတ်ပါတယ်။ အဲဒါကို နားလည်ကြစမ်းပါ။

မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူသွားတာ ကိုးလ ကြာသွားပါတယ်။ ဝါဆိုလပြည့်နေ့မှာ သာဝတ္ထိမြို့ကို ပြန်

ရောက်ခဲ့ပါတယ်။ ဝိသာခါဆောက်လုပ်တဲ့ ကျောင်းတော်ကြီး ကလည်း ကိုးလကြာမှ ပြီးစီးသွားပါတယ်။ ပြာသာဒ်ရဲ့အထွဋ်မှ ဟာဆိုရင် နီမြန်းတဲ့ ရွှေစင်ရွှေကောင်းနဲ့ ပြုလုပ်ထားပါတယ်။ ရေအိုးအလုံးပေါင်း ခြောက်ဆယ်လောက် ဝင်ဆန့်တဲ့ ပမာဏ ရှိပါတယ်။ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကို ပြန်လည် ရောက်ရှိနေတယ်ဆိုတာကို ကြားရတော့ ဝိသာခါဟာ ခရီးဦး ကြိုပြီးတော့–

“အရှင်ဘုရား အခု မိုးလေးလပတ်လုံး ရဟန်းသံဃာ တော်တွေနဲ့ အတူတကွ တပည့်တော်ရဲ့ကျောင်းမှာ သီတင်းသုံး တော်မူပါဘုရား၊ တပည့်တော် ကျောင်းပူဇော်ပွဲ ပြုလုပ်ချင်လို့ပါ ဘုရား” လို့ လျှောက်ကြားလိုက်တော့ မြတ်စွာဘုရားက လက်ခံ သဘောတူလိုက်ပါတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ကို အဲဒီနေ့ကစပြီးတော့ ကျောင်းတော်မှာပဲ လှူဒါန်းမှုပြုလေ့ ရှိပါတယ်။ ဝိသာခါနဲ့ ရင်းနှီးတဲ့ အမျိုးသမီးတစ်ယောက်ဟာ တစ်သိန်းတန် ကမ္ဗလာခြုံထည်ကို ယူလာပြီးတော့ ကျောင်း ဆောင်ရဲ့အောက်ထပ်တစ်နေရာမှာ ခင်းပါရစေလို့ တောင်းပန်ပါ တယ်။ ဝိသာခါက “ကိုယ့်ဟာကိုယ်ကြည့်ပြီးတော့ နေရာလွတ် မှာ ခင်းလိုက်” လို့ ပြောဆိုပါတယ်။ ဝိသာခါဟာ ခင်းကျင်း ပြီးတဲ့အတွက်ကြောင့် နေရာလပ်လည်း မရှိတော့ပါဘူး။ ခင်းဖို့ နေရာလပ်မရှိတော့ဘူးလို့ ပြောလိုက်ရင် မလှူစေချင်လို့ ပြော တယ်ထင်မှာစိုးလို့ ကိုယ့်ဟာကိုယ်ကြည့်ပြီး ခင်းလိုက်လို့ ဆို

လိုက်တာပါ။ ပြာသာဒ်အထက်ဆောင်ကြီးမှာရော၊ ပြာသာဒ်ငယ်အတွင်း စောင်းတန်းအတွင်းမှာရော လိုက်လံကြည့်ရှုတာ ခင်းဖို့နေရာလပ် တစ်ခုမှ မတွေ့ရပါဘူး။ ခင်းပြီးသားတွေကို ဖယ်ရှားပြီး ခင်းဖို့ရာကလည်း သူ့အခင်းထက် ပိုပြီးအဖိုးတန်တဲ့ အရည်အသွေးကောင်းမွန်တဲ့ အခင်းတွေ ဖြစ်နေတာကို တွေ့ရတော့ အခက်အခဲနဲ့ ကြုံရတော့တာပေါ့။ အဲဒါကြောင့် ဒီအမျိုးသမီးဟာ "ငါတော့ ဒီကျောင်းပူဇော်ပွဲမှာ ကုသိုလ်မပြုရတော့ပါဘူး" လို့ တွေးပြီး တစ်နေရာသွားပြီး ငိုနေရှာပါတယ်။

ကုသိုလ်မပြုရလို့ ငိုတာပါ။ ဒါနမပြုရလို့ ဥပုသ်သီတင်းမဆောက်တည်ရလို့၊ တရားမနာရလို့၊ တရားအားမထုတ်ရလို့၊ ကျတဲ့မျက်ရည်ဟာ အဖိုးတန်လွန်းလို့ သေသေချာချာ ပုလင်းထဲထည့်ပြီး သိမ်းထားဖို့တောင်ကောင်းပါတယ်။ စီးပွားရေးအဆင်မပြေလို့ သားသမီးတွေကို ပြောဆိုဆုံးမ မရလို့၊ အိမ်ထောင်ရေးအဆင်မပြေလို့ ဘဝသံသရာအဆက်ဆက်မှာ ကျခဲ့တဲ့မျက်ရည်တွေကတော့ စုစည်းပြီးထားလိုက်ရင် မဟာသမုဒ္ဒရာကြီးလေးစင်းတက်တောင် များပါဦးမယ်။ ဒီအမျိုးသမီး ငိုကြွေးနေတာကို မြင်လိုက်ရတော့ အရှင်အာနန္ဒာက အကျိုးအကြောင်းမေးမြန်းကြည့်ပြီး စောင်းတန်းလှေကားရင်းမှာ ခင်းဖို့ ညွှန်ပြလိုက်ပါတယ်။



# တောင်းဆုပြည့်လာ ဝိသာခါ

ရဟန်းတော်များ ခြေတော်ဆေးပြီးရင် လှေကားရင်းမှာ ခြေသုတ်ပြီးမှ ကျောင်းတော်အတွင်း ဝင်တော်မူလေ့ရှိကြပါတယ်။ ဒီနေရာဟာလည်း ဝိသာခါ သတိမပြုမိလို့ လစ်လပ်နေတဲ့နေရာ ဖြစ်ပါတယ်။ ကိုယ်လှူချင်တဲ့အခင်းကို လှူဒါန်းလိုက်ရတော့ အလှူရှင်အမျိုးသမီးဟာ ဝမ်းမြောက်သွားပါတယ်။ သူတော်ကောင်းတွေဟာ ကုသိုလ်အမှုပြုလုပ်ရရင် ဝမ်းသာပါတယ်။ မလုပ်ရရင် စိတ်မချမ်းမသာဖြစ်ရပါတယ်။ ယုတ်ညံ့တဲ့သူတွေကတော့ ဒုစရိုက်လုပ်ငန်းကို လုပ်ရရင် ဝမ်းမြောက်တယ်။ မလုပ်ရရင် စိတ်မချမ်းမသာ ဖြစ်တတ်တယ်။ ဥပမာ ခိုးတတ် ဝှက်တတ်တဲ့သူတစ်ယောက်ကို ကြည့်ပေါ့။ ခိုးရတယ်၊ ဝှက်ရတယ်ဆိုရင် သိပ်ပြီးတော့ ဝမ်းမြောက်တတ်ပါတယ်။

ခိုးဝှက်လို့ အလစ်သုတ်လို့မရဘူးဆိုရင် ငါ့အတွက် နေ့တွက် မစီဘူးဆိုပြီး စိတ်မချမ်းမသာ ဖြစ်တတ်ပြန်ပါတယ်။ ယောဂီတို့ဟာ မိမိတို့ရဲ့စိတ်ကို ပြုပြင်စစ်ဆေးကြည့်ပါ။ ဘယ်အလုပ်မှာ ဝမ်းမြောက်လို့ ဘယ်အလုပ်မှာ စိတ်မချမ်းမသာဖြစ်နေသလဲဆိုတာ သိလာကြမှာပါ။

ဝိသာခါဟာ လေးလတိုင်တိုင် ပုဗ္ဗာရုံ ကျောင်းတိုက်တော်ကြီးအတွင်းမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်အပေါင်းကို အလှူကြီးပေးနေပါတယ်။ အလှူပွဲရဲ့နောက်ဆုံးနေ့ဖြစ်တဲ့ တန်ဆောင်မုန်းလ လပြည့်နေ့မှာတော့ ရဟန်းသံဃာအပေါင်းကို သင်္ကန်းတွေလည်း လှူလိုက်ပါသေးတယ်။ သပိတ်ထဲမှာလည်း ဆေးဝါးတွေအပြည့်ထည့်ပြီး လှူဒါန်းလိုက်ပါသေးတယ်။ အဲဒီကျောင်းပူဇော်ပွဲမှာ လေးလတိုင်တိုင်လှူဒါန်းခဲ့ကာ ကိုးကုဋေကုန်ကျခဲ့ပါတယ်။ ကျောင်းမြေနေရာဝယ်ယူတာက ကိုးကုဋေ၊ ကျောင်းဆောက်တဲ့စရိတ်က ကိုးကုဋေ၊ ပူဇော်ပွဲမှာ ရေစက်ချပြီးတော့ ကုန်ကျတာက ကိုးကုဋေ၊ စုစုပေါင်း (၂၇) ကုဋေကုန်ကျပါတယ်။ မိန်းမဘဝနဲ့ မိစ္ဆာဒိဋ္ဌိအိမ်မှာနေပြီး ဒီလိုစေတနာထက်ထက်သန်သန်နဲ့လှူဒါန်းသူဟာ ဝိသာခါတစ်ယောက်ပဲရှိပါတယ်။ ကျောင်းရေစက်ချပွဲပြီးတော့ ညနေခင်း နေအေးတဲ့အချိန်မှာ သားသမီးတွေခြံရံပြီးတော့ ကျောင်းတော်ပြာသာဒ်ကြီးကို ပတ်ချာလှည့်ပြီး (၅) ဂါထာရွတ်ဆို ဥဒါန်းကျူးရင့်ပါတယ်။ သူ ရွတ်ဆိုပုံကတော့–

**ကဒါဟံ ပါသာဒံရမ္မံ၊ သုဓာမတ္တိကလေပနံ၊**
**ဝိဟာရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။**

ဘယ်သောအခါများမှာ ငါဟာ အင်္ဂတေ မြေညက်တွေနဲ့ မွှမ်းလျှော်ဖွယ်ကောင်းအောင် ပြုလုပ်ထားတဲ့ ကျောင်းတော်ကြီး ကို လှူဒါန်းရပ့်မလဲလို့ ကြံစည်ခဲ့တဲ့ အကြံတွေဟာ အခုတော့ အောင်မြင်ပြည့်စုံခဲ့ပါပေ့လား။

**ကဒါဟံ ပဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိစ။**
**သေနာသန ဘဏ္ဍံ ဒဿာမိ၊ သက်ပွေါ မယှပူရိတော။**

ဘယ်သောအခါများမှာ ကုတင်ညောင်စောင်း ဘုံလျှို ခေါင်းအုံး အစရှိတဲ့ ကျောင်းအသုံးအဆောင်တွေ လှူဒါန်းရပ့် မလဲလို့ ကြံစည်ခဲ့တဲ့ အကြံတွေဟာ အခုတော့ ပြီးစီးပြည့်စုံအောင် မြင်ခဲ့ပါပေ့လား။

**ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။**
**ဘောဇနဒါနံ ဒဿာမိ၊ သက်ပွေါ မယှပူရိတော။**

ဘယ်သောအခါများမှာ ငါဟာ သားငါးနဲ့ရောပြွမ်းပြီး ချက်ပြုတ်ထားတဲ့ စင်ကြယ်တဲ့ ဆွမ်းဘောဇဉ်ကို လှူဒါန်းရပ့် မလဲလို့ ကြံစည်ခဲ့တာတွေဟာ အခုတော့ ပြီးစီးအောင်မြင်ခဲ့ပါ ပေ့လား။

**ကဒါဟံ ကာသိကံဝတ္ထံ၊ ခေါမ ကပ္ပါသိကာကာနိစ၊**
**စီဝရ ဒါနံ ဒဿာမိ၊ သက်ပွေါ မယှပူရိတော။**

ဘယ်သောအခါများမှ ကာသိတိုင်းဖြစ် အဝတ်၊ ခေါမ တိုင်းဖြစ် အဝတ်၊ ဝါခြည်အဝတ်တွေနဲ့ စီမံထားတဲ့ သင်္ကန်းအလှူ

ဒါနကို ပြုလုပ်ရပါ့မလဲလို့ ကြံစည်ခဲ့တဲ့ အကြံတွေဟာ ဒီနေ့တော့ ပြီးစီး ပြည့်စုံခဲ့ပါပေါ့လား။

**ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဥ္စ ဖာဏိတံ၊**
**ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။**

ဘယ်သောအခါများမှ ထောပတ်၊ ဆီဦး၊ ပျားရည်၊ တင်လဲတွေနဲ့ စီမံဖော်စပ်ထားတဲ့ ဆေးအလှူဒါနကို ပြုရပါ့မလဲလို့ ကြံစည်ခဲ့တဲ့ အကြံအစည်တွေဟာ ဒီနေ့တော့ ပြီးစီး ပြည့်စုံခဲ့ပါပေါ့လား။

အတိတ်ဘဝများစွာက ကြံစည်ခဲ့တဲ့ ကောင်းမြတ်တဲ့ ပုဗ္ဗစေတနာတွေကို ပြန်ပြောင်းပြီး ဇာတိဿရဉာဏ် (ဘဝဟောင်းကို မှတ်မိသော ဉာဏ်) နဲ့ အမှတ်ရလို့ ဝမ်းမြောက်ဝမ်းသာ ကျူးရင့်လိုက်တာပါ။

ဝိသာခါဟာ အပရစေတနာတွေ တစ်ဖွားဖွားဖြစ်ပြီး ဝမ်းသာလွန်းတာကြောင့် နှုတ်ကနေထွက်ပြီး ကျူးရင့်လိုက်တာပါ။ ဝိသာခါရဲ့ သာယာလှတဲ့ ဥဒါန်းကျူးရင့်သံကို ကြားလိုက်ရတော့ ရဟန်းတော်တို့ဟာ မြတ်စွာဘုရားထံမှာ -

"မြတ်စွာဘုရား တပည့်တော်တို့ဟာ ဒီလောက်အချိန်ကြာအောင် ဝိသာခါရဲ့ သီချင်းဆိုသံကို မကြားခဲ့ရဘူးပါဘုရား၊ ဒီနေ့တော့ ဝိသာခါဟာ သားသမီး ရံရွေတော်တွေခြံရံပြီး လှည့်လည်လို့ သီဆိုဟစ်ကြွေးနေပါတယ်ဘုရား။ ဝိသာခါရဲ့ စိတ်ဟာ ပုံမှန်ဟုတ်ပုံမရဘူး။ ရူးနေပြီနဲ့တူပါတယ်ဘုရား"လို့

လျှောက်ထားကြပါတယ်။ မြတ်စွာဘုရားက–

"ရဟန်းတို့ ဝိသာခါဟာ သီချင်းဆိုတာမဟုတ်ဘူး၊ မိမိရဲ့အလိုဆန္ဒ တောင့်တမှုတွေပြည့်ဝလို့ ဝမ်းမြောက်လွန်းလို့ ဥဒါန်းကျူးရင့်တာပါ" လို့ မိန့်တော်မူလိုက်ပါတယ်။

"မြတ်စွာဘုရား... ဝိသာခါဟာ ဘယ်လို ဘယ်လို တောင့်တမှုတွေ ရှိခဲ့ပါသလဲဘုရား" လို့ လျှောက်ထားတဲ့အခါ အတိတ်အကြောင်းကို ပြန်ပြီးဟောပြတော်မူလိုက်ပါတယ်။

ဒီကမ္ဘာကြီးကနေ နောက်ဆုတ်ပြီး ပြန်ရေတွက်လိုက်ရင် လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရမြတ်စွာဘုရား လောကမှာ ပွင့်တော်မူခဲ့ပါတယ်။ အဲဒီဘုရားလက်ထက်မှာ လူတွေရဲ့သက်တမ်းဟာ တစ်သိန်းအထိ ရှည်လျားပါတယ်။ ပဒုမုတ္တရမြတ်စွာဘုရားဟာ ရဟန်းသံဃာတွေနဲ့အတူ ဟံသာဝတီနေပြည်တော်မှာ သီတင်းသုံးပါတယ်။ ခမည်းတော်မင်းကြီးက သုနန္ဒ၊ မယ်တော်က သုဇာတာဒေဝီ ဖြစ်ပါတယ်။ တစ်နေ့သောအခါ မြတ်စွာဘုရားရဲ့ကျောင်းတော်မှာ အမြတ်ဆုံးအလုပ်အကျွေးအမျိုးသမီး (အဂ္ဂဥပဋ္ဌာယိကာ) ဟာ မြတ်စွာဘုရားအထံတော်မှာ ရင်းရင်းနှီးနှီး ဆုမြတ် (၈)ပါးကို တောင်းခံပြီး မိခင်တစ်ယောက်ပမာ ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးပြီး နေ့စဉ်မပြတ် ဆည်းကပ်စားနေပါတယ်။

အဲဒီအချိန် ဝိသာခါအလောင်း အမျိုးသမီးဟာ ကျောင်းတော်ကိုသွားပြီးတော့ တရားနာနေပါတယ်။ အလုပ်အကျွေး

ဒါယိကာမဟာ မြတ်စွာဘုရားနဲ့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေတာကို တွေ့လိုက်ရတော့ ဝိသာခါအလောင်း အမျိုးသမီးဟာ သူ ကိုယ်တိုင်လည်း မြတ်စွာဘုရားရဲ့ မိခင်အရာမှာနေပြီး ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးချင်စိတ် ပေါ်ပေါက်လာပါတယ်။ လောကလူသားတွေဟာ ပတ်ဝန်းကျင်ကို အတုယူတတ်တာများပါတယ်။ အချို့တောရွာကနေ မြို့တက်လာတဲ့သူတွေဟာ မြို့သူမြို့သားတွေရဲ့ ဝတ်စားဆင်ယင်ပုံကို အတုလိုက်ပြီး တောလေ့ တောအမူအရာတွေ ပျောက်ကွယ်သွားတာလည်း ရှိပါတယ်။ အချို့ မြန်မာအမျိုးသား အမျိုးသမီးတွေဆိုရင် နိုင်ငံခြားရုပ်ရှင်ကားတွေကို ကြည့်ပြီးတော့ မြန်မာ့ဓလေ့ မြန်မာ့ယဉ်ကျေးမှုတွေ ပစ်ပယ်ပြီး အနောက်တိုင်းဆန်ဆန် ဝတ်စားဆင်ယင်ကြတာတွေလည်း ရှိကြပါတယ်။ အချို့ဆိုရင် ပင်ကိုယ်ကကြမ်းတမ်းရိုင်းစိုင်းကြသော်လည်း လိမ္မာယဉ်ကျေးတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ တွေ့ပြီး ကောင်းတဲ့အမူအရာကလေးတွေ အတုယူလို့ ယဉ်ကျေးသွားတာလည်း ရှိကြပါတယ်။

အတုခိုးတယ်ဆိုတာ ကောင်းတဲ့လုပ်ရပ် ကောင်းတဲ့အမူအရာကို အတုခိုးမှသာ မိမိဘဝဟာ တိုးတက်လာမှာ ဖြစ်ပါတယ်။ မကောင်း ယုတ်ညံ့တဲ့လုပ်ရပ်တွေ၊ မကောင်းတဲ့အမူအယာတွေကို အတုခိုးမယ်ဆိုရင် ကိုယ့်ဘဝဟာ နိမ့်ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကို အတုခိုးတိုင်းလည်းကောင်းတာမဟုတ်ဘူးလို့ သဘောပေါက်ကြစမ်းပါ။ ဝိသာခါ

အလောင်း အမျိုးသမီးဟာ ပဒုမုတ္တရမြတ်စွာဘုရားအထံမှာ အဂ္ဂဥပဋ္ဌာယိကာဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အိမ်ပင့်ပြီး (၇) ရက်တိုင်တိုင် အလှူကြီး ပေးပြီး နောက်ဆုံးနေ့မှာ သင်္ကန်းအပါးစေ့လှူဒါန်းပြီး မြတ်စွာ ဘုရားရဲ့ရှေ့တော်မှာ–

"ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား တပည့်တော်ဟာ (၇) ရက်တိုင်တိုင် လှူဒါန်းခဲ့ ရတဲ့ ဒါနကုသိုလ်စေတနာကြောင့် အခြားလောကီစည်းစိမ်တွေ ကို ဘာတစ်ခုမျှ အလိုမရှိပါဘုရား၊ အရှင်ဘုရားတို့ကဲ့သို့သော တစ်ဆူသော ဘုရားရှင်ကိုယ်တော်မြတ်ရဲ့အထံတော်မှာ (၈) ပါး သောဆုမြတ်ကို ရရှိပြီး ဘုရားရှင်ရဲ့ မိခင်အရာမှာနေပြီးတော့ ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတတ်တဲ့ အမျိုးသမီးတွေထဲမှာ အမြတ်ဆုံး အသာဆုံး ဖြစ်ရပါလို၏" လို့ ဆုပန်ခဲ့ပါတယ်။

မြတ်စွာဘုရားကလည်း အနာဂတံသဉာဏ်တော် (အနာ ဂတ်အခြေအနေကို သိတတ်တဲ့ဉာဏ်) နဲ့ ဆင်ခြင်ကြည့်ရှုပြီး "သင်ဟာ နောက်ကမ္ဘာတစ်သိန်းကြာတဲ့အခါမှာ ပွင့်တော်မူမည့် ဂေါတမဘုရားရှင်လက်ထက်မှာ ဝိသာခါဆိုတဲ့အမည်နဲ့ ရှစ်ပါး သောဆုမြတ်တွေကို တောင်းခံရရှိပြီး မြတ်စွာဘုရားရဲ့ မိခင် အရာမှာနေပြီး ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးကြတဲ့ တပည့် ဥပါသိကာမတွေထဲမှာ အမြတ်ဆုံး အသာဆုံး ဖြစ်လိမ့်မယ်" လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့

စကားတော်ဆိုတာ မှားယွင်းတယ်လို့ မရှိပါဘူး။ ကေန်ပဲ မိန့်တော်မူတဲ့အတိုင်း ဖြစ်လာလိမ့်မယ်ဆိုတာကို သိတာကြောင့် ဝိသာခါအလောင်းအမျိုးသမီးဟာ ယနေ့ နက်ဖြန်ပဲ ဒီတောင်းဆုကြီးရတော့မှာလိုပဲ ဝမ်းမြောက်မှုတွေ အားကြီးလာခဲ့ပါတယ်။ မိမိမှာ ကုသိုလ်ကံလည်းရှိတယ်၊ ကိုယ်ကလည်း ဒီဆုကို တကယ်လှိုက်လှိုက်လှဲလှဲ လိုချင်တယ်ဆိုရင် ဆုတောင်းပြည့်ပါတယ်။



# ကုသိုလ်အားလုံး သီကာကုံး

ဝိသာခါအလောင်း အမျိုးသမီးဟာ အဲဒီဘဝမှာ အသက်ဆုံးသည့်တိုင်အောင် ဒါနသီလ အစရှိတဲ့ ကုသိုလ်အစုမြတ်ကောင်းမှုတွေကို ပြုလုပ်ပါတယ်။ လုပ်သမျှလည်း အဂ္ဂဥပဋ္ဌာယိကာ (အမြတ်ဆုံးအလုပ်အကျွေးမ) ဖြစ်ဖို့ တောင်းတခဲ့ပါတယ်။ အဲဒီဘဝကနေ စုတေမနေ သေလွန်တဲ့အခါ နတ်ဘုံမှာ နတ်သမီးသွားဖြစ်ပါတယ်။ အဲဒီကနောက် လူ့ဘုံ နတ်ဘုံတွေမှာ အစုန်စုန် အဆန်ဆန် တပြောင်းတပြန် ကျင်လည်ရာကနေပြီး ကဿပမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ ဗာရာဏသီမြို့မှာ ကိကီမင်းကြီးရဲ့ သမီးတော်(၇)ယောက်ရှိတဲ့အနက် အငယ်ဆုံး သံဃဒါသီအမည်ရှိတဲ့ သမီးတော်ကလေး ဖြစ်ခဲ့ပါတယ်။ အဲဒီ သမီးတော်(၇)ယောက်ဟာ အိမ်ထောင်မပြုဘဲ အပျိုစင်ဘဝနဲ့ ကုသိုလ်ကောင်းမှုတွေ ပြုခဲ့ကြပါတယ်။ သံဃဒါသီဟာ ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခြေတော်ရင်းမှာ–

"တပည့်တော်မပြုခဲ့သမျှ ကုသိုလ်အရပ်ရပ်ကြောင့် အရှင်ဘုရားတို့ကဲ့သို့သော တစ်ဆူသောဘုရားရှင်ရဲ့ မိခင်အရာမှာနေပြီး ပစ္စည်းလေးပါးနဲ့ပြုစုလုပ်ကျွေးတတ်တဲ့ ဥပါသိကာမတွေထဲမှာ အမြတ်ဆုံး အသာဆုံးဖြစ်ရပါလို၏။" လို့ ဆုတောင်းမှု ပြုခဲ့ပါတယ်။ ရှေးရှေးဘဝတွေက ကုသိုလ်ကောင်းမှုတွေပြုထားဖူးတာကြောင့် အခုဘဝမှာ ရတနာ(၃)ပါးနဲ့ နီးစပ်တဲ့နေရာ၊ ကောင်းမှုကုသိုလ်ပြုဖို့ လွယ်ကူတဲ့နေရာမှာ ဖြစ်ရပါတယ်။ ကုသိုလ်ပြုဖို့ လွယ်ကူတဲ့အရပ် (ပတိရူပ ဒေသဝါသ) အရပ်မှာ ဖြစ်ရတယ်ဆိုတော့ သူတော်ကောင်းတွေကို ဆည်းကပ်ခွင့်ရတယ်၊ သူတော်ကောင်းတွေကို ဆည်းကပ်ခွင့်ရတော့ သူတော်ကောင်းတွေ သွန်သင်ဆုံးမတဲ့အတိုင်း အကျင့်ကောင်းတွေကို ကျင့်သုံးနိုင်တာပေါ့၊ အဲဒီတော့ သူ့ဘဝဟာ အထက်တန်းလှမ်းဖို့ အခွင့်အရေးကြီး ပေါ်ပေါက်လာတာပေါ့။

အခုဘဝမှာကောင်းရင် နောက်နောင်ဘဝတွေမှာလည်း ဒီထက်ကောင်းပြီးတော့ တစ်ဆင့်ထက် တစ်ဆင့် မြင့်သည်ထက် မြင့်ပြီး ကိုယ်လိုလားတဲ့ ချမ်းသာအစစ်အမှန် မြတ်နိဗ္ဗာန်ကို ဧကန်ရရှိမှာ ဖြစ်ပါတယ်။ ဝိသာခါအလောင်း အမျိုးသမီးဟာ အဲဒီဘဝကနေ စုတေ သေလွန်တဲ့အခါ လူ့ဘုံနတ်ဘုံတွေမှာတစ်ဘုံပြီး တစ်ဘုံ ပြောင်းလဲစံမြန်းခဲ့ပါတယ်။ အပါယ်ဘုံမှာ လုံးဝ မနေခဲ့ရပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူ့ရဲ့အကြောင်းကံ စေတနာတွေက မွန်မြတ်နေလို့ပါ။ သံသရာ

တစ်ခွင်မှာ သုဂတိဘုံတွေမှာပဲ ကျင်လည်ခဲ့ပြီးတော့ အခု ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါမှာ ဓနဥ္စယသူဌေးကြီးရဲ့ သမီး ဖြစ်လာခဲ့ပါတယ်။ မေဏ္ဍကသူဌေးကြီးရဲ့မြေး တော်စပ်တယ်ပေါ့။ အဲဒီလို သံသရာအဆက်ဆက် ကောင်းမှုကုသိုလ်တွေပြုခဲ့ပြီး ဆုတောင်းခဲ့မှုကြောင့် အခု ဂေါတမဘုရားလက်ထက်မှာ ဆုတောင်းပြည့်လာရပါတယ်။ မြတ်စွာဘုရားက ဝိသာခါရဲ့အတိတ်အကြောင်းတွေကို ဖော်ထုတ်ပြသပြီးတော့–

"ရဟန်းတို့ ငါဘုရားရဲ့သမီးတော် ဝိသာခါဟာ သီချင်းဆိုနေတာမဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းလောက်ကစပြီး ဆုတောင်းခဲ့တဲ့ ဆုထူးဆုမြတ်နဲ့ ပြည့်စုံတဲ့အတွက်ကြောင့် ဝမ်းမြောက်လွန်းလို့ အခုလို ဥဒါန်းကျူးလိုက်ခြင်း ဖြစ်ပါတယ်" လို့ စကားအနုသန္ဓေစပ်ပြီး–

**'ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ၊**

**ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ'** လို့ ဟောကြားလိုက်ပါတယ်။

ပုပ္ဖရာသိမှာ အမျိုးမျိုးအဖုံဖုံ ပန်းပေါင်းစုံသည့် ပန်းပုံကြီးထဲမှာ **ဗဟူ**– ရေတွက်သချ်ာ များပြားစွာကုန်သော၊ **မာလာဂုဏေ**– ကြည့်ရှုမဆုံး လိုတိုင်းသုံးဖို့ ပန်းကုံးတို့ကို၊ **ကယိရာယထာ**– ဝမ်းမြောက်ကြည်သာ ပြုလုပ်ရာသကဲ့သို့၊ **ဧဝံ**– ဤအတူ၊ **ဇာတေန**– ရှေးကံအလျောက် လူထံရောက်အောင် ပေါ်ပေါက်ဖွားမြင်လာသော **မစ္စေန**– မချွတ်ကေန် အမှန်သေရ

မည့်သတ္တဝါသည်၊ **ဗဟုံ**- ရေတွက်သချာ လွန်များစွာသော၊ **ကုသလံ**- နောက်နောင်ဘဝ နိဗ္ဗာန်ကျအောင်၊ သုခကောင်းကျိုး ကုသိုလ်မျိုးကို၊ **ကာတဗ္ဗံ**- အသိတရား လက်ကိုင်ထား၍ မနား မနေ ပြုသင့်ပေ၏။

ပန်းပွင့်တွေကို စုပြီး ပုံထားတဲ့ အပုံကြီးထဲမှာ ပန်းပွင့်တွေနည်းနေမယ်ဆိုရင် ပန်းကုံးတဲ့သူဟာ လိမ္မာကျွမ်းကျင်စွာနဲ့ ပညာရှိသော်လည်း မိမိစိတ်တိုင်းကျ လုပတဲ့ပန်းကုံးတွေကို အများကြီးသီကုံးနိုင်မှာ မဟုတ်ပါဘူး။ ပန်းပွင့်တွေက များငင် များသော်လည်း ပန်းကုံးသူက မကျွမ်းကျင် မလိမ္မာရင်လည်း ပန်းကုံးတွေအများကြီး သီကုံးနိုင်မှာ မဟုတ်ပါဘူး။ ပန်းပွင့်ကလည်း နည်းနေရင်တော့ ပြောဖွယ်အထူး မရှိဘူးပေါ့။ ပန်းပွင့်တွေကလည်း များတယ်၊ ပန်းကုံးတဲ့သူကလည်း ကျွမ်းကျင် လိမ္မာတယ်ဆိုရင်တော့ လှပခံ့ညားတဲ့ ပန်းကုံးတွေ အများကြီး သီကုံးနိုင်တာပေါ့။ ကျွမ်းကျင်လိမ္မာတဲ့ ပန်းသီကုံးသူ တစ်ယောက်ဟာ ရောင်မျိုးစုံစုပေါင်းထားတဲ့ ပန်းပုံကြီးထဲကနေ ပန်းကုံးအမျိုးမျိုးကို သီကုံးနေသလို ဝိသာခါဟာလည်း ကုသိုလ် အမျိုးမျိုးကို ပြုလုပ်ဖို့ စိတ်ညွတ်နေပါတယ်။

လောကမှာ အချို့သူတွေဟာ သဒ္ဓါတရားက အားနည်းတယ်။ အဲဒီလိုလူမျိုးဟာ လှူစရာ ရှိပင်ရှိသော်လည်း သဒ္ဓါတရားခေါင်းပါးနေတာကြောင့် ဒါနကုသိုလ်မပြုဖြစ်ဘူး။ သီလဘာဝနာဆိုတာ ဝေးရောပေါ့။ အချို့သူတွေကျပြန်တော့ သဒ္ဓါ

တရားအားကောင်းတယ်။ ပစ္စည်းဥစ္စာက ဆင်းရဲမွဲတေတယ်။ အဲဒီတော့ ဒါနကုသိုလ်ကို စိတ်တိုင်းကျ မပြုနိုင်ပြန်ဘူး။ တစ်နေ့တာ စားဝတ်နေရေးကို အနိုင်နိုင် ရုန်းကန်နေရတာကြောင့် အိုးပစ်အိမ်ပစ်ပြီးတော့ ဥပုသ်ရက်ရှည်စောင့်ဖို့ တရားဘာဝနာပွားများဖို့ကျပြန်တော့လည်း ခက်ခဲသွားပြန်ပါတယ်။ သဒ္ဓါတရားကလည်း နည်း၊ ပစ္စည်းဥစ္စာကလည်း ရှားပါးတဲ့သူဆိုရင်တော့ ကုသိုလ်ရေးလုပ်ငန်းမှာ ကြားတောင် မကြားချင်ပါဘူး။ သဒ္ဓါတရားလည်း အားကောင်း၊ ပစ္စည်းဥစ္စာလည်း ပေါများတဲ့သူမှာတော့ ဒါနဆိုရင်လည်း လက်မနှေး၊ သီလဘာဝနာလုပ်ငန်းတွေမှာလည်း အခွင့်သာရင် သာသလို ကြိုးစားအားထုတ်ကြပါတယ်။ ဝိသာခါဟာ သဒ္ဓါတရားကလည်း ကောင်းမွန်တယ်။ ပစ္စည်းဥစ္စာ လှူဒါန်းဖွယ်ရာတွေကလည်း ပြည့်စုံတယ်။ အဲဒါကြောင့် ကုသိုလ်ရေးလုပ်ငန်းတွေမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဆောင်ရွက်နိုင်ပါတယ်။

ကုသိုလ်အမှုမှာ ဒါန သီလ ဘာဝနာဆိုပြီး ယေဘုယျအားဖြင့် လုပ်ငန်းစဉ် (၃) မျိုးရှိတဲ့နေရာမှာ ဒါနကုသိုလ် အားနည်းနေရင် ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာခေါင်းပါးပြီး လူနေမှုအဆင့်အတန်း နိမ့်ကျနေတတ်ပါတယ်။ သီလကုသိုလ် အားနည်းနေရင် အသက်တိုမယ် ရောဂါများမယ်။ ဘာဝနာကုသိုလ်ချို့တဲ့နေရင် ဉာဏ်ပညာ ထုံထိုင်းနေတတ်ပါတယ်။ အစစအရာရာပြည့်စုံဖို့ရာ ဒါန သီလ ဘာဝနာဆိုတဲ့ အကြောင်းတရား

တွေ ပြည့်စုံအောင် ကြိုးစားပြုလုပ်ထားရမှာ ဖြစ်ပါတယ်။ ဗုဒ္ဓ မြတ်စွာသာသနာဆိုတဲ့ ပန်းခင်းကြီးထဲမှာ သဒ္ဓါဆိုတဲ့ပန်းတွေ ဝေဝေဆာဆာ ပွင့်လန်းကြပြီး၊ ဒါန သီလ ဘာဝနာဆိုတဲ့ ပန်းကုံး များကို လှလှပပ သီကုံးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ဝိသာခါကတော့ ပန်းကုံးတွေကို အဆင်သင့် သီကုံးပြီးသား ဖြစ်နေပါတယ်။

ဝိသာခါဟာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာရုံသာမက ရုပ်ရည်ကလည်း လှပတယ်။ အခြွေအရံတွေကလည်း များပြား ပါတယ်။ အဲဒါကြောင့် ရှေးဆရာတော်များက–

**"ဝိသာခါ ဝိသတိပုတ္တာ၊ နတ္တာစ စတုရောသတာ၊**

**ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ"** လို့ ရေးဖွဲ့သီကုံးထားကြပါတယ်။ ဆိုလိုရင်းအဓိပ္ပာယ်ကတော့–

ဝိသာခါဟာ သားဆယ်ယောက်၊ သမီးဆယ်ယောက် ရှိ တယ်။ သားသမီးတွေကနေ တစ်ဆင့် ဆယ်ယောက်စီ ဆယ် ယောက်စီပေါက်ဖွားလာပြန်တော့ မြေးလေးရာရှိတယ်။ မြေးတွေ ကနေ တစ်ဆင့် ဆက်လက် ဆယ်ယောက်စီ ဆက်လက်ပေါက် ဖွားလာမှုကြောင့် မြစ်ရှစ်ထောင် ရှိလာပြန်တယ်တဲ့။ အဲဒီလိုနဲ့ ဝိသာခါဟာ သားသမီး မြေးမြစ်များစွာနဲ့ နေထိုင်လာခဲ့တာ အသက် (၁၂၀) အထိ ရှည်လျားခဲ့ပါတယ်။ ဝိသာခါလိုပဲ အသက် ရှည်တဲ့ပုဂ္ဂိုလ်တွေ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ဖော်ပြထားတာတွေ ကတော့–

အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ ပေါက္ခရသာတိ

ပုဏ္ဏား၊ ဗာဝရီပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏားတို့ဟာလည်း အသက် (၁၂၀)အထိ ရှည်လျားခဲ့ကြပါတယ်။

အရှင်အနုရုဒ္ဓါကတော့ အသက် (၁၅၀) အထိ ရှည်လျားတယ်။ အရှင်ဗာကုလက သက်တော် (၁၆၀) အထိ ရှည်လျားပါတယ်။ အရှင်ဗာကုလဆိုတာကတော့ အရပ်ထဲမှာ ခေါ်ခေါ်နေကျတဲ့ ရှင်ဗာကူပေါ့။ ရန်ကုန်မြို့ကိုရောက်ရင် ရှင်ဗာကူဆေးခန်းဆိုတာ တွေ့ရလိမ့်မယ်။ ဒီဆေးခန်းရောက်လာတဲ့သူတွေ ရောဂါကင်းရှင်းရအောင် အသက်ရှည်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအမည်ကို ပေးထားကြတာပါ။ အဲဒီဆေးခန်းမှာ လာရောက်ကုသပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားကြတဲ့လူတွေလည်း ရှိတာပါပဲ။ အမည် ပညတ်ဆိုတာ ခေါ်ဝေါ်ရုံမျှပါပဲ။

**မဟာကပ် ထေရ်မြတ်ကယ် အာနန္ဒာ၊ ပေါက္ခရသာတိနှင့် ဗာဝရီဗြဟ္မာယုကယ်ပြင်၊ ဆင်းနုပျို တစ်ဂုဏ်သွင်းပါရ၊ မင်းဝိသာခါ၊ ခြောက်ယောက်မှာ တစ်ရာကနှစ်ဆယ်စွန်း၊ နုရုဒ္ဓါထေရ်မြတ် ဗာကုလာတို့၊ တစ်ရာမှာ ငါးဆယ်လျှောက်သည့်ပြင်၊ ခြောက်ဆယ်တိုင် သက်ရှည်မြင့်တယ်လို့ ကျမ်းအဋ္ဌကထာ တိအင်္ဂုတ်မှာ မိန့်ထုတ်ဖွင့်ညွှန်း**

ဝိသာခါဟာ သားသမီးမြေးမြစ်တွေနဲ့ အတူတူ ဘုရားကျောင်းကန် စသည်တို့ကို သွားလို့ရှိရင် ဝိသာခါဆိုတာ ဘယ်

သူလဲလို့ မေးယူရပါတယ်။ အသက်ကြီးပင်ကြီးသော်လည်း သူ့ပုံသဏ္ဌာန်ဟာ (၁၆) နှစ်သမီးအရွယ်လို နုနယ်ပျိုမျစ်နေပါတယ်။ ဝိသာခါလမ်းသွားနေရင် မြင်ရတဲ့သူတွေဟာ "အရှင်မဝိသာခါ ဆက်ပြီးတော့သွားဦး၊ အရှင်မဝိသာခါ သွားနေတာကြည့်ကောင်းလို့ပါ"လို့ ပြောကြပါတယ်။ ထိုင်နေစဉ် မြင်ရတဲ့သူတွေကလည်း "အရှင်မဝိသာခါ ထိုင်နေပါဦး၊ မထပါနဲ့၊ အရှင်မထိုင်နေတာ ကြည့်ကောင်းလို့ပါ" လို့ ပြောကြပါတယ်။ မတ်တတ်ရပ်နေစဉ် မြင်တွေ့ရတဲ့သူတွေကလည်း "အရှင်မဝိသာခါ မတ်တတ်ပဲရပ်နေပါ၊ မထိုင်ပါနဲ့ဦး၊ အရှင်မရပ်နေတာ ကြည့်ကောင်းလို့ပါ" လို့ ပြောကြပြန်တယ်။ လျောင်းနေစဉ်မှာ မြင်တွေ့ရတဲ့သူတွေလည်း "အရှင်မဝိသာခါ လျောင်းပြီးတော့ပဲ နေပါ၊ လျောင်းနေတာ ကြည့်ကောင်းလွန်းလို့ပါ"လို့ ပြောကြပြန်တယ်။ လျောင်းထိုင်ရပ်သွား ဣရိယာပုထ်လေးပါးလုံးမှာ ကြည့်ရှုရတာ အဆင်ပြေလှပါတယ်။ ဆင်ပြောင်ငါးစီးလောက် အားမာန်လည်းကြီးမားပါတယ်။ ဒီလောက်တောင် အားကောင်းနေရင် ဝိသာခါဟာ လူကောင်အကြီးကြီး ကြောက်စရာကြီးပဲလို့ မထင်လိုက်ကြပါနဲ့။ ခန္ဓာကိုယ်ဟာ ကြည့်ကောင်းရှုကောင်းတဲ့အနေအထားပါပဲ။ အားမာန်ကြီးတာကတော့ သူ့ကုသိုလ်ကံကြောင့်ပါ။

တစ်နေ့မှာတော့ ရှင်ဘုရင်ဟာ ဝိသာခါရဲ့အားမာန်ကို စမ်းချင်တဲ့အတွက်ကြောင့် ကျောင်းတော်ကနေ တရားနာပြီး

ပြန်လာတဲ့ ဝိသာခါဆီကို ဆင်ကြီးချွန်းနှက်ပြီး လွှတ်ပေးလိုက်ပါတယ်။ ဆင်ကြီးဟာ နှာမောင်းထောင်ပြီး ပြေးလာနေပါတယ်။ ဝိသာခါရဲ့အခြွေအရံ အမျိုးသမီးအချို့ဟာ ကြောက်လန့်ပြီး ထွက်ပြေးကြပါတယ်။ ဘာကြောင့်ထွက်ပြေးတာလဲလို့ မေးပြီး အကြောင်းမှန်ကို သိရတဲ့အခါ ဝိသာခါက ဘာမှ မကြောက်ကြနဲ့ဆိုပြီး အနားရောက်လာတဲ့ဆင်ကို တအားကုန်ဖိပြီး တွန်းလိုက်ရင် သေသွားမှာ ကျိုးပဲ့သွားမှာစိုးလို့ လက်ညှိုး လက်ခလယ် နှစ်ချောင်းနဲ့ နှာမောင်းကို ဖမ်းညှပ်ပြီး တွန်းလိုက်တာ ဆင်ကြီးဟာ မင်းရင်ပြင်မှာ ဆောင့်ကြောင့်ထိုင်ရက် လဲကျသွားပါတယ်။ မြင်လိုက်ရတဲ့ပရိသတ်ဟာ ကောင်းချီးသြဘာ ပေးကြပါတယ်။ ဝိသာခါကျောင်းအမကြီးဟာ အသက်ထင်ရှားရှိစဉ် ကုသိုလ် အစုမြတ်ကောင်းမှုတွေကို ဆည်းပူးပြုလုပ်ခဲ့တဲ့အတွက်ကြောင့် သေပြီးနောက်ဘဝမှာ နိမ္မာနရတိနတ်ဘုံမှာ တည်ရှိနေပါတယ်။

အဲဒီ နိမ္မာနရတိနတ်ဘုံမှာ နတ်စည်းစိမ်ကို ခံစားပြီးနောက် အနာဂါမ်ဖြစ်ပါလိမ့်မယ်။ အဲဒီနတ်ဘုံကနေ စုတေသေလွန်ပြီးတဲ့အခါ–

- အဝိဟာ ဗြဟ္မာဘုံမှာ ကမ္ဘာတစ်ထောင်၊
- အတပ္ပါ ဗြဟ္မာဘုံမှာ ကမ္ဘာနှစ်ထောင်၊
- သုဒဿာ ဗြဟ္မာဘုံမှာ ကမ္ဘာလေးထောင်၊
- သုဒဿီ ဗြဟ္မာဘုံမှာ ကမ္ဘာရှစ်ထောင်၊
- အကနိဋ္ဌ ဗြဟ္မာဘုံမှာ ကမ္ဘာတစ်သောင်းခြောက်ထောင်

စုစုပေါင်း ကမ္ဘာသုံးသောင်းတစ်ထောင်ပတ်လုံး ဗြဟ္မာ့ ဗည်းစိမ်ကို ခံစားရမှာဖြစ်ပါတယ်။ အကနိဋ္ဌ ဗြဟ္မာ့ဘုံရောက် မှပဲ ရဟန္တာဖြစ်မှာပါ။ ဒါကြောင့် ဝိသာခါကို ဘုံစဉ်စံအရိယာ လို့ ခေါ်ပါတယ်။ ဝဋ္ဋာဘိရတ (ဝဋ်ထဲမှာ ပျော်မွေ့သူ) လို့လည်း ခေါ်ပါတယ်။ သိကြားမင်းရယ်၊ အနာထပိဏ်သူဌေးရယ်၊ ဝိသာ ခါရယ် အဲဒီပုဂ္ဂိုလ်သုံးဦးဟာ ဝဋ်ထဲမှာ ပျော်မွေ့နေတဲ့ သူတွေ ပါပဲ။



# ပတ္ထနာနှင့် နိဂုံး

ဝိသာခါဟာ မိမိကိုယ်တိုင်လည်း ရှေးဦးစွာ သူတော်ကောင်းလမ်းစဉ်မှာ ရပ်တည်ပြီး လမ်းမှားနေတဲ့ယောက္ခမများကိုလည်း တရားလမ်းစဉ်ပေါ်ရောက်အောင် လိမ္မာပါးနပ်စွာနဲ့ သိမ်းသွင်းစည်းရုံးပုံကို အတုယူအားကျဖို့ ကောင်းပါတယ်။ အခုခေတ်မှာ အချို့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသမီးများဟာ သူတော်ကောင်းအသိဉာဏ် မရှိသေးတာကြောင့် မိစ္ဆာဒိဋ္ဌိတွေက ရွှေငွေ ပစ္စည်းဥစ္စာ ရာထူးဌာနန္တရနဲ့ ဖြားယောင်းရာနောက်ကို ပါသွားကြတာလည်း ရှိနေကြပါတယ်။ အနှစ်အဆံကင်းမဲ့တဲ့ ကျူပြင်များဟာ လေယူရာယိမ်းပြီး လေသိမ်းတိုင်းနွဲ့တတ်သလိုပေါ့။ ဘာသာရေးအသိဉာဏ်ဆိုတဲ့ အနှစ်အဆံမရှိသူများဟာလည်း မိစ္ဆာဒိဋ္ဌိ လေမုန်တိုင်းရဲ့ တိုက်လွှင့်ရာနောက် ကောက်ကောက်ပါစမြဲပါ။

ဒါကြောင့် အခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ဟာ ဝိသာခါကို အတုယူအားကျပြီး ကိုယ်တိုင်လည်း သူတော်ကောင်းတရားတွေကို လက်တွေ့ကျကျ ကျင့်သုံးပြီး မိမိရဲ့ပတ်ဝန်းကျင်မှာလည်း သူတော်ကောင်းအသိစိတ်ဓာတ်တွေ ကိန်းအောင်းနေအောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေကြောင်း ပတ္ထနာပြုရင်း တရားတော်ကို နိဂုံးချုပ်လိုက်ရပါတယ်။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**
**သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။**
**ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။**
**ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။**

**သဒ္ဓမ္မော** = ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဆိုတဲ့ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်သည်၊

**စိရံ** = အနှစ်ငါးထောင် များမြောင်ရှည်ကြာ အခါကာလပတ်လုံး၊

**တိဋ္ဌတု** = ဝိတဏ္ဍာဝါဒီ ရန်မသီဘဲ လျှံခြည်ဝေရွှန်း နေစကြဝန်းသို့ တည်ထွန်းတောက်ပပါစေသတည်း။

**သဗ္ဗေပိ** = တစ်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော၊

| | | |
|---|---|---|
| **သတ္တာ** | = | လူနတ်ဗြဟ္မာ သတ္တဝါတို့သည် |
| **ဓမ္မေ** | = | ရှင်စောဘုရား ဟောကြားမြွက်ဖော် တရားတော်၌၊ |
| **သဂါရဝါ ဟောန္တု** | = | နှစ်နှစ်ကာကာ ယုံကြည်စွာဖြင့် ပညာဆိမ်းထွန်းညှိသီး၍ ကျောက်ထီးအတူ အလေးမူနိုင်ကြပါစေကုန်သတည်း။ |
| **ဒေဝေါ** | = | လူသူအပေါင်း ပွားစီးညောင်းအောင် ကြောင်းရင်းမှန်တုံ၊ ကျေးဇူးပုံသား၊ ပဇ္ဇုန်ခေါ်လျှင်း မိုးနတ်မင်းသည်၊ |
| **ကာလေန** | = | ရွာချိန်သင့်ရာ ညဥ့်အခါ၌(ဝါ) မြေညံ့ရာအရပ်၌ ငါးရက်တစ်ကြိမ်၊ မြေအလတ်စားအရပ်၌ ဆယ်ရက်တစ်ကြိမ်၊ မြေကောင်းရာအရပ်၌ တစ်ဆယ့်ငါးရက် တစ်ပက္ခတစ်ကြိမ် ရွာချိန်သင့်ရာ ညဥ့်အခါ၌၊ |
| **သမ္မာပဝဿတု** | = | အရေထန်စွာ မြို့ပြည်ရွာတို့ သာယာတင့်မော စည်ပင်ပြောအောင် ဖြောဖြောဝှန်ဝှန် ရွာဖြိုးသွန်းပါစေသတည်း။ |

**သာဓု သာဓု သာဓု**

| | | |
|---|---|---|
| ပေါရာဏာ | = | ရှေး အထက်ထက်ကျော် အခါသော်က တောဇာထွန်းသစ် ဘုန်းရောင်လှစ်ကြကုန်သော၊ |
| သုရာဇာနော | = | မဟာသမ္မတ ဤသို့စသည့် ဘုရားအလောင်း ရှေးမင်းကောင်းတို့သည်၊ |
| ပဇံ | = | တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းကို၊ |
| ဓမ္မေန | = | ရာဇဓမ်တရား မင်းကျင့်တရားဖြင့် |
| ရက္ခိံသုယထာ | = | မိဘအရာ တည်နေကာဖြင့် ပြစ်ဆာမလိမ်း ရန်မာန်ငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ကုန်သကဲ့သို့။ |
| တထေဝ | = | ထိုဘုရားအလောင်း ရှေးမင်းကောင်းတို့အတူသာလျှင်၊ |
| ရာဇာ | = | နှလုံးဉာဏ်ရည် လက်ရုံးရည်ဖြင့် မြန်မာပြည်ထောင်စု စိုးမိုးပြသားသမ္မတိနတ် ဒို့မင်းမြတ်သည်၊ |
| ဣမံပဇံ | = | မေတ္တာချည်နှောင် ညီနှင့် နောင်ဟုပြည်ထောင်စုသား ဤလူများကို (ဝါ) ကယား၊ ကရင်၊ ကချင်၊ ရှမ်း၊ ချင်း၊ မွန်၊ ရခိုင်၊ မြန်မာဆိုတဲ့ ပြည်ထောင်စုသား တိုင်းရင်းသားတွေရဲ့ အပေါ်မှာ၊ |

| | | |
|---|---|---|
| **ခမ္မေန** | = | ရာဇဓမ်ဆယ်ပါး မင်းကျင့်တရားဖြင့်၊ |
| **အတ္တနော ပဇံ ဏ္ဍဝ** | = | ရင်မှာပေါက်ဖွား မိမိသားကဲ့သို့ |
| **ရက္ခတု** | = | မေတ္တာ ကရုဏာဖြန့်ချိကာဖြင့် သဒ္ဓါဆော်နှိုး ပြဟ္မစိုရ်မိုးကို ဇွေဖြိုးသွန်းကာ တိုင်းရပ်သာအောင် ပညာဝှန်ထောက် တံခွန်ဆောက်၍ စောင့်ရှောက် ချီးမြှင့်နိုင်ပါစေသတည်း။ |

**သာဓု သာဓု သာဓု**